# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**


မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက် ၂၀၂၀ ပြည့်နှစ်၊ မေ ၃ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၉)၊ အမှတ် (၂၁၃)

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က

# မြန်မာစာနှင့် ပါဠိစာတို့ကို အလေးထားသင်ယူခဲ့သည့် ဖခင်ဖြစ်သူနှင့် ရန်ကုန်တက္ကသိုလ်မှ မြန်မာစာဆရာကြီးတို့အကြောင်း ဂုဏ်ပြုရေးသား




နေပြည်တော် မေ ၂

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာစာနှင့် ပါဠိစာတို့ကို အလေးထားသင်ယူခဲ့သည့် ဖခင်ဖြစ်သူနှင့် ရန်ကုန်တက္ကသိုလ်မှ မြန်မာစာဆရာကြီးတို့အကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် အောက်ပါအတိုင်း ဂုဏ်ပြုရေးသားထားသည် –

မနေ့က iPad နဲ့ ပါဠိ နဲ့ တော်တော် ရုန်းကန်ခဲ့ရပါတယ်။ ဒီနေ့တော့ COVID အကြောင်းမဟုတ်တဲ့ ဖေဖေနဲ့ ပါဠိအကြောင်းလေးတစ်ခု ပြောပြချင်ပါတယ်။ စနေ၊ တနင်္ဂနွေ နည်းနည်းအနားယူတဲ့ သဘောပေါ့။

ဖေဖေနဲ့ ရန်ကုန်တက္ကသိုလ်ကို တစ်နှစ်ထဲမှာဝင်ခဲ့တဲ့ ဦးလေးကြီးတစ်ယောက်က ကျွန်မကို ပြောပြခဲ့တာပါ။ တက္ကသိုလ်ကျောင်းသား/သူ သစ်သစ်လွင်လွင်လေးတွေ ပထမဦးဆုံး မြန်မာစာအတန်းတက်ရတဲ့နေ့။ မြန်မာစာဆရာကြီးက အတန်းစစချင်း မြန်မာဗျည်းစဉ်၊ (က)ကြီးမှ (အ) အထိရေးဖို့ ကျောင်းသားတွေကို ပြောပါတယ်။

က၊ ခ၊ … စသဖြင့် ရေးပြီးကြတော့ ဆရာ့ကို သွားပြကြရတယ်။ ဆရာကြီးက အားလုံးကြည့်ပြီးတော့ "မောင်အောင်ဆန်းတစ်ယောက်ပဲ အစအဆုံး မှန်အောင်ရေးနိုင်တယ်" လို့ မှတ်ချက်ချပါတယ်တဲ့။

ကိုလိုနီခေတ်ပညာရေးစနစ်မှာ မြန်မာစာကို အလေးမထားပါ။ အဲ့ဒီခေတ်အခါ mission ကျောင်းထွက်တွေ၊ မြို့ကြီးကျောင်းထွက်တွေက "ဠ၊ ဋ၊ ဍ ၊ ဎ" တို့ကို မှန်မှန်မရေးနိုင်ခဲ့ကြဘူး။

(ဒီ iPad မှန်အောင်ရေးနိုင်၊ မရေးနိုင်လည်း မသေချာပါဘူး။) ဘုန်းတော်ကြီးကျောင်း၊ အမျိုးသားကျောင်းတို့မှာ ပညာသင်ခဲ့တဲ့ ဆယ်တန်းစာမေးပွဲကို မြန်မာစာ၊ ပါဠိစာ ဂုဏ်ထူးတို့နဲ့ အောင်ခဲ့တဲ့ ဖေဖေ တစ်ယောက်တည်းသာ မှန်အောင်ရေးနိုင်ခဲ့ပါတယ်။ ဠ၊ ဋ၊ ဍ၊ ဎ တွေနဲ့ ရင်းနှီးနေတယ်လေ။

ဆရာကြီးအမည်ကို ကျွန်မ မမေးမိခဲ့ပါ။ ပညာသင်ယူ၊ သင်ပေးရာမှာ အခြေခံခိုင်မြဲခြင်းရဲ့ တန်ဖိုးကို နားလည်ခဲ့တဲ့ ဆရာကြီးက ဘယ်သူများပါလိမ့်။ သိချင်လိုက်တာ။

**"ကိုလိုနီခေတ်ပညာရေးစနစ်မှာ မြန်မာစာကို အလေးမထားပါ။ အဲ့ဒီခေတ်အခါ mission ကျောင်းထွက်တွေ၊ မြို့ကြီးကျောင်းထွက်တွေက "ဠ၊ ဋ၊ ဍ ၊ ဎ" တို့ကို မှန်မှန်မရေးနိုင်ခဲ့ကြ"**

## ထိုင်းနိုင်ငံမှ မြန်မာလုပ်သားများ မြဝတီချစ်ကြည်ရေးအမှတ် (၂)တံတားမှ ဒုတိယနေ့ ၅၄ ဦး ဆက်လက်ဝင်ရောက်



မြဝတီ မေ ၂

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများအား မေ ၁ ရက်မှစပြီး လက်ခံခဲ့ရာ ဒုတိယနေ့အဖြစ် ယနေ့ မွန်းလွဲ ၁ နာရီခန့်မှစပြီး မြန်မာရွှေ့ပြောင်းလုပ်သား ၃၀ ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

"ယခင်ထက်တိုးပြီး လုပ်ထားတာက BCF ဇုန်ရဲ့ အပြင်ဘက်မှာ လူ ၇၀၀ နေရာယူနိုင်အောင် အမှတ်အသားလေးတွေ လုပ်ထားပါတယ်။ အဲ့ဒီမှာနေရာယူမယ့်သူတွေ နှာခေါင်းစည်းတွေ မပါရင်ပေးမယ်။ နောက်တစ်ခုက လက်ဆေးဖို့ ဘေစင်တွေ လုပ်ထားပေးပါတယ်။ အဓိကကတော့ သတ်မှတ်ထားတဲ့ ခြောက်ပေခြားဖို့နဲ့ နှာခေါင်းစည်းတပ်ဖို့၊ လက်ဆေးဖို့ ဖြစ်ပါတယ်"ဟု ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က ပြောသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးစောဘိုဘိုဝေမောင်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်လျက်ရှိကြောင်း သိရသည်။

"အခု နေရပ်ပြန်တွေထဲမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်က အားလုံးပါတယ်။ ကျွန်တော်ဆိုလည်း ရောဝတီတိုင်းသားပါပဲ။ အားလုံးက ကိုယ့်နိုင်ငံသားတွေပါပဲ။ ကိုယ့်ညီအစ်ကို မောင်နှမ ကိုယ့်အမျိုးတွေလို သဘောထားပြီး ကြိုဆိုနေပါတယ်"ဟု စေတနာ့ဝန်ထမ်း လာရောက်ဆောင်ရွက်သူ ကိုစအိုင်ခန့်က ပြောသည်။

အဆိုပါ ပြန်လည်ဝင်ရောက်လာသူများမှာ ကယားပြည်နယ် သုံးဦး၊ ကရင်ပြည်နယ် ၁၃ ဦး၊ မွန်ပြည်နယ် နှစ်ဦး၊ ပဲခူးတိုင်းဒေသကြီး ၂၆ ဦး၊ မကွေးတိုင်းဒေသကြီး ငါးဦး၊ မန္တလေးတိုင်းဒေသကြီး တစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး တစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး သုံးဦး စုစုပေါင်း ၅၄ ဦးရှိကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

# မှန်မှန်ကန်ကန် နားလည်သိမြင် တိတိကျကျလိုက်နာနေထိုင်

ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများ စတင်ဝင်ရောက်လာနေသည်။ ပြန်လာမည့်လူအရေအတွက်မှာ သောင်းဂဏန်းမှသည် သိန်းချီလိမ့်မည်ဟု ခန့်မှန်းထားသည်။ ကမ္ဘာတစ်ခွင် နိုင်ငံအသီးသီးတွင် ကူးစက်ပျံ့နှံ့နေသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိုင်းနိုင်ငံမှ စက်ရုံ အလုပ်ရုံများလည်း ရပ်နားကြရသည်တွင် ရွှေ့ပြောင်းအလုပ်သမား မြန်မာများလည်း မဖြစ်မနေ ပြန်ကြရခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုက လက်ရှိအနေအထားမှာ ခြေနိုင်လက်နိုင်ရှိနေသည်။ အခြေအနေဆိုးမဟုတ်။ ဓာတ်ခွဲအတည်ပြုလူနာ ၁၅၁ ဦး၊ ဆေးရုံမှ ဆင်းခွင့်ရသူ ၂၇ ဦး၊ ဓာတ်ခွဲနမူနာတွင် ရောဂါပိုးကင်းစင်လာသူ ၃၇ ဦးနှင့် ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ ခြောက်ဦးဆိုသည့် ကိန်းဂဏန်းများက အခြေအနေအကောင်းဘက်တွင် ရှိနေသည်ကို ပြနေသည်။ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ စသည့်အိမ်နီးချင်းနိုင်ငံများတွင် သွားရောက် အလုပ်လုပ်ကိုင်နေသူများ အလုံးအရင်းနှင့် ပြန်လည်ဝင်ရောက်လာသည့်အခါ ၎င်းတို့နှင့်အတူ ကိုဗစ် – ၁၉ ကူးစက်ခံထားရသူများလည်း အတိုင်းအတာတစ်ရပ်အထိ ပါဝင်လာနိုင်သည့်အတွက် စနစ်တကျ လက်ခံစောင့်ကြပ်ကြည့်ရှုကာ ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြန်လည်ဝင်ရောက်လာသူများ၏ ကျန်းမာရေးကို စစ်ဆေးခြင်း၊ အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်း၊ ၎င်းတို့နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်များသို့ ပို့ဆောင်ခြင်းတို့ကို စနစ်တကျဆောင်ရွက်သွားရန် ပြင်ဆင်ထားပြီးဖြစ်ကြောင်းလည်း သိရသည်။

ဂရုပြုရမည့်အချက်မှာ ပြည်သူများအတွင်း ကိုဗစ် – ၁၉ ရောဂါနှင့်စပ်လျဉ်း၍ သိနားလည်မှုအားနည်းနေခြင်း၊ မှန်မှန်ကန်ကန်မသိခြင်း၊ အချို့ပေါ့ဆစွာ ထင်မြင်ယူဆမှုများရှိနေခြင်းတို့ပင်ဖြစ်သည်။ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်က ၂၀၂၀ ပြည့်နှစ် မတ်လ ၃ ရက်မှ ၂၀ ရက်အထိ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့အတွင်း အသက် ၁၈ နှစ်နှင့်အထက် လူဦးရေ ၆၀၀ ခန့်ကို သုတေသနပြု မေးမြန်းခဲ့ရာတွင် ၂၇ ရာခိုင်နှုန်းကသာ ကိုဗစ်-၁၉ ကို ဖြစ်စေသော အဓိကအကြောင်းရင်း(Causal agent) ကို မှန်ကန်စွာ ဖြေဆိုနိုင်ကြောင်း၊ လက်ကို မကြာခဏ ဆေးခြင်းသည် ရောဂါကူးစက်ခြင်းကို ကာကွယ်နိုင်သည်ဟု ဖြေဆိုသူ၏ ၅၅ ရာခိုင်နှုန်းကသာ သိရှိကြောင်း၊ လူထူထပ်သောနေရာများကို ရှောင်ကြဉ်ရမည်ဟု ၄၅ ရာခိုင်နှုန်းကသာ ဖြေဆိုကြောင်း၊ ရောဂါပိုးရှိသူများနှင့် နီးကပ်စွာနေထိုင်ခြင်းကို ရှောင်ကြဉ်ခြင်းသည် ရောဂါကူးစက်ခြင်းကို ကာကွယ်နိုင်သည်ဟု ၁၃ ရာခိုင်နှုန်းကသာ သိနားလည်ကြောင်း တွေ့ရှိခဲ့ရသည်ဟု စစ်တမ်းတွင် ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ ရောဂါသည် လက်ရှိအချိန်ထိ ကာကွယ်ဆေး၊ ကုသဆေး မဖော်ထုတ်နိုင်သေးသည့် ရောဂါဖြစ်သည်။ မဖြစ်မီကကြိုတင်ကာကွယ်ခြင်းသည်သာ အကောင်းဆုံးဖြစ်သည့် အလျောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အကြံပြုချက်များအတိုင်း လိုက်နာနေထိုင်ကြရန် လိုအပ်သည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်ရန်အတွက် လူအများနှင့် ထိတွေ့မှုကို တတ်နိုင်သမျှ လျှော့ချဖို့က အဓိကဖြစ်ကြောင်း အသိပေးထားသည့်အတိုင်း မိမိတို့၏နေ့စဉ်ဘဝ အိမ်မှာ၊ ဈေးမှာ၊ အလုပ်ခွင်မှာ စသည့် နေရာများမှာ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေကြရမည်ဖြစ်သည်။ လက်ကို မကြာခဏ နည်းစနစ်မှန်ကန်စွာ ဆေးကြောခြင်း၊ ပြင်ပသို့သွားတိုင်း ပါးစပ်နှာခေါင်းစည်း mask တပ်ဆင်သွားခြင်း စသည့် အရိုးရှင်းဆုံး နည်းလမ်းလေးများကို သေချာစွာ လိုက်နာကြခြင်းအားဖြင့် ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ပြီး ပုံမှန်နေ့စဉ်ဘဝများကို လျင်လျင်မြန်မြန် ပြန်လည်ရရှိလာနိုင်မည် ဖြစ်ပါကြောင်း ။ ။

## Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် –

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 034 109 034 0232 8301 |
| ( ဂ ) | ရောဝတီဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

## အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးဗဟိုဌာန၏ အမှုဆောင်ညွှန်ကြားရေးမှူးရာထူးနေရာအတွက် လျှောက်လွှာခေါ်ယူ

**နေပြည်တော် မေ ၁**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့အခြေစိုက် အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး ဗဟိုဌာန (ASEAN Institute for Peace and Reconciliation– ASEAN IPR) တွင် အမှုဆောင်ညွှန်ကြားရေးမှူးရာထူးနေရာအတွက် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၉ ရက်မှ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၈ ရက်အထိ (၃)နှစ် သက်တမ်းတာဝန်ထမ်းဆောင်ရန် အဆိုပြုလျှောက်လွှာများ ခေါ်ယူလျက်ရှိသည်။

လုပ်ငန်းတာဝန်နှင့် သတ်မှတ်အရည်အချင်းများအပါအဝင် အသေးစိတ်အချက်အလက်များကို အာဆီယံ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး ဗဟိုဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့၏ website များဖြစ်သည့် https://asean-aipr.org/ resources/ vacancy-executive- director/ နှင့် https://asean.org/ opportunities/ vacancies-asec/ တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင် ထားဝယ်ခရိုင်အတွင်း ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**ထားဝယ် မေ ၂**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ထားဝယ်ခရိုင်အတွင်း ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးဆောင်ရွက်သူများအတွက် ထောက်ပံ့ငွေ ပေးအပ်စဉ်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်နှင့် တာဝန်ရှိသူများက ထားဝယ်ခရိုင် ရေဖြူမြို့နယ် မလွှဲတောင်ဂိတ်နှင့် ထားဝယ်မြို့နယ် မေတ္တာမြို့ မေတ္တာဂိတ်များတွင် ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးခဲ့ပြီး မလွှဲတောင်ဂိတ်နှင့် မေတ္တာဂိတ်များတွင် ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်နေသော ဝန်ထမ်းများအတွက် စားသောက်ကုန်များ၊ စရိတ်ထောက်ပံ့ငွေနှင့် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်၍ အားပေးစကားပြောကြားပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားခန်းမ၌ ကရင်ပြည်နယ်မှ ပြန်လည်ရောက်ရှိလာမည့် နေရပ်ပြန်များအား သက်ဆိုင်ရာမြို့နယ် ကန့်သတ်စောင့်ကြည့်နေရာများသို့ မပို့ဆောင်မီ ယာယီထားရှိနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **ထားဝယ်(ခရိုင်ပြန်/ဆက်)**

# ပြည်သူသာလျှင် အဓိက

## ထိုင်းနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ပြန်လည်ဝင်ရောက်လာမည့် မြန်မာနိုင်ငံသားများကို စနစ်တကျ ပြန်လည်လက်ခံနိုင်ရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် Video Conferencing ဖြင့် ဆွေးနွေးညှိနှိုင်း

**နေပြည်တော် မေ ၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယမန်နေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ လူမှုရေးဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကိုဗစ်-၁၉ ရောဂါ ကုသမှုပေးနေသော ပါမောက္ခများနှင့် Video Conferencing ပြုလုပ်ပြီး ထိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ပြန်လည်ဝင်ရောက်လာမည့် မြန်မာနိုင်ငံသားများကို စနစ်တကျ ပြန်လည်လက်ခံနိုင်ရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်သည်။

### စနစ်တကျ ပြန်လည်လက်ခံ

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့အနေဖြင့် ယခုအချိန်ကာလတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုကို အတိုင်းအတာတစ်ခုအထိ ကာကွယ်ထိန်းချုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ရာတွင် မကြာမီအချိန်အတွင်း ထိုင်းနိုင်ငံတွင် အလုပ်လုပ်နေသော မြန်မာနိုင်ငံသားများ အလုံးအရင်းဖြင့် ပြန်လည်ဝင်ရောက်လာမည့် အခြေအနေကို စနစ်တကျ ပြန်လည်လက်ခံပြီး ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စီမံချက်များ ရေးဆွဲ၍ သက်ဆိုင်ရာ နီးနွယ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ပြန်လည်ဝင်ရောက်လာသူများ၏ ကျန်းမာရေးအခြေအနေကို စစ်ဆေးခြင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ စနစ်တကျ သယ်ယူပို့ဆောင်ခြင်း၊ သတ်မှတ်နေရာ အဆောက်အဦများတွင် အသွားအလာ ကန့်သတ်ကာ စောင့်ကြပ်ကြည့်ရှုခြင်းတို့ကို ယခုလောလောဆယ် ဆောင်ရွက်လျက်ရှိသည်ထက် ပိုမိုစနစ်တကျ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လူမှုရေးဝန်ကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးဌာနမှူးများအနေဖြင့် မိမိတို့ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီစဉ်ထားရှိသည့် အသွားအလာကန့်သတ်ကာ စောင့်ကြည့်မည့် သတ်မှတ်နေရာ အဆောက်အဦအရေအတွက်၊ ထားရှိနိုင်မည့် လူဦးရေနှင့် ပြန်လည်ဝင်ရောက်လာသူများကို စနစ်တကျလက်ခံ စောင့်ကြပ်ကြည့်ရှုရေး ဝိုင်းဝန်းဆွေးနွေး အကြံပြုတင်ပြပေးစေလိုပါကြောင်း။

### ရောဂါမကူးစက်စေရန် လိုက်နာ

ယခုအချိန်၌ မြန်မာနိုင်ငံတွင် (၅၈ ရာခိုင်နှုန်း)သော ရောဂါပိုးတွေ့ရှိသူများသည် ရောဂါလက္ခဏာများ ပြသမှုမရှိသူများဖြစ်သည်ဆိုသည့် အချက်ကို သိရှိဂရုပြုရန် လိုအပ်ပါကြောင်း၊ အဆိုပါ အကြောင်းအချက်ကြောင့် အသွားအလာ ကန့်သတ်ကာ စောင့်ကြပ်ကြည့်ရှုခြင်းခံရသူများနှင့် ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ဆောင်ရန်ရှောင်ရန်များကို သေချာစွာ လိုက်နာမှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့သည် ယခုအချိန်၌ အားစိုက်ကြိုးပမ်းလုပ်ဆောင်လျှင် လုပ်ဆောင်သလောက် လာမည့်ကာလများ၌ လုပ်ကိုင်ဆောင်ရွက်ရမှုများ အတိုင်းအတာတစ်ခုအထိ နည်းပါးသွားမည့်အပြင် ပြည်သူများအနေဖြင့်လည်း ရောဂါကူးစက်ခံရမှုနှင့် သေဆုံးမှု နည်းပါးသွားမည်ဖြစ်ပါကြောင်း၊ မြဝတီမြို့မှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် အသီးသီးသို့ ပြန်လည်ပို့ဆောင်စဉ် လမ်းခရီး၌ ရောဂါမကူးစက်စေရန် လိုက်နာရမည့် စည်းကမ်းများကို ချမှတ်၍ ကြီးကြပ်ဆောင်ရွက်သွားရန် အလွန်အရေးကြီးပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးဌာနမှူးများအနေဖြင့် မိမိတို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ ခြုံငုံသုံးသပ်ချက်နှင့် ဆောင်ရွက်နေမှုများကို နေ့စဉ်ဖော်ပြပေးလျက်ရှိပြီး အဆိုပါ သတင်းအချက်အလက်များကို ပုံမှန်ဖတ်ရှုလေ့လာခြင်းဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝန်ကြီးဌာနမှ ဆောင်ရွက်နေမှုများကို သိရှိနိုင်ပြီး မိမိတို့ဒေသတွင် မည်ကဲ့သို့ ဆောင်ရွက်သင့်သည်ကို သိရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ထိုင်းနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ပြန်လည်ဝင်ရောက်လာမည့် မြန်မာနိုင်ငံသားများအား စနစ်တကျ ပြန်လည်လက်ခံနိုင်ရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် Video Conferencing ဖြင့် ဆွေးနွေးညှိနှိုင်းစဉ်။ သတင်းစဉ်

### လိုအပ်ချက်နှင့် အခက်အခဲများတင်ပြ

ယင်းနောက် ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးစောဘိုဘိုဝေမောင်၊ မွန်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းနှင့် တနင်္သာရီတိုင်းဒေသကြီး၊ လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်တို့က သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့် မြန်မာနိုင်ငံသားများကို စနစ်တကျ ပြန်လည်လက်ခံနိုင်ရန် စီစဉ်ထားရှိမှု၊ အသွားအလာကန့်သတ်ကာ စောင့်ကြပ်ကြည့်ရှုမည့် သတ်မှတ်နေရာ အဆောက်အဦအရေအတွက်၊ လက်ခံထားရှိနိုင်သည့် လူဦးရေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့နယ်များသို့ ပြန်လည်လွှဲပြောင်းပေးရန် သို့မဟုတ် လက်ခံရန် သယ်ယူပို့ဆောင်မည့် မော်တော်ယာဉ်များ စီစဉ်ထားရှိမှု၊ နေ့စဉ် ဝင်ရောက်လာမည့် ခန့်မှန်းလူဦးရေ၊ ကော်မတီနှင့် ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နေမှု၊ အခြားလိုအပ်ချက်နှင့် အခက်အခဲများကို တင်ပြဆွေးနွေးကြသည်။

### ဆွေးနွေးတင်ပြ

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးများက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်း၍ ထိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ပြန်လည်ဝင်ရောက်လာမည့်သူများကို စနစ်တကျလက်ခံခြင်း၊ ရောဂါကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများဆောင်ရွက်ရန် စီစဉ်ထားရှိမှုနှင့် လက်ရှိဆောင်ရွက်နေမှုအခြေအနေ၊ နယ်စပ်ဂိတ်များတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအတွက် Thermal Scanner များ တပ်ဆင်ထားရှိမှုအခြေအနေ၊ အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုရန် သတ်မှတ်နေရာအဆောက်အဦများ ပြင်ဆင်ထားရှိမှုနှင့် လက်ရှိဆောင်ရွက်နေမှုအခြေအနေများ၊ စောင့်ကြည့်လူနာနှင့် သတ်မှတ်နေရာအဆောက်အဦများတွင် ထားရှိသူများထံမှ ဓာတ်ခွဲနမူနာများ ရယူကာ ပေးပို့စစ်ဆေးနေမှုအခြေအနေ၊ ဖျားနာသူများကို သီးသန့်ကြည့်ရှုကုသပေးမည့် ဆေးခန်း(Fever Clinic)များ စနစ်တကျဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ထားရှိမှုများနှင့် အခြားအထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

အဆိုပါ ဆွေးနွေးညှိနှိုင်းပွဲ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်နှင့် ဇဟိုမှ တာဝန်ရှိသူအသီးသီးကလည်း ဆွေးနွေးရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## လားရှိုးမြို့နယ်၌ ရေဂါလန် လေးသိန်းဆံ့ ကျောက်ရိုးစီ ရေတားတမံတည်ဆောက်


**လားရှိုး မေ ၂**

ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့နယ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မယ်ဟန်ကျေးရွာ ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ကျောက်ရိုးစီရေတားတမံလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

အဆိုပါကျေးရွာတွင် သောက်သုံးရေရရှိရေး လုပ်ငန်းအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၁ ဒသမ ၄၂ သန်းဖြင့် အလျား ပေ ၈၀၊ အနံ ၂၂ ပေ၊ အမြင့် ၁၀ ပေရှိ ရေဂါလန် လေးသိန်းဆံ့ ကျောက်ရိုးစီရေတားတမံ တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးပါက အဆိုပါကျေးရွာရှိ အိမ်ခြေ ၅၃၅ အိမ်မှ လူဦးရေ ၃၅၃၆ ဦးတို့၏ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်လွင်ထံမှ သိရသည်။

“ကျွန်တော်တို့ ဌာနအနေဖြင့် လားရှိုးမြို့နယ်အတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မယ်ဟန်ကျေးရွာအပါအဝင် ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ဖို့အတွက် ကျေးရွာ ၁၆ ရွာတွင် စက်ရေတွင်း တူးဖော်ခြင်းနဲ့ ဆက်စပ်လုပ်ငန်း ၁၀ ခု၊ စိမ့်စမ်းရေသွယ်ယူခြင်းနဲ့ ဆက်စပ်လုပ်ငန်း ငါးခု၊ အခြားရေရရှိရေးလုပ်ငန်း တစ်ခု စုစုပေါင်းလုပ်ငန်း ၁၆ ခုကို ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၈၀ ကျော်ဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီတွေက တာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်”ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ပြောသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**





ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဧရာဝတီတိုင်းဒေသကြီး ရန်ကုန်-ပုသိမ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပုသိမ်တံတားအမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို Video Conferencing စနစ်ဖြင့်ချိတ်ဆက်၍ ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဧရာဝတီတိုင်းဒေသကြီး ရန်ကုန်-ပုသိမ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပုသိမ်တံတားအမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို Video Conferencing စနစ်ဖြင့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယနေ့ မွန်းလွဲပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ချိတ်ဆက်၍ ကိုဗစ်-၁၉ ကာလအတွင်း ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများ၊ မုန်တိုင်းသတင်း သတိပေးသည့်အတွက် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေသည့် လုပ်ငန်းများကို Video ဖြင့် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးရန်နိုင်ဇော်က ရန်ကုန်-ပုသိမ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း စီမံချက်နှင့် လက်ရှိ ကိုဗစ်-၁၉ ကာလအတွင်း ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်နေဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ လမ်းဘေးဝဲ/ ယာတွင် မိုးရာသီကာလ လမ်းသားတာပေါင် မြေပြိုမှုမရှိစေရေး Sheet Pile ရိုက်ပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း ၊ လမ်းဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးကျော်နိုင်က ရန်ကုန်-ပုသိမ်လမ်း (ရန်ကုန်တိုင်းဒေသကြီးအပိုင်း)လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရန်ကုန်-ပုသိမ်လမ်း (ဧရာဝတီတိုင်းဒေသကြီးအပိုင်း)ကို အထူးအဖွဲ့ သုံးဖွဲ့ ၊ ခရိုင်အဖွဲ့ နှစ်ဖွဲ့တို့ဖြင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် (ရန်ကုန်တိုင်းဒေသကြီးအပိုင်း) တို့ကို Video ဖြင့်ပြသမှုအား ကြည့်ရှုစစ်ဆေးသည်။

### အမိန့်နှင့် ညွှန်ကြားချက်များလိုက်နာ

ယင်းနောက် တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရန်ကုန်-ပုသိမ်လမ်း လုပ်ငန်းများပြီးစီးမှုနှင့် ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို တွေ့မြင်ရသည့်အတွက် အထူးဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ ရန်ကုန်-ပုသိမ်လမ်းမကြီးသည် ပြည်သူများသွားလာရေး လွယ်ကူအဆင်ပြေစေရန်နှင့် ကုန်စည်စီးဆင်းမှုအတွက် အဓိကကျသည့် လမ်းတစ်လမ်း ဖြစ်ပါကြောင်း၊ လုပ်ငန်းများ သတ်မှတ်အချိန်မီ ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် လိုပါကြောင်း၊ စံချိန်စံညွှန်း အရည်အသွေးကောင်းဖို့လည်း လိုအပ်ပါကြောင်း၊ မုန်တိုင်းသတင်းသတိပေးထားသည့်အတွက် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပြင်ဆင်ထားဖို့လိုအပ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း မိမိတို့စီမံကိန်းလုပ်ငန်းများ သတ်မှတ်အချိန်မီ ပြီးစီးရေးအတွက် စီမံချက်ချမှတ် ဆောင်ရွက်နေသကဲ့သို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ၊ ကုသရေးနှင့် ပတ်သက်၍ ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များကိုလည်း အထူးအလေးထား လိုက်နာဖို့လိုအပ်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်နေစဉ် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်ရန်တို့ကို မှာကြားသည်။

### မေလအကုန်ပြီးစီးရန် လျာထား

ရန်ကုန်-ပုသိမ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွင် ရန်ကုန်တိုင်းဒေသကြီးအပိုင်းမှ ၅ မိုင် ၄ ဖာလုံမှ ၁၇ မိုင် ၄ ဖာလုံထိ (၁၂)မိုင်အား ၄၈ ပေ အကျယ် ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်းဆောင်ရွက်ရာမှာ ၈၀ ဒသမ ၅ ရာခိုင်နှုန်းပြီးစီးနေပြီး ဧရာဝတီတိုင်းဒေသကြီးအပိုင်းမှာ ၁၇ မိုင် ၄ ဖာလုံမှ ၄၁ မိုင် ၄ ဖာလုံအထိ (၂၄) မိုင်အား ပေ ၃၀ အကျယ် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ (၈၃) ရာခိုင်နှုန်းပြီးစီးကာ စုစုပေါင်း ၃၆ မိုင်အား ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို မေလအကုန်ပြီးစီးရန် လျာထားကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၁၆)မှ ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်သစ်သစ်အောင်က ပုသိမ်တံတားအမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ၊ ရေလယ်သံပေါင်ခုံးများ တပ်ဆင်နေမှု၊ ကိုဗစ်-၁၉ ကာလအတွင်း လုပ်ငန်းများ သတ်မှတ်အချိန်မီ ပြီးစီးရေး ဆောင်ရွက်ချက်များ၊ စီမံကိန်းဝန်ထမ်းများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူတို့သည် ပုသိမ်တံတားအမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ဗီဒီယိုဖြင့် ပြသမှုအား ကြည့်ရှုစစ်ဆေးသည်။

### လိုက်နာဆောင်ရွက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယခုအချိန် ကိုဗစ်-၁၉ ကာလအတွင်း တံတားကြီး၏ လုပ်ငန်းတိုးတက်မှုတို့ကို တွေ့မြင်ရသည့်အတွက် အထူးဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ ဆက်လက်၍ လုပ်ငန်းများ သတ်မှတ်အချိန်မီ ပြီးစီးအောင် ကြိုးစားဆောင်ရွက်ရန် မှာကြားလိုကြောင်း ၊ ရေလယ်သံပေါင် တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေး အထူးဂရုပြု ဆောင်ရွက်ရန်လိုကြောင်း၊ မုန်တိုင်းသတင်း သတိပေးထားသည့်အတွက် လုပ်ငန်းခွင်အတွင်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရန် လိုပါကြောင်း၊ Coronavirus Disease 2019 (COVID–19) ကာကွယ် ၊ ထိန်းချုပ်ကုသရေးနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်နှင့် ပြည်သူများ၏လိုအပ်ချက်များကို တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယခုအခါ ပုသိမ်တံတားအမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းများ တံတားတစ်စင်းလုံး (၇၈ ရာခိုင်နှုန်း) ပြီးစီးလျက်ရှိပြီး လုပ်ငန်းများ သတ်မှတ်အချိန်မီ ပြီးစီးရေး စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

### တိုက်ရိုက်ဆက်သွယ်တည်ဆောက်ထား

ပုသိမ်တံတားအမှတ်(၂)သည် ငဝန်မြစ်ကိုဖြတ်ကျော်ကာ ပုသိမ်မြို့တွင်းနှင့် ငဝန်မြစ်အနောက်ဘက်ကမ်း စိန်ကုန်းလူနေရပ်ကွက်များကို တိုက်ရိုက်ဆက်သွယ် တည်ဆောက်ထားပြီး စုစုပေါင်း တံတားအရှည် ပေ ၂၃၈၀ ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ ၊ လူသွားလမ်းတစ်ဖက်လျှင် ငါးပေစီပါရှိကာ ရေလမ်းကင်းလွတ်အကျယ် ၄၁၆ ပေ၊ အမြင့်ပေ ၆၀ ရှိ၍ တံတားအမျိုးအစားမှာ သံမဏိသံပေါင်ခုံးတံတားဖြစ်ရာ တံတား၏ခံနိုင်ဝန်မှာ HS 25 Load Class ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘုတလင်မြို့နယ်တွင် ယခုနှစ်အတွင်း ကျေးရွာများအားလုံး လျှပ်စစ်မီးလင်းရေး ဆောင်ရွက်လျက်ရှိ

**ဘုတလင် မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ကျေးရွာများတွင် လျှပ်စစ်မီးရရှိရေးအတွက် ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လျက်ရှိရာ ယခု ၂၀၂၀ ပြည့်နှစ်အတွင်း မြို့နယ်အတွင်းရှိ ကျေးရွာများအားလုံး လျှပ်စစ်မီးလင်းရေး ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးလှဘော်စံထံမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ကျေးရွာပေါင်း ၁၈၈ ရွာရှိရာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ၆၈ ရွာ၊ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်သည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း NEP အစီအစဉ်ဖြင့် ၄၆ ရွာ၊ ကိုယ့်အားကိုယ်ကိုး အစီအစဉ်ဖြင့် ၄၆ ရွာ၊ စုစုပေါင်း ကျေးရွာ ၁၆၀ တွင် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်မီးရရှိနေပြီ ဖြစ်သည်။

“ဘုတလင် မြို့နယ်အတွင်းမှာ လျှပ်စစ်မီးလင်းဖို့ ကျေးရွာ ၂၈ ရွာပဲ ကျန်ရှိပါတယ်။ အဲဒီကျေးရွာတွေမှာလည်း တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ရှစ်ရွာ၊ NEP အစီအစဉ်နဲ့ ကျေးရွာ ၂၀ မီးလင်းရေး ဆောင်ရွက်နေပါတယ်။ တချို့ကျေးရွာတွေမှာ ရွာတွင်းလိုင်းတွေအထိ သွယ်တန်းပြီးပေမယ့် ကိုဗစ်-၁၉ ရောဂါကြောင့် မီတာတွေ မဝင်လာလို့ မီးလင်းဖို့ စောင့်နေရတာတွေလည်း ရှိပါတယ်။ ကျန်တဲ့ကျေးရွာတွေ မီးလင်းပြီဆိုရင် ယခုနှစ်အတွင်း မြို့နယ်အတွင်းက ကျေးရွာများအားလုံး လျှပ်စစ်မီးလင်းမှာ ဖြစ်ပါတယ်”ဟု မြို့နယ်လျှပ်စစ်အင်ဂျင်နီယာက ပြောသည်။



မီးလင်းရန် ကျန်ရှိသည့် ကျေးရွာ ၂၈ ရွာတွင် ၁၁ ကေဗွီ လျှပ်စစ်မီးလိုင်းများနှင့် ကျေးရွာတွင်း မီးလိုင်းများ သွယ်တန်းခြင်း၊ ထရန်စဖော်မာ တပ်ဆင် ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ဘုတလင်မြို့နယ်ရှိ ကျေးရွာ ၁၈၈ ရွာစာရင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ရုံးဝန်ကြီးဌာန၏ ကျေးရွာအမည်စာရင်းတို့တွင် မပါဝင်သေးသည့် ကျေးရွာသစ် ခုနစ်ရွာသာ လျှပ်စစ်မီးလင်းရန် ကျန်ရှိမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးခါး(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးဆက်လက်ထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# တစ်စိတ်တည်း တစ်ဝမ်းတည်းဖြစ်မှ တကယ့်သွေးရင်းတွေဖြစ်နိုင်



ကျွန်မတို့သွေးချင်းလို့ဆိုတဲ့အခါမှာ တူညီတဲ့သွေး၊ တူညီတဲ့သွေးဆိုတာ တကယ်တော့ ကျွန်မတို့ သွေးကြောတွေထဲမှာ စီးဆင်းနေတဲ့ သွေးတွေကိုပြောတာ မဟုတ်ပါဘူး။ ကျွန်မတို့စိတ်ထဲကနေ စီးဆင်းနေတဲ့သွေးကို ပြောတာပါ။ ဆိုလိုချင်တာဟာ စိတ်ထဲက သဘောချင်းဟာ တူညီမှ၊ ကျွန်မတို့ဟာ တစ်စိတ်တည်းတစ်ဝမ်းတည်းဖြစ်မှ တကယ့်သွေးရင်းတွေဖြစ်နိုင်မှာပါ။ အကြောထဲမှာ စီးဆင်းနေတဲ့ သွေးက ဘယ်လိုပဲတူတူ တစ်စိတ်တည်းတစ်ဝမ်းတည်းမဟုတ်ဘူးဆိုရင် ကျွန်မတို့ကို ကျွန်မတို့ သွေးချင်းလို့ခေါ်နိုင်မှာ မဟုတ်ပါဘူး။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင် ကျင်းပသော သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

◆ *ကျောဖုံးမှ*

ယနေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

အဆိုပါမြန်မာနိုင်ငံသား ၁၉၅ ဦး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးစိစစ်ခြင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည့် သတ်မှတ်ချက်များနှင့်အညီ ၎င်းတို့ဆန္ဒအလျောက် သီးခြားသတ်မှတ်ပေးထားသည့်နေရာ သို့မဟုတ် သတ်မှတ်ဟိုတယ်များ၌ ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဂျပန်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို တွေ့ရစဉ်။

❍ *ကျောဖုံးမှ*

အထောက်အကူပြုသင်တန်းတွေကို စဉ်ဆက်မပြတ် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်။ အခုချိန်မှာတော့ ကိုဗစ်-၁၉ ရောဂါကြောင့် အဆိုပါလုပ်ငန်းတွေကို ယာယီရပ်နားထားချိန်မှာ ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းတစ်ခုဖြစ်တဲ့ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်တာဖြစ်ပါတယ်။ ပြည်သူ့စာကြည့်တိုက်မှာလည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုတွေ မဖြစ်စေဖို့အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ စနစ်တကျစီစဉ်ဆောင်ရွက်ထားပါတယ်" ဟု ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဖြိုးအောင်က ပြောကြားသည်။

အဆိုပါ ဆေးဖျန်းခြင်းလုပ်ငန်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဆိုဒီယမ်ဟိုက်ပိုကလိုရိုက်ပါဝင်သော ပိုးသတ်ဆေးရည်ကို အငွေ့အဖြစ် ပြောင်းလဲပေးသည့် ပိုးသတ်ဆေးဖျန်းစက်ဖြင့် လူထုအခြေပြုဗဟိုဌာန ဒုတိယထပ်ရှိ သင်တန်းခန်းမနှင့် နည်းပြနားနေခန်း၊ ပထမထပ်ရှိ အစည်းအဝေးခန်းမနှင့် ကွန်ပျူတာသင်တန်းခန်းမ၊ မြေညီထပ်ရှိ ဘက်စုံသုံးခန်းမတို့ကို ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ဆက်လက်၍ ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ပြည်သူ့စာကြည့်တိုက်နှင့်ကလေးစာဖတ်ခန်း၊ အစည်းအဝေးခန်းမ၊ ရည်ညွှန်းစာဖတ်ခန်း၊ ပြတိုက်ငယ်နှင့် ရုံးခန်းများ၊ နယ်လှည့်စာကြည့်တိုက်ယာဉ်နှင့် စာအုပ်သိုလှောင်ခန်းတို့ကို ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## COVID-19 ရောဂါတုံ့ပြန်ဆောင်ရွက်ရာတွင် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့၏ စေတနာ့ဝန်ထမ်း(Volunteer)အစီအစဉ်တွင် ပါဝင်ဆောင်ရွက်လိုသူများသို့ အသိပေးနှိုးဆော်ခြင်း

COVID-19 ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်ရာတွင် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်မှာ ပြည်သူလူထု၏ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာအဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်းအစီအစဉ် (Community Based Facility Quarantine)ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

ရောဂါပိုးကူးစက်သူများနှင့် အနီးကပ်ထိတွေ့ခဲ့သူများ၊ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများသည် Community Based Facility Quarantine ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်တွင် ပါဝင်ရမည့်သူများ ဖြစ်ပါသည်။ မိမိတို့တွင် ရောဂါလက္ခဏာပြသခြင်း မရှိသော်လည်း ရောဂါပိုးကို သယ်ဆောင်သူဖြစ်နေနိုင်ခြင်းကြောင့် အခြားသူများသို့ ပြန့်ပွားခြင်း မရှိစေရန် ရောဂါပျိုးချိန် (၂၈) ရက်တာ ကာလအတွင်း စောင့်ကြည့်စောင့်ရှောက်မှုခံယူရခြင်း ဖြစ်ပါသည်။ ဤအစီအစဉ်တွင် ( ၂၁) ရက်ပြီးမြောက်ပါက မိမိ၏ နေအိမ်တွင် (၇) ရက်ထပ်မံ၍ Home Quarantine ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။

Community Based Facility Quarantine လုပ်ငန်းစဉ်အတွင်း ပါဝင်သူများအတွက် လိုအပ်သော စောင့်ရှောက်ကူညီမှုများကို စနစ်တကျ လေ့ကျင့်ထားသော စေတနာ့ဝန်ထမ်း(Volunteer)များက ပံ့ပိုးကူညီရမည် ဖြစ်ပါသည်။ အစီအစဉ်တွင် သတ်မှတ်လုပ်ငန်းစဉ်နှင့်သတ်မှတ်ကာလအရ ပါဝင်ဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းသည် မိမိဒေသရှိ Community Based Facility Quarantine Center တွင် လိုအပ်ချက်အလိုက်၊ မိမိပါဝင်ဆောင်ရွက်နိုင်သည့် အတိုင်းအတာအလိုက် အတွင်းစည်း (သို့မဟုတ်) အပြင်စည်းတွင် နေ့စဉ်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် သတ်မှတ်ကာလ (၂၁) ရက်ပြည့်အောင် ပါဝင်ကူညီဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ပြီး ထပ်မံ၍ (၇) ရက်ကို သတ်မှတ်ပေးထားသော နားနေရန်နေရာတွင် အနားယူအပန်းဖြေနေထိုင်ခြင်းပြုရမည်ဖြစ်ပြီး စုစုပေါင်း (၂၈) ရက်အပြည့် အနည်းဆုံး (၁)ကြိမ်ဆောင်ရွက်ရန် ဖြစ်သည်။ မိမိ၏ ဆန္ဒအရ တစ်ကြိမ်ထက်ပိုပြီး ဆက်လက်၍ ပါဝင်ဆောင်ရွက်နိုင်ပါသည်။

စေတနာ့ဝန်ထမ်း (Volunteer) အဖြစ် မိမိ၏အချိန်၊ လုပ်အား၊ ကျွမ်းကျင်မှု၊ အကြံဉာဏ် စသည်များကို အခကြေးငွေ မယူဘဲ ဤလုပ်ငန်းစဉ်တွင် သတ်မှတ်အချိန်ကာလအပြည့် မိမိတစ်ဦးချင်းအနေဖြင့် ဆန္ဒအရပါဝင်ရန် ကြိုဆိုဖိတ်ခေါ် အပ်ပါသည်။ လက်ရှိသက်ဆိုင်ရာ ဒေသအလိုက် Community Based Facility Quarantine Center များ၌ စေတနာ့ဝန်ထမ်း (Volunteer) များအဖြစ် ဆောင်ရွက်လျက်ရှိသူများကိုလည်း စာရင်းကောက်ယူမှတ်တမ်းတင်လျက်ရှိပါသည်။

ပါဝင်ဆောင်ရွက်ကြမည့် စေတနာ့ဝန်ထမ်းများအတွက် လိုအပ်သော သင်တန်းများပေးခြင်း၊ လုံခြုံရေးအကာအကွယ်များ ဆောင်ရွက်ပေးခြင်း၊ အနေအထိုင်၊ အစားအသောက်၊ အသွားအလာကိစ္စများအတွက် စနစ်တကျပံ့ပိုးကူညီခြင်း၊ လုံလောက်သောအနားယူ အပန်းဖြေမှုရရှိစေခြင်းနှင့် နိုင်ငံတော်က အသိအမှတ်ပြုခြင်းများ ဆောင်ရွက်ပေးလို၍ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ (National Volunteer Steering Unit)ကို ဖွဲ့စည်းဆောင်ရွက်ရခြင်း ဖြစ်ပါသည်။

ဤစေတနာ့ဝန်ထမ်း (Volunteer) အစီအစဉ်တွင် သတ်မှတ်လုပ်ငန်းစဉ်နှင့် သတ်မှတ်ကာလအတွင်း ပါဝင်လိုသူများအနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ Facebook စာမျက်နှာဖြစ်သော Ministry of Social Welfare, Relief and Resettlement Myanmar သို့ ဝင်ရောက်၍ သတ်မှတ်ထားသော Volunteer Registration ပုံစံကို ဖြည့်စွက်ပြီး (၅-၅-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီ နောက်ဆုံးထား စာရင်းပေးသွင်းကြရန် နှိုးဆော်အပ်ပါသည်။

တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ပြည်သူလူထုအတွက် ယခု COVID-19 ကာလအတွင်း ထိရောက်စွာ ကူညီပံ့ပိုးဆောင်ရွက်ပေးနေကြသော ပရဟိတအသင်းများ၊ ပရဟိတသမားများအားလုံးကိုလည်း အထူးကျေးဇူးတင် ဂုဏ်ယူပါသည်။ ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးကြရန်လည်း မေတ္တာရပ်ခံအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

### ခန္တီးသို့ လေကြောင်းခရီးဖြင့် ပြန်လာသူများကို ကျန်းမာရေးစစ်ဆေးဆောင်ရွက်

ခန္တီး မေ ၂

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့တွင် ယနေ့ နံနက်ပိုင်းကစကာ မန္တလေးလေဆိပ်မှ Air KBZ လေကြောင်းလိုင်းဖြင့် ခန္တီးသို့ လိုက်ပါလာသည့် ခရီးသည် ၄၉ ဦးကို လေဆိပ်အဝင်ဂိတ်တွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှမျိုး၊ ကျန်းမာရေးဝန်ထမ်းများနှင့် ကြက်ခြေနီအသင်းတို့ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့သည်။


အဆိုပါ ခရီးသည်များအနက် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် ခရီးသည် သုံးဦး၊ ခန္တီးမြို့နယ် နန်စီပွန်ဒေသတွင် တစ်ဦးတို့ကို ကန့်သတ်စောင့်ကြည့်ထားရှိပြီး ကျန်ခရီးသည်များကို ၎င်းတို့နေအိမ်များတွင်သာ သီးသန့်ထားရှိ စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။

**စနေမောင်(ခန္တီး)**

# အသိဉာဏ်တု

## နေလင်းဦး

**လူ့သမိုင်းဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုဟာ အသိပညာကြောင့်လို့ ဆိုရမှာဖြစ်ပါတယ်။ အသိပညာတစ်ဆင့်မြင့်လာတာနဲ့အမျှ လူ့ယဉ်ကျေးမှုလည်း တစ်ဆင့်ခုန်တက်လာရပါတယ်။ ခပ်ဝေးဝေးကိုမကြည့်ဘဲ အတိတ်သမိုင်းက ရာစုနှစ်အနည်းငယ်ဆီ ပြန်သွားကြည့်မယ်ဆိုရင် ဒီအခြင်းအရာကို အထင်အရှားမြင်ရမှာ ဖြစ်ပါတယ်။ အသိပညာဆိုရာမှာလည်း အခြားအသိပညာခက်မတွေထက် နည်းပညာပိုင်းကို ပိုအလေးပေးပြောလိုတာ ဖြစ်ပါတယ်။**




၁၈ ရာစုက ရေနွေးငွေ့အင်ဂျင် တီထွင်နိုင်တော့ စက်မှုခေတ်ပြောင်းတော်လှန်ရေးကြီးဖြစ်ပြီး အလုပ်သမားလူတန်းစားတစ်ရပ် ပေါ်ပေါက်လာပါတယ်။ လူနေမှုဘဝတွေ ပြောင်းလဲလာပါတယ်။ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ပိုမိုကူးလူးဆက်သွယ်နိုင်လာပြီး နည်းပညာရှင်နိုင်ငံတွေက ပိုကြွယ်ဝ၊ အင်အားကြီးလာကြပါတယ်။ နောက်လျှပ်စစ်ကို ရှာတွေ့တာဟာ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ နယ်ပယ်ပေါင်းစုံကို တစ်ဆင့်မြင့်တွန်းပို့ပေးလိုက်နိုင်တာပါပဲ။ နောက် ထရန်စစ္စတာ၊ လေဆာကနေကွန်ပျူတာ၊ အင်တာနက်။ နိုင်ငံစုံကော်ပိုရေးရှင်းကြီးတွေ၊စီးပွားရေးလုပ်ငန်းတွေ၊အင်တာနက်အခြေခံစီးပွားရေးလုပ်ငန်းတွေ၊ ဖျော်ဖြေရေး၊ လူမှုကွန်ရက်တွေနဲ့ ကမ္ဘာ့ရွာ (Global Village)၊ ကမ္ဘာဆန်တာ (Globalization) တွေ ဖြစ်လာကြတယ်။ အခု ကျွန်တော်တို့ နောက်ထပ်ခေတ်ပြောင်းတော်လှန်ရေးတစ်ခု၊ ခေတ်သစ်တစ်ခုတည်းကို ချင်းနင်းဝင်ရောက်နေပါပြီ။ အဓိကမောင်းနှင်အားတစ်ခုကတော့ အသိဉာဏ်တု (artificial intelligence) နည်းပညာ ဖြစ်ပါတယ်။

### အသိဉာဏ်တု

အသိဉာဏ်တုဆိုတာ ခပ်လွယ်လွယ်ပြောရရင်တော့ လူသားတွေလို ခံစား၊ စဉ်းစား၊ တွေးခေါ်၊ ဆုံးဖြတ်ချက်ချနိုင်တဲ့ အသိဉာဏ်တစ်ခုကို ဖန်တီးခြင်းပါပဲ။ ဒါပေမယ့် ရူပဗေဒပညာရှင် ဒေါက်တာမီချီယိုခခူကတော့ အခုလက်ရှိနည်းပညာအရတော့ လူ့အသိဉာဏ်ကို မီဖို့ဆိုတာ အဝေးကြီးလိုပါသေးတယ်တဲ့။ ပိုးဟပ်အဆင့် သာသာ အသိဉာဏ်ကိုသာ ဖန်တီးနိုင်ကြပါသေးတယ်တဲ့။ ပိုးဟပ်ကနေ တဖြည်းဖြည်းအဆင့်တက်ပြီး အိမ်မွေးတိရစ္ဆာန်တွေအဆင့်၊ ပြီးတော့ မျောက်အဆင့် အသိဉာဏ်လိုမျိုးအထိ ရလာနိုင်ပါတယ်။ မျောက်အဆင့်အသိဉာဏ် ဖန်တီးနိုင်ရင်တော့ လူသားတွေအတွက် အန္တရာယ်ရှိပြီလို့ သူက သုံးသပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မျောက်သတ္တဝါဟာ မိမိကိုယ်ကို ဘာဆိုတာသိတဲ့အသိ (self–awareness) ရှိပြီး သူတို့ဟာလူသားတွေမဟုတ်ဘူးဆိုတာ ကောင်းကောင်းသိကြပါတယ်တဲ့။ ဒါဟာ လူသားတွေအတွက် စိုးရိမ်စရာအခြေအနေဖြစ်ပါတယ်တဲ့၊ ဒါပေမယ့် ဒီနည်းပညာရဖို့ ရာစုနှစ်နဲ့ချီကြာဦးမယ်လို့ အခုလောလောဆယ်မှာ စိုးရိမ်စရာမရှိဘူးလို့ ယူဆပေမယ့်လည်း အသိဉာဏ်တုရဲ့ အနာဂတ်နဲ့ပတ်သက်ပြီးကျင့်ဝတ်ပိုင်းအရသာမက ဖွံ့ဖြိုးတိုးတက်မှုအပိုင်းအရပါ ဆွေးနွေးငြင်းခုံနေကြတာတွေကတော့ ကျယ်ကျယ်ပြန့်ပြန့်ရှိလာနေပါပြီ။

ဒီနေရာမှာ ကမ္ဘာ့ထိပ်တန်းနည်းပညာကုမ္ပဏီကြီးတွေကို တည်ထောင်ထားတဲ့ စွန့်ဦးတီထွင်ပုဂ္ဂိုလ်ကြီးနှစ်ဦးရဲ့ အမြင်ကိုချန်လှပ်ထားလို့မရပါဘူး။ တစ်ဦးကတော့ မာ့ခ်ဇူကာဘတ် (MarkZuckerberg) ဖြစ်ပါတယ်။ သူက အသိဉာဏ်တုဟာ လူသားတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်တွေ အမြောက်အမြား ဖော်ဆောင်ပေးပြီး လူနေမှုအဆင့်အတန်းတွေကို မြှင့်တင်ပေးလိမ့်မယ်လို့ ဆိုပါတယ်။ သူနဲ့အမြင်မတူသူကတော့ အီလင် မာ့စ်ခ် (Elon Musk) ပဲဖြစ်ပါတယ်။ အသိဉာဏ်တုဟာ လူသားမျိုးနွယ်အတွက် ခြိမ်းခြောက်မှုလို့ သူကမြင်ပါတယ်။ တစ်ချိန်မှာ ကိုယ်ပိုင်အသိဉာဏ်နဲ့ စက်ရုပ်တွေဟာ Terminator ဇာတ်ကားပုံစံမျိုးနဲ့လူသားတွေကို အန္တရာယ်ပြုလာနိုင်တယ်လို့ ဆိုပါတယ်။ ဒီတော့ အသိဉာဏ်တုဟာ အသွားနှစ်ဖက်နဲ့ဓားလို ဖြစ်နေပါတယ်။ ဒီအမြင်နှစ်ခုကို ကြားချပြီးကြည့်မယ်ဆိုရင်တော့ ရာစုနှစ်နဲ့ချီကြာမယ့် ရေရှည်မှာအီလင်မာ့စ်ခ် စိုးရိမ်သလို ဖြစ်လာနိုင်ပါတယ်။ ဒါပေမယ့် ရေတိုမှာတော့ မာ့ခ်ဇူကာဘတ်ရဲ့ အမြင်မှန်ပါလိမ့်မယ်။

ရေရှည်မှာ အန္တရာယ်များမယ်ဆိုပြီး အသိဉာဏ်တုမှာ ဘယ်သူမှ ရင်းနှီးမြှုပ်နှံမှုမလုပ်ဘဲ မနေကြပါဘူး။ ရင်းနှီးမြှုပ်နှံမှု၊ ဆန်းသစ်တီထွင်မှုတွေမလုပ်ရင် ခေတ်အပြောင်းအလဲအချိုးအကွေ့တစ်ခုမှာ ကျန်ရစ်ခဲ့ကြမှာ ဖြစ်လို့ပါပဲ။ အသိဉာဏ်တုဟာ ခေတ်၊ စနစ်ကို တစ်ဆင့်ခုန်ပြောင်းလဲနေပြီဖြစ်လို့ပါပဲ။

### အသိဉာဏ်တုမှာ ရင်းနှီးမြှုပ်နှံခြင်း

အခုဆို ကမ္ဘာ့ထိပ်တန်းနိုင်ငံအားလုံးနီးပါး အသိဉာဏ်တုမှာ အကြီးကျယ်ရင်းနှီးမြှုပ်နှံလာကြပါပြီ။ အထူးသဖြင့် အမေရိကန်၊ တရုတ်၊ ကနေဒါ၊ ဗြိတိန်၊ ဂျာမနီ၊ ပြင်သစ်၊ နော်ဝေ၊ အိန္ဒိယစတဲ့နိုင်ငံတွေဟာ အသိဉာဏ်တုနည်းပညာတိုးတက်ဖွံ့ဖြိုးရေးအတွက် တိုင်းပြည်ရဲ့ အရင်းအမြစ်တွေကို ပုံအောသုံးနေကြပါတယ်။ တရုတ်ဆိုရင် ရည်မှန်းချက်အတော်ကြီးပါတယ်။ ၂၀၃၀ ပြည့်နှစ်မှာ အသိဉာဏ်တုနည်းပညာမှာ ကမ္ဘာ့ခေါင်းဆောင်ဖြစ်ရမယ်ဆိုတဲ့ ရည်မှန်းချက်ကို ချမှတ်ထားပါတယ်။ ဒေါ်လာဘီလီယံချီပြီးတော့ ပေကျင်းနဲ့ တီယန်ကျင်းစတဲ့မြို့တွေမှာရှိတဲ့ သုတေသနစင်တာတွေကို ထောက်ပံ့ပါတယ်။ အသိဉာဏ်တုဆိုင်ရာ စီးပွားရေးလုပ်ငန်းသစ်တွေကို ငွေကြေးအပြည့်အဝ ထောက်ပံ့ပေးထားပါတယ်။ အသိဉာဏ်တုဆိုင်ရာ ကုမ္ပဏီအားလုံးရဲ့ ၁၁ ရာခိုင်နှုန်းက တရုတ်ပြည်မှာ အခြေစိုက်ကြပါတယ်။ ဒါ့အပြင် တခြားဦးဆောင်နိုင်ငံတွေထက် တရုတ်နိုင်ငံက အသိဉာဏ်တုနဲ့ပတ်သက်တဲ့ သုတေသနကျမ်းတွေ၊ စာတမ်းတွေ အများကြီးပြုစုရေးသားနိုင်ပါတယ်။ တရုတ်က ကွန်ပျူတာအင်ဂျင်နီယာကျောင်းသားအများစုကလည်းအသိဉာဏ်တုနည်းပညာကို အထူးပြုဘာသာရပ်အနေဖြင့် လေ့လာဖို့ ပိုပြီးစိတ်ဝင်စားလာကြပါတယ်။

အမေရိကန်ကတော့ အသိဉာဏ်တုနယ်ပယ်မှာ ကမ္ဘာ့နံပါတ်တစ်နေရာကနေ ဦးဆောင်နေပါတယ်။ အစိုးရရဲ့ ငွေကြေးဆိုင်ရာအထောက်အပံ့တွေအပြင် အဓိကကတော့ ရွှေ့ပြောင်းအခြေချစွန့်ဦးတီထွင်တွေနဲ့ နိုင်ငံတကာကျောင်းသားတွေကို ဆွဲဆောင်နိုင်တဲ့ အမေရိကန်ပညာရေးစနစ်ပါပဲ။ စီလီကွန်တောင်ကြား (Silicon Valley)၊ MIT (Massachusetts Institute of Technology) နဲ့ BU (Boston University) စတဲ့ နေရာတွေဟာ အသိဉာဏ်တုနဲ့ပတ်သက်လို့ အကြီးအကျယ် သုတေသနလုပ်နေကြတဲ့ နေရာတွေပါပဲ။ ဒါ့အပြင် Google၊, Facebook, Amazon တို့လို အသိဉာဏ်တုနည်းပညာနဲ့ လည်ပတ်နေကြတဲ့ ကုမ္ပဏီ ၄၀ ရာခိုင်နှုန်းဟာ အမေရိကန်ပြည်ထောင်စုမှာ အခြေစိုက်ကြပါတယ်။ ဒါပေမယ့် ရွှေ့ပြောင်းအခြေချတဲ့ ဥပဒေကို ပြင်ဆင်တာတွေနဲ့ အမျိုးသားရေးဝါဒီကြီးစိုးလာတာကြောင့် အမေရိကန်ဟာ နည်းပညာနယ်ပယ်မှာ ဆက်လက်ပြီးဦးဆောင်နေနိုင်ဦးမှာလားဆိုတာတော့ ငြင်းခုံနေကြဆဲ ဖြစ်ပါတယ်။

ဒီလိုနည်းပညာထိပ်သီးနိုင်ငံတွေအပြင် ဖွံ့ဖြိုးစနိုင်ငံငယ်လေးတွေဟာလည်း အသိဉာဏ်တုနည်းပညာမှာ ရင်းနှီးမြှုပ်နှံလာကြပါပြီ။ ဘာကြောင့်လဲဆိုတော့ နိုင်ငံရဲ့ အနာဂတ်ဟာ အသိဉာဏ်တုအပေါ်မှာ အများကြီးမှီခိုအားထားလာကြရမှာကြောင့် ဖြစ်ပါတယ်။ အသိဉာဏ်တုဟာ စီးပွားရေးနဲ့ဝန်ဆောင်မှုလုပ်ငန်းတွေကို အသွင်အပြင်သာမက အနှစ်သာရပိုင်းပါ ပြောင်းလဲပစ်နေပါတယ်။

### အသိဉာဏ်တုနှင့် ဖွံ့ဖြိုးတိုးတက်မှု

သုတေသနစစ်တမ်းတစ်ခုအရ ကမ္ဘာ့ GDP ရဲ့ ၈ ဒသမ ၅ ရာခိုင်နှုန်းကို ထုတ်လုပ်နေတဲ့ ဖွံ့ဖြိုးပြီး ၁၂ နိုင်ငံဟာ အသိဉာဏ်တုရဲ့အကူအညီနဲ့ ၂၀၃၀ ပြည့်နှစ်မှာ GDP နှစ်ဆ တိုးလာလိမ့်မယ်လို့ ဆိုပါတယ်။ PCE (Pricewater–hosue Coopers)ရဲ့ လေ့လာသုံးသပ်ချက်အရ ကမ္ဘာ့ GDP ဟာ ၂၀၃၀ ပြည့်နှစ်မှာ အသိဉာဏ်တုနည်းပညာဖွံ့ဖြိုးလာတာကြောင့် ၁၄ ရာခိုင်နှုန်း တိုးတက်လာမယ်လို့ ဆိုပါတယ်။ နောက် မက်ကင်စီအဖွဲ့ (McKinsey Global Institue) ခန့်မှန်းထားတာကတော့ ၂၀၃၀ ပြည့်နှစ်မှာပဲ ကမ္ဘာ့ကုမ္ပဏီငယ်အားလုံးရဲ့ ၇၀ ရာခိုင်နှုန်းဟာအသိဉာဏ်တုနည်းပညာအနည်းဆုံးတစ်မျိုးကို အသုံးပြုနေကြမှာဖြစ်ပြီး ကုမ္ပဏီကြီးတွေ ထက်ဝက်လောက်ကတော့ အပြည့်အဝ အသုံးပြုနေကြမှာ ဖြစ်ပါတယ်။ အခုလက်ရှိမှာပဲ အသိဉာဏ်တုဟာ ဈေးကွက်စီးပွားရေး၊ သယ်ယူပို့ဆောင်ရေး၊ ထုတ်လုပ်မှုလုပ်ငန်း၊ ထောက်ပံ့ရေးလုပ်ငန်း၊ ထောက်ပံ့ဖြည့်ဆည်းကွင်းဆက် စီမံခန့်ခွဲမှုစတဲ့ စီးပွားရေးလုပ်ငန်းအားလုံးနီးပါးမှာ နေရာဝင်ယူနေပါပြီ။

အသိဉာဏ်တုနည်းပညာက စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ထောက်ပံ့တဲ့နေရာမှာ နည်းလမ်းသုံးသွယ်ရှိပါတယ်။ ပထမတစ်မျိုးကတော့ လုပ်အားတိုးတက်လာမှု (labor productivity) ဖြစ်ပါတယ်။ အသိဉာဏ်တုသုံးစက်ရုပ်တွေ အသုံးပြုလာနိုင်မှာဖြစ်လို့ လုပ်အား၊ အချိန်ခန့်ခွဲမှုအပိုင်းမှာ အများကြီးတိုးတက်ပြောင်းလဲလာမှာ ဖြစ်ပါတယ်။ တစ်နည်းပြောရင် အသိဉာဏ်တုသုံးစက်ရုပ်တွေဆိုတော့ အနားမပေးဘဲ ခိုင်းနိုင်တဲ့သဘောပါပဲ။ ဒီတော့ လုပ်အားအဆမတန် တိုးလာမယ့်သဘော ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ ဒြပ်မဲ့လုပ်အား (virtual workforce) ဖြစ်ပါတယ်။ အသိဉာဏ်တုဆိုတဲ့အတိုင်း လူသားကိုအားကိုးစရာမလိုဘဲ ပြဿနာတွေ၊ အခက်အခဲတွေကို သူတို့ဘာသာ စဉ်းစားတွေးခေါ် ဖြေရှင်းလာနိုင်ကြပါလိမ့်မယ်။ တတိယအချက်ကတော့ ပထမအချက်နဲ့ ဒုတိယအချက်ကို ဆန်းသစ်တဲ့အတွေးအခေါ်၊ စွန့်ဦးတီထွင်မှုတွေနဲ့ ပေါင်းစပ်လိုက်ရင် တစ်နွယ်ငင်တစ်စင်ပါဆိုသလို အခြားနယ်ပယ်တွေမှာပါ သက်ရောက်ပြောင်းလဲမှုတွေ ရှိလာပြီး နယ်ပယ်သစ်၊ လုပ်ငန်းသစ်တွေ အမြောက်အမြား ပေါ် ထွန်းလာနိုင်မှာ ဖြစ်ပါတယ်။

### အသိဉာဏ်တုနှင့် နိုင်ငံတကာဆက်ဆံရေး

နိုင်ငံရေးဆိုတာ ချက်ကစားနည်းလိုပါပဲ။ ကိုယ်ရွှေ့ရင် သူလိုက်ရွှေ့တယ်။ ကိုယ်ကော သူပါ အနိုင်လိုချင်ကြတယ်။ ဒီကစားနည်းမှာ လူတွေထက် ပိုတော်တာက အသိဉာဏ်တုပါပဲ။ လူတစ်ယောက်ရဲ့ခေါင်းထဲမှာ အများဆုံးတွေးနိုင်ရင် ရွှေ့ကွက်ဆယ်ဂဏန်းလောက်ပေါ့။ အသိဉာဏ်တုကတော့ စက္ကန့်ပိုင်းအတွင်းမှာ ရွှေ့ကွက်ပေါင်းသန်းချီ စဉ်းစားနိုင်ပြီး အဲဒီအထဲက အကောင်းဆုံးရွှေ့ကွက်ကို ရွေးနိုင်တယ်။ ဒီလိုအားသာချက်ကြောင့် မူဝါဒချမှတ်တဲ့နေရာတွေမှာ အသိဉာဏ်တုကို စတင်အသုံးပြုလာနေကြပါပြီ။ နိုင်ငံတကာရေးရာကိစ္စတွေမှာ အသိဉာဏ်တုကရယူအသုံးပြုနေတဲ့ သတင်းအချက်အလက်ပမာဏဟာ လူ့ဦးနှောက်နဲ့ ဘယ်လိုမှ လိုက်မမီနိုင်၊ မဆံ့တဲ့ ပမာဏပါပဲ။ ကောက်တေးပါတီ (cocktail party ) ပွဲတွေက အတင်းအဖျင်းတွေကစလို့ စပိုင်ဂြိုဟ်တုတွေက ပေးပို့တဲ့ ဓာတ်ပုံတွေအထိ ပါပါတယ်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ပြောရေးဆိုခွင့်ရှိသူပုဂ္ဂိုလ်က နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ ဆုံးဖြတ်ချက်တွေချတဲ့နေရာမှာ နည်းပညာရဲ့ အကူအညီယူတယ်လို့ ပြောဖူးပါတယ်။ နောက်ပြီး ဝန်ကြီးဌာနရဲ့ သတင်းအချက် အလက်နည်းပညာဆိုင်ရာ ၂၀၁၇–၂၀၁၉ မဟာဗျူဟာစီမံချက်မှာလည်း မူဝါဒဆိုင်ရာ ရပ်တည်ချက်ကိုအထောက်အပံ့ဖြစ်ဖို့၊ အသိသတိရှိဖို့နဲ့ ပွင့်လင်းမြင်သာမှုပိုရှိစေဖို့ အမေရိကန်သံတမန်ဝန်ထမ်းတွေဟာ လွန်စွာအစွမ်းထက်တဲ့ ခေတ်မီနည်းပညာတွေကို အသုံးပြုနေတယ်လို့ ဖော်ပြထားပါတယ်။ အဆိုပါစီမံချက်မှာပဲ ဆုံးဖြတ်ချက်တွေ ချရာမှာ၊ ပြဿနာဖြေရှင်းရာမှာနဲ့ စွန့်စားရနိုင်ခြေကို တွက်ချက်ရာမှာ အသိဉာဏ်ပိုပြီး ပွင့်လင်းဖို့ နည်းပညာရဲ့ အရေးကြီးပုံကို ဖော်ပြထားပါတယ်။

*စာမျက်နှာ ၈ သို့*

စာမျက်နှာ ၈ သို့

> **“ အသိဉာဏ်တုနဲ့ လူတွေကွာခြားချက်က အသိဉာဏ်တုက သတင်းအချက်အလက်မြောက်မြားစွာကို စက္ကန့်ပိုင်းအတွင်း စိစစ်သုံးသပ်နိုင်ပြီး အဖြေအမျိုးမျိုးအကြံပြုနိုင်ကာ အကောင်းဆုံးအဖြေကို ရွေးပေးနိုင်တာပါပဲ။ လူတွေရဲ့ ဦးနှောက်ဟာ အကန့်အသတ်ရှိပါတယ်။ စဉ်းစားတွေးခေါ်မှုမှာ ဘက်လိုက်တတ်ပါတယ်။ အဂတိတရားလေးပါးကြောင့်ပဲဖြစ်ဖြစ်၊ ကျင်လည်ဖူးတဲ့ အသိုင်းအဝိုင်း၊ ယဉ်ကျေးမှု၊ ပညာရေးစနစ်၊ ကျင့်ဝတ်၊ ကိုးကွယ်ယုံကြည်ရာတွေကို လိုက်ပြီးတော့ပဲဖြစ်ဖြစ် လူတွေရဲ့ဆုံးဖြတ်ချက်ဟာ အပြစ်အနာအဆာမကင်းနိုင်၊ မပြည့်စုံနိုင်ပါဘူး။ အသိဉာဏ်တုကတော့ လူတွေမှာရှိတဲ့ အားနည်းချက်တွေနဲ့ ကင်းလွတ်နေတော့ ပိုပြီးပြည့်စုံ၊ လက်တွေ့ကျတဲ့ဆုံးဖြတ်ချက်၊ အဖြေမျိုးပေးနိုင်ကြပါတယ်။ ပေးနိုင်ကြပါလိမ့်မယ်”**

# ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့နှင့် စပ်လျဉ်းသည့် ဗီဒီယိုသတင်းစကား

## “ကြောက်ရွံ့မှုနဲ့ ဘက်လိုက်မှုကင်းတဲ့ သတင်းအတတ်ပညာ”

**နယူးယောက်၊ ၂၀၂၀ ပြည့်နှစ် မေလ (၃)ရက်နေ့**

ကျွန်တော်တို့အနေနဲ့ ဘက်ပေါင်းစုံကိုသိပြီးမှ ဆုံးဖြတ်ချက်တွေ ချနိုင်အောင် ကူညီပေးတဲ့နေရာမှာ သတင်းထောက်တွေ၊ မီဒီယာသမားတွေဟာ အရေးပါ ပါတယ်။ COVID–19 ကပ်ရောဂါကို ကမ္ဘာက ရင်ဆိုင်တွန်းလှန်နေရတဲ့အချိန်မှာ အဲဒီဆုံးဖြတ်ချက်တွေဟာ သေရေးရှင်ရေး ဖြစ်နိုင်ပါတယ်။

COVID–19 ကပ်ရောဂါနဲ့ အဲဒီရောဂါအလွန်မှာ သတင်းထောက်တွေဟာ သူတို့အလုပ်ကို သူတို့လုပ်နိုင်အောင် အာမခံချက်ပေးဖို့ အစိုးရတွေနဲ့ အခြားသူတွေကို ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့မှာ ကျွန်တော်တိုက်တွန်းလိုက်ပါတယ်။

ကပ်ရောဂါ ကူးစက်ပျံ့နှံ့လာသလို တစ်ဖက်မှာ အန္တရာယ်ရှိတဲ့ ကျန်းမာရေးအကြံပြုချက်တွေကနေ လျှို့ဝှက်ပူးပေါင်းကြံစည်မှုဆိုတဲ့ သီအိုရီတွေအထိ သတင်းအမှားတွေဟာ ဒုတိယကပ်ရောဂါလို ကူးစက်များပြားနေပါတယ်။

သတင်းမီဒီယာတွေဟာ တိုက်ဆိုင်စစ်ဆေးထားတဲ့၊ သိပ္ပံနည်းကျတဲ့၊ အချက်အလက်ကို အခြေခံတဲ့ သတင်းတွေနဲ့ လေ့လာဆန်းစစ်မှုတွေဆိုတဲ့ ဖြေဆေးကို ပေးပါတယ်။

ဒါပေမယ့် ကပ်ရောဂါ စတင်ဖြစ်ပွားကတည်းက သတင်းသမားတော်တော်များများဟာ သူတို့အလုပ်ကို သူတို့လုပ်ရုံအတွက် ကန့်သတ်ချုပ်ချယ်မှုတွေ၊ အပြစ်ပေးမှုတွေနဲ့ ပိုပြီးကြုံတွေ့နေရပါတယ်။

လွတ်လပ်စွာသွားလာလှုပ်ရှားခွင့်အပေါ် ယာယီကန့်သတ်မှုတွေ လုပ်တာဟာ COVID–19 ကပ်ရောဂါကို အနိုင်ယူဖို့အတွက် အရေးကြီးပါတယ်။ ဒါပေမယ့် သတင်းထောက်တွေ သူတို့အလုပ် သူတို့လုပ်နိုင်ခွင့်ကို နှိမ်နင်းဖို့ ဆင်ခြေတစ်ခုအနေနဲ့ အလွဲသုံးစားမလုပ်သင့်ပါဘူး။ အချက်အလက်တွေနဲ့ လေ့လာဆန်းစစ်မှုတွေကို ပေးတဲ့အတွက်၊ ကဏ္ဍတိုင်းမှာ ခေါင်းဆောင်တွေကို တာဝန်ယူမှု တာဝန်ခံမှုရှိစေတဲ့အတွက်၊ လုပ်ပိုင်ခွင့်အာဏာရှိသူတွေဆီ အမှန်တရားတွေပြောပေးတဲ့အတွက် ဒီနေ့မှာ မီဒီယာတွေကို ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

အထူးသဖြင့် ပြည်သူ့ကျန်းမာရေးအတွက် သတင်းရေးသားပြီး လူတွေရဲ့အသက်ကို ကူညီကယ်ဆယ်ပေးနေတဲ့ အခန်းကဏ္ဍမှာရှိသူတွေကို အသိအမှတ်ပြုပါတယ်။

အားလုံးရဲ့ အနာဂတ်ငြိမ်းချမ်းရေး၊ တရားမျှတမှုနဲ့ လူ့အခွင့်အရေးတွေအတွက် အရေးကြီးတဲ့ စာနယ်ဇင်းလွတ်လပ်ခွင့် ခိုင်မာအားကောင်းစေဖို့နဲ့ မီဒီယာသမားတွေကို အကာအကွယ်ပေးဖို့ အစိုးရတွေကို တိုက်တွန်းလိုက်ပါတယ်။

## ၂-၅-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၁၃၄၀၈၄ | ၁၆၁၇၈၂ | ၆၅၈၈၈ |
| ၂။ | စပိန် | ၂၄၅၅၆၇ | ၁၄၆၂၃၃ | ၂၅၁၀၀ |
| ၃။ | အီတလီ | ၂၀၇၄၂၈ | ၇၈၂၄၉ | ၂၈၂၃၆ |
| ၄။ | အင်္ဂလန် | ၁၇၇၄၅၄ | ၈၈၈၈၀ | ၂၇၅၁၀ |
| ၅။ | ပြင်သစ် | ၁၆၇၃၄၆ | ၅၀၂၁၂ | ၂၄၅၉၄ |
| ၆။ | ဂျာမနီ | ၁၆၄၂၇၁ | ၁၂၉၀၀၀ | ၆၇၃၆ |
| ၇။ | ရုရှား | ၁၂၄၀၅၄ | ၁၅၀၁၃ | ၁၂၂၂ |
| ၈။ | တူရကီ | ၁၂၂၃၉၂ | ၅၃၈၀၈ | ၃၂၅၈ |
| ၉။ | အီရန် | ၉၆၄၄၈ | ၇၇၃၅၀ | ၆၁၅၆ |
| ၁၀။ | ဘရာဇီး | ၉၂၆၃၀ | ၃၈၀၃၉ | ၆၄၃၄ |

## နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၂

ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရွာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၈၅၂၅ | ၁၅၁ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၃၇ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၃၂၇

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၇ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိ၊ ပြန်လည်သက်သာ၊ သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၁၇ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | |
| ၄ | ချင်း | ၆ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၁ | |
| ၁၀ | မွန် | ၁ | |
| ၁၁ | မကွေး | ၁ | |
| ၁၂ | ကချင် | ၁ | |
| | စုစုပေါင်း | ၁၅၁ | ၆ |

❖ အောက်ပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| ပြည်နယ် | တိုင်းဒေသကြီး |
|---|---|
| ကယားပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး |
| ကရင်ပြည်နယ် | ဧရာဝတီတိုင်းဒေသကြီး |
| ရခိုင်ပြည်နယ် | |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂-၅-၂၀၂၀ ရက်၊ ည(၈)နာရီ

## အာဆီယံနိုင်ငံများမှ COVID–19 ရောဂါ သတင်းထုတ်ပြန်ချက်

၂-၅-၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၁၇၅၄၈ | ၁၂၆၈ | ၁၆ |
| အင်ဒိုနီးရှား | ၁၀၈၄၃ | ၁၆၆၅ | ၈၃၁ |
| ဖိလစ်ပိုင် | ၈၉၂၈ | ၁၁၂၄ | ၆၀၃ |
| မလေးရှား | ၆၁၇၆ | ၄၃၂၆ | ၁၀၃ |
| ထိုင်း | ၂၉၆၆ | ၂၇၃၂ | ၅၄ |
| ဗီယက်နမ် | ၂၇၀ | ၂၂၂ | ၀ |
| မြန်မာ | ၁၅၁ | ၃၇ | ၆ |
| ဘရူနိုင်း | ၁၃၈ | ၁၂၆ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၀ | ၀ |
| လာအို | ၁၉ | ၉ | ၀ |

## ပန်လုံမြို့ တိုက်နယ်ဆေးရုံသို့ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများ ဒုတိယအကြိမ် လှူဒါန်း

ပန်လုံ မေ ၂

“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ပန်လုံမြို့ တိုက်နယ်ဆေးရုံတွင် ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အသုံးပြုရန် ကျန်းမာရေးသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မေ ၂ ရက် နံနက် ၉ နာရီက ပန်လုံမြို့ ပြည်သူ့ဆေးရုံ၌ ပြုလုပ်ခဲ့သည်။

နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး သန်းထိုက်နှင့် ဗိုလ်မှူးကြီး ကြည်ရွှင်တို့သည် ကိုဗစ် – ၁၉ ကာကွယ်ရေးသုံးပစ္စည်းများဖြစ်သည့် လက်သန့်ဆေးရည်ဘူး ၃၀၊ နှာခေါင်းစည်း အခု ၂၀၀၊ ဆေးရုံသုံးမျက်မှန် ငါးခု၊ N–95 နှာခေါင်းစည်း ၁၃ ခု၊ လက်အိတ်အစုံ ၅၀ တို့ကို (ဒုတိယအကြိမ်) ပေးအပ်လှူဒါန်းရာ ပန်လုံတိုက်နယ်ဆေးရုံမှ ဒေါက်တာဖြိုးမောင်မောင်က လက်ခံရယူသည်။

ထို့နောက် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး သန်းထိုက်နှင့်အဖွဲ့သည် ဆေးရုံတက်ရောက်နေသည့် လူနာများအား လှည့်လည်ကြည့်ရှုပြီး အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

ခင်မေဦး(ပြန်/ဆက်)



# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ်များ၌ လေပြင်းတိုက်မှုကြောင့် နေအိမ်နှင့် ဘာသာရေးအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုအတွက် ငွေကျပ် သိန်း ၇၉၀ ခန့် ထောက်ပံ့

**မုံရွာ မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မြို့နယ်များတွင် ဧပြီ ၉ ရက်မှ ၃၀ ရက်အထိ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များနှင့် ဘာသာရေးအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုအတွက် ငွေကျပ် ၇၈၇၆၃၄၇၀ ထောက်ပံ့ပေးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစဝီလီဖရန့် က ပြောသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ဧပြီ ၁၂ ရက်က မြို့နယ်လေးမြို့နယ်မှ ပြိုကျပျက်စီး အိမ် နှစ်လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီး အိမ် ၉၅ လုံး၊ ဘာသာရေးအဆောက်အအုံ နှစ်ခုဖြစ်ကြောင်း၊ ဧပြီ ၁၅ ရက်၌ မြို့နယ် ရှစ်မြို့နယ်မှ ပြိုကျပျက်စီးအိမ် နှစ်လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးအိမ် ၇၅ လုံး၊ ဘာသာရေးအဆောက်အအုံတစ်ခု ဖြစ်ကြောင်း၊ ဧပြီ ၁၆ ရက်နှင့် ၁၇ ရက်တွင် မြို့နယ် သုံးမြို့နယ်မှ ပြိုကျပျက်စီးအိမ်တစ်လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးအိမ် ၈၂ လုံး ဖြစ်ကြောင်း၊ ဧပြီ ၂၁ ရက်တွင် မြို့နယ် ၂၉ မြို့နယ်တွင် ပြိုကျပျက်စီးအိမ် ၂၃ လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးအိမ် ၁၄၂၁ လုံး၊ ဘာသာရေးအဆောက်အအုံ ၃၆ လုံးဖြစ်ကြောင်း၊ ဧပြီ ၂၃၊ ၂၄၊ ၂၆ ရက်က မြို့နယ် သုံးမြို့နယ်မှ ပြိုကျပျက်စီးအိမ် တစ်လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးအိမ် ခြောက်လုံးဖြစ်ကြောင်း၊ ဧပြီ ၃၀ ရက်၌ မြို့နယ် ၁၀ မြို့နယ်မှ ပြိုကျပျက်စီးအိမ် ခြောက်လုံး၊ တစ်စိတ်တစ်ပိုင်း ပျက်စီးအိမ် ၉၆ လုံး၊ ဘာသာရေးအဆောက်အအုံ နှစ်ခုတို့ဖြစ်ကြောင်း ညွှန်ကြားရေးမှူး ဦးစဝီလီဖရန့် က ပြောသည်။

"မိမိတို့ဌာနအနေဖြင့် ပြိုကျပျက်စီးအိမ်များကို အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ပစ္စည်း ၁၆ မျိုး၏ တန်ဖိုးငွေ ၃၅၃၅၃ ကျပ်နှင့် တစ်စိတ်တစ်ပိုင်း ပျက်စီးအိမ်များကို ထောက်ပံ့ပစ္စည်း ၁၀ မျိုး၏ တန်ဖိုးငွေကျပ် ၁၈၅၁၀ ဖြစ်ကြောင်း၊ ဧပြီ ၉ ရက်မှ ၃၀ ရက်အထိ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးသည့် ပြိုကျပျက်စီးအိမ် ၃၅ လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးအိမ် ၁၇၇၅ လုံး၊ အိမ်ထောင်စု စုစုပေါင်း ၁၈၁၀ စု၊ လူဦးရေ ၈၇၃၀ နှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံ ၄၀ အတွက် ထောက်ပံ့ပစ္စည်း တန်ဖိုး ငွေကျပ် ၇၈၇၆၃၄၇၀ ထောက်ပံ့ခဲ့ကြောင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ညွှန်ကြားရေးမှူးက ပြောသည်။

**မွေးကြူဇင်**




လေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးသွားသော နေအိမ်တစ်လုံးကို တွေ့ရစဉ်။

# သီရိလင်္ကာနိုင်ငံက မြန်မာနိုင်ငံမှ အခြေခံစားသောက်ကုန်ပစ္စည်း ၁၀ မျိုးကို ဝယ်ယူလိုကြောင်း ကမ်းလှမ်းမှုများရှိလာ

**မန္တလေး မေ ၂**

သီရိလင်္ကာနိုင်ငံက မြန်မာနိုင်ငံမှ ထွက်ရှိသည့် အခြေခံစားသောက်ကုန်ပစ္စည်း ၁၀ မျိုးကို ဝယ်ယူလိုသည်ဟု ကမ်းလှမ်းမှုများရှိလာကြောင်း ပြည်တွင်းကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာနမှ သိရသည်။

သီရိလင်္ကာနိုင်ငံက မြန်မာနိုင်ငံမှ ထွက်ရှိသည့် အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် ပဲနီလေး၊ ကြက်သွန်နီ၊ ငါးသေတ္တာ၊ နံနံပင်၊ ကြက်သွန်ဖြူ၊ ပဲတီစိမ်း၊ ငါးပြား၊ ငရုတ်သီးခြောက်၊ ပဲလွန်းနှင့် ကုလားပဲများကို ဝယ်ယူရန် ဧပြီ ၂၉ ရက်က အကြောင်းကြား ကမ်းလှမ်းလာခြင်းဖြစ်ကြောင်း ပြည်တွင်းကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးသူက ပြောသည်။



မန္တလေးမြို့ ကြက်သွန်နီပွဲရုံတွင် ကြက်သွန်များ ထုပ်ပိုးနေမှုကို တွေ့ရစဉ်။

"ကျွန်တော်တို့နိုင်ငံက ထွက်တဲ့ စားသောက်ကုန်ပစ္စည်းတွေကို ဝယ်ယူလိုတဲ့အကြောင်း သံရုံးအချင်းချင်း ချိတ်ဆက်ပြီး အကြောင်းကြားလာတာပါ။ အရေအတွက် ဘယ်လောက်ဝယ်မယ်ဆိုတာတော့ မသိသေးပါဘူး။ သူတို့ဝယ်လိုတဲ့အထဲမှာ ကြက်သွန်၊ ပဲနဲ့ ငရုတ်တွေလည်းပါတဲ့အတွက် ဒီသီးနှံတွေကတော့ ရောင်းမယ်ဆိုရင် တင်ပို့နိုင်တဲ့အနေအထားမှာ ရှိပါတယ်။ သူတို့ ကမ်းလှမ်းချက်အတိုင်း ရောင်းကြည့်စေချင်ပါတယ်။ ကျွန်တော်တို့ ဘက်မှာလည်း ရောင်းချင်တဲ့သူတွေက ပြောနေကြတာတွေရှိပါတယ်။ သူတို့ဘက်က ဝယ်ယူဖို့ အကြောင်းကြားလာရင် ရန်ကုန်မှာရှိတဲ့ ကျွန်တော်တို့ဌာနမှ ဒုတိယညွှန်ကြားရေးမှူးတွေက သူတို့နိုင်ငံမှာရှိတဲ့ စီးပွားရေးသံမှူးတွေနဲ့ ချိတ်ဆက်ပေးပြီး အရောင်းအဝယ်ဖြစ်အောင် စီစဉ်ပေးမှာပါ။ လောလောဆယ် ကျွန်တော်တို့ ပြည်တွင်းမှာလည်း ကြက်သွန်ဈေးနှုန်းတွေက အတော်လေး ကျဆင်းနေပါတယ်။ မနှစ်ကတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဝယ်ယူတဲ့အတွက် ကြက်သွန်ဈေးနှုန်းတွေ မြင့်တက်လာပေမယ့် ပုံမှန်ဈေးကွက်တော့ မဟုတ်ခဲ့ပါဘူး။ ဒါကြောင့် ဘင်္ဂလားဒေ့ရှ်ပဲဖြစ်ဖြစ်၊ သီရိလင်္ကာနိုင်ငံပဲဖြစ်ဖြစ် ပုံမှန်ဈေးကွက်ရရှိအောင် တင်ပို့ရောင်းချသင့်တယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ ဌာနကလည်း အတတ်နိုင်ဆုံး ဈေးကွက် ချဲ့ထွင်နိုင်အောင် ဆောင်ရွက်ပေးမှာပါ" ဟု ၎င်းက ပြောသည်။

သီရိလင်္ကာနိုင်ငံမှ အခြေခံစားသောက်ကုန် ၁၀ မျိုး ဝယ်ယူရန် ကမ်းလှမ်းမှုနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး စားဖိုဆောင် သီးနှံ စိုက်ပျိုးထုတ်လုပ် ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးဇော်မျိုးဦးကလည်း "လက်ရှိ ပြည်တွင်းမှာ ကြက်သွန်နီဈေးနှုန်းကလည်း တစ်ပိဿာကို ငွေကျပ် ၄၀၀ ဝန်းကျင်လောက်နဲ့ အနိမ့်ဆုံးဈေးကို ရောက်နေတယ်။ ပြည်ပနိုင်ငံတွေက ဝယ်ယူမှုတွေရှိလာမှ ထူထူထောင်ထောင်ဖြစ်လာမှာပါ။ အခုတော့ သီရိလင်္ကာနိုင်ငံက ဝယ်ယူမယ်ဆိုတဲ့အကြောင်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကပဲ သတင်းပေးတာရှိပါသေးတယ်။ ဘယ်လိုပုံစံနဲ့ ဝယ်ယူမယ်ဆိုတာတော့ မသိသေးပါဘူး။ အခုလို ဝယ်ယူဖို့ကမ်းလှမ်းတာကို ကြိုဆိုပါတယ်။ ကျွန်တော်တို့ဘက်ကလည်း ရောင်းချင်နေပါတယ်"ဟု ပြောသည်။

အဆိုပါ သီရိလင်္ကာနိုင်ငံသည် မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံ ကုန်သွယ်မှုများအဖြစ် လွန်ခဲ့သည့် သုံးနှစ်ခန့်က ဆန်တန်ချိန် တစ်သိန်းခန့် ဝယ်ယူမှုများ ရှိခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

*စာမျက်နှာ ၆ မှ*

တရုတ်သမ္မတ ရှီကျင့်ဖျင်ကလည်း တရုတ်သံတမန်တွေနဲ့ တွေ့ဆုံပွဲတစ်ခုမှာ တရုတ်နိုင်ငံရဲ့ ပြည်ပရေးရာကိစ္စတွေမှာ အစဉ်အလာကို ချိုးဖျက်ပြီး သိပ္ပံနည်းကျ ဥပဒေသတွေ၊ မူဝါဒတွေ ရှာဖွေဖော်ထုတ်သွားကြဖို့ တိုက်တွန်းထားပါတယ်။ သံခင်းတမန်ခင်းကိစ္စတွေမှာ အသိဉာဏ်တုကို အမှန်တကယ် အသုံးပြုသွားမှာဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း the South China Morning Post သတင်းစာကို ထပ်လောင်းပြောကြားထားပါတယ်။ တကယ်လည်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနဟာ တရုတ်သိပ္ပံအကယ်ဒမီက တည်ဆောက်ပေးတဲ့ အသိဉာဏ်တုကို အသုံးပြုနေပါတယ်။ ပြည်ပလုံခြုံရေးရာဌာနက အသုံးပြုနေတဲ့စနစ်ဟာ ရှိရှိနိုင်သမျှ သတင်းအချက်အလက်တွေကို မှတည်တွက်ချက်ပြီး ပြည်ပက တရုတ်သံရုံးတွေဆီ အကြံပြုချက်တွေကို အချိန်နဲ့တစ်ပြေးညီ ထောက်ပံ့ပေးနေပါတယ်။

အသိဉာဏ်တုနဲ့ လူတွေကွာခြားချက်က အသိဉာဏ်တုက သတင်းအချက်အလက်မြောက်မြားစွာကို စက္ကန့်ပိုင်းအတွင်း စိစစ်သုံးသပ်နိုင်ပြီး အဖြေအမျိုးမျိုးအကြံပြုနိုင်ကာ အကောင်းဆုံးအဖြေကို ရွေးပေးနိုင်တာပါပဲ။ လူတွေရဲ့ ဦးနှောက်ဟာ အကန့်အသတ်ရှိပါတယ်။ စဉ်းစားတွေးခေါ်မှုမှာ ဘက်လိုက်တတ်ပါတယ်။ အဂတိတရားလေးပါးကြောင့်ပဲဖြစ်ဖြစ်၊ ကျင်လည်ဖူးတဲ့ အသိုင်းအဝိုင်း၊ ယဉ်ကျေးမှု၊ ပညာရေးစနစ်၊ ကျင့်ဝတ်၊ ကိုးကွယ်ယုံကြည်ရာတွေကို လိုက်ပြီးတော့ပဲဖြစ်ဖြစ် လူတွေရဲ့ ဆုံးဖြတ်ချက်ဟာ အပြစ်အနာအဆာ မကင်းနိုင်၊ မပြည့်စုံနိုင်ပါဘူး။ အသိဉာဏ်တုကတော့ လူတွေမှာရှိတဲ့ အားနည်းချက်တွေနဲ့ ကင်းလွတ်နေတော့ ပိုပြီးပြည့်စုံ၊ လက်တွေ့ကျတဲ့ ဆုံးဖြတ်ချက်၊ အဖြေမျိုးပေးနိုင်ကြပါတယ်။ ပေးနိုင်ကြပါလိမ့်မယ်။ နည်းပညာပိုင်းမှာ ပိုမိုပြည့်စုံလာမယ်ဆိုရင်။

ရှန်ဟိုင်းနိုင်ငံတကာ လေ့လာရေးပညာအင်စတီကျုက အသိဉာဏ်တုအသုံးပြုမှုကို အဓိကထားသုတေသနလုပ်နေတဲ့ အကြီးတန်းသုတေသီ ဒေါက်တာဖန်ရှုယီကတော့ အနာဂတ်မှာ အသိဉာဏ်တု နည်းပညာသုံးတဲ့ နိုင်ငံနဲ့ မသုံးတဲ့နိုင်ငံယှဉ်လိုက်ရင် မသုံးတဲ့ နိုင်ငံကတော့ အဘက်ဘက်မှာ တစ်ဖက်သတ် အရှုံးချည်းပါပဲတဲ့။ ဆုံးဖြတ်ချက်ချနိုင်မှု၊ အနိုင်အရှုံး၊ စွန့်စားရနိုင်ခြေစတာတွေကို တွက်ချက်ရာမှာ တစ်ပန်းရှုံးနေပါတယ်တဲ့။

### အသိဉာဏ်တု ဝိရောဓိ

အသိဉာဏ်တုဖွံ့ဖြိုးတိုးတက်မှုဟာ နယ်ပယ်အသီးသီးမှာ တိုးတက်ပြောင်းလဲမှုတွေ ယူဆောင်လာနေတာမှန်ပေမယ့် ဘေးထွက်ဆိုးကျိုးတွေလည်း ရှိလာနိုင်ပါတယ်။ စတန်းဖို့ဒ်တက္ကသိုလ်က နိုင်ငံရေးသိပ္ပံပညာရှင် ဖန်စစ်ဖူကူယားမားက အမေရိကန် လမ်းမတွေပေါ်မှာ လူမဲ့ကား (self– driving car) တွေ ရောက်လာမယ်ဆိုစိုးရိမ်ဖို့ကောင်းတာက တက္ကသိုလ်မတက်ဖူးတဲ့ အသက်လတ်ပိုင်းရောက်နေတဲ့ လူဖြူယာဉ်မောင်းတွေကိစ္စပါပဲတဲ့။ အမေရိကန်မှာ အဆင့်မြင့်ပညာဒီဂရီလက်မှတ်မရှိတဲ့ လူဖြူ ၄၀ ရာခိုင်နှုန်းလောက်ဟာ ယာဉ်မောင်းအလုပ်ကို လုပ်ကြပါတယ်။ အကယ်၍ လူမဲ့ကားတွေသာ အသုံးပြုတော့မယ်ဆိုရင် ဒီလူတွေအလုပ်လက်မဲ့ဖြစ်ကြရမှာဖြစ်ပြီး အစိုးရအနေနဲ့လည်း သူတို့ကို အလုပ်သစ်ပေးဖို့၊ လုပ်ငန်းခွင်အပြောင်းအလဲအတွက် ပြန်ပြီးလေ့ကျင့်သင်ကြားပေးဖို့ဆိုတဲ့ကိစ္စဟာ ခေါင်းခဲစရာ ဖြစ်လာပါလိမ့်မယ်။ ဒီတော့ လုပ်အားဈေးကွက်မှာ အလုပ်တစ်မျိုးတည်းကိုပဲ ထပ်တလဲလဲလုပ်ရတဲ့ လူသားတွေရဲ့ အောက်ခြေကာယအလုပ်အကိုင်အခွင့်အလမ်းတွေဟာ အသိဉာဏ်တုကြောင့် ထာဝရပျောက်ကွယ်သွားတော့မယ့် အခြေအနေဖြစ်နေပါတယ်။

ဥရောပသမဂ္ဂပါလီမန်ရဲ့ သုတေသနစာတမ်းတစ်ခုမှာ ဖော်ပြထားတာရှိပါတယ်။ အသိဉာဏ်တုကြောင့် စီးပွားရေးတိုးတက်လာပေမယ့် လုပ်အားကြောင့်ရတဲ့ ဝင်ငွေ (labor income) ဟာ တိုးလာမှာ မဟုတ်ပါဘူး။ စက်တွေပဲအလုပ်လုပ်နေတော့ လူတွေအလုပ်လက်မဲ့ဖြစ်လာ၊ ဝင်ငွေနည်းလာမယ့်သဘောပါ။ ဒီတော့ စားသုံးမှု (consumption) ထိုးကျပြီး စီးပွားတိုးတက်မှုကို ထိခိုက်ကာမလိုလားအပ်တဲ့ နောက်ကြောင်းပြန် ရလဒ်ထွက်လာနိုင်ပါတယ်။ ဒါကြောင့် အသိဉာဏ်တုကြောင့်ရတဲ့ ဖွံ့ဖြိုးတိုးတက်မှုကို လူ့အဖွဲ့အစည်းအတွင်း ဘယ်လိုပြန်လည်ခွဲဝေစီမံခန့်ခွဲမလဲဆိုတဲ့ ကိစ္စကိုလည်း အလေးအနက် ဆွေးနွေးနေကြပါပြီ။

နောက်တစ်ခုက အသိဉာဏ်တုနည်းပညာကိုစတင်သုတေသနပြု သုံးစွဲကြတဲ့နိုင်ငံတွေနဲ့ နောက်မှအသုံးပြုမယ့် နိုင်ငံတွေကြားမှာ ကြီးမားတဲ့ကွာဟမှုတွေလည်း ရှိလာမှာဖြစ်ပါတယ်။ အသိဉာဏ်တုဆိုတာ အချက်အလက်ဒေတာကို ဗဟိုပြုရတာဖြစ်ပါတယ်။ အချက်အလက်ဒေတာများများစုနိုင်လေလေ အသိဉာဏ်တုနည်းပညာမြန်မြန်ဖွံ့ဖြိုး၊ ရှေ့ရောက်လေလေပါပဲ။ ဒီတော့ အသိဉာဏ်တုနည်းပညာရှေ့ဦးနိုင်ငံတွေဟာ နည်းပညာသစ်နဲ့ သတင်းအချက်အလက်အများကြီး စုဆောင်းထားနိုင်ပြီး နောက်ကျကျန်မယ့်နိုင်ငံတွေကို အမြတ်ထုတ်နိုင်ပါတယ်။ သူတို့ရဲ့ နည်းပညာ၊ စီးပွားရေးတိုးတက်ဖို့ ဖွံ့ဖြိုးဆဲနိုင်ငံတွေက အချက်အလက်တွေကို နှိုက်ယူအသုံးပြုနိုင်ပါတယ်။ ဒါကိုကမ္ဘာကျော်စာအုပ် Sapiens ကို ရေးသားသူ အစ္စရေးလူမျိုး သမိုင်းပါမောက္ခ ယုဘနောဟလာရီက သတင်းအချက်အလက်ကျွန်ပြုခြင်း (datacolonization) လို့တောင် ပြောဖူးပါတယ်။

### အနာဂတ်မှာ ရင်းနှီးမြှုပ်နှံခြင်း

ဒီလိုအကောင်းအဆိုးတွေ ရောပြွမ်းနေပေမယ့် အသိဉာဏ်တုနည်းပညာဟာ ကျွန်တော်တို့ကို ခေတ်သစ်၊ စနစ်သစ်တစ်ခုဆီကို ပို့ဆောင်နေတယ်ဆိုတာတော့ ယုံမှားသံသယဖြစ်စရာမရှိပါဘူး။ ဒါကြောင့် အသိဉာဏ်တု နည်းပညာမှာ ရင်းနှီးမြှုပ်နှံတာဟာ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ဖို့ရာ ခိုင်မာတဲ့ အနာဂတ်တစ်ခုမှာ ရင်းနှီးမြှုပ်နှံတာလို့ဆိုရမှာ ဖြစ်ပါတယ်။ ။

# တစ်ရက်ကို ပြန်လည်ဝင်ရောက်နိုင်တဲ့ လူဦးရေ အကြမ်းဖျင်းအားဖြင့် ၂၅၀၀ ခန့်မှန်းထားပါတယ်

**ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်**

ထိုင်းနိုင်ငံတွင်ရောက်ရှိနေသည့် မြန်မာရွှေ့ပြောင်းလုပ်သားများသည် မေ ၁ ရက်မှ စတင်ကာ နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လျက်ရှိရာ ရွှေ့ပြောင်းလုပ်သားများ အဆင်ပြေချောမွေ့စွာ ၎င်းတို့၏ နေရပ်ပြန်နိုင်ရေးအတွက် ကရင်ပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတာဝန်ရှိသူများ ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာရွှေ့ပြောင်းလုပ်သားများနှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ကရင်ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။


ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်


ကရင်ပြည်နယ်အစိုးရအဖွဲ့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်


ကရင်ပြည်နယ် အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်

**ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်**

ဒုတိယအသုတ် ပြန်လည်ဝင်ရောက်လာမယ့် နေရပ်ပြန်တွေနဲ့ စပ်လျဉ်းပြီး အကြမ်းဖျင်းသိထားတာကတော့ ဧပြီ ၂၉ ရက်အထိ အွန်လိုင်းမှာ ချိတ်ဆက်ထားတဲ့ အနေအထားအရ လူဦးရေ တစ်သောင်းခြောက်ထောင်ခန့် ပြန်ဝင်လာမယ်ဆိုတဲ့ စာရင်း ရထားပါတယ်။ ကရင်ပြည်နယ်အစိုးရအနေနဲ့ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနဲ့ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး အစည်းအဝေးကို နေ့စဉ် ပြုလုပ်နေပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ပြန်ဝင်လာမယ့် ရက်စွဲ၊ လူဦးရေ စတဲ့ အချက်အလက်တွေကို နေ့စဉ်ပို့ပေးနေပါတယ်။

တစ်ရက်ကို ပြန်လည်ဝင်ရောက်နိုင်တဲ့ လူဦးရေ အကြမ်းဖျင်းအားဖြင့် ၂၅၀၀ ခန့်မှန်းထားပါတယ်။ မွန်းတည့် ၁၂ နာရီမှာ ပြန်လည်ဝင်ရောက်မှု အားလုံးကို ပိတ်ထားပေးပါလို့ တစ်ဖက်နိုင်ငံနဲ့လည်း ညှိနှိုင်းထားပါတယ်။ ဒါမှ ကျွန်တော်တို့ဘက်က စိစစ်တာ မွန်းလွဲ ၃ နာရီလောက်မှာ ပြီးနိုင်မယ်။ အဲဒီလိုပြီးမှ လုံခြုံရေးယာဉ်တန်းတွေနဲ့ တစ်ပြိုင်တည်း လွှတ်လို့ အဆင်ပြေမယ်။ ဒီလူတွေနဲ့ ဒီကားတွေနဲ့သွားမယ်ဆိုရင် လမ်းခရီးမှာ ဆင်းချင်တဲ့နေရာဆင်း၊ စားချင်တဲ့နေရာ စားမယ်။ ရောက်တဲ့နေရာ ခုန်ဆင်းသွားပြီးတော့မှ ကားသမားလည်းမနိုင် ထိန်းသိမ်းရခက်တဲ့ အနေအထားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယာဉ်တန်းတွေကို ကျွန်တော်တို့က သေချာစနစ်တကျ စုဖွဲ့ပြီးတော့မှ ကရင်ပြည်နယ်ကနေ မွန်၊ မွန်ပြည်နယ်ကနေ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးကနေ ဆက်ပြီးတော့မှ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး အပေါ်ဘက်တက်မယ့်ဟာကို သူ့ယာဉ်တန်းအလိုက် ပို့ဆောင်ပေးသွားဖို့ ညှိနှိုင်းတိုင်ပင်ထားပါတယ်။

နေ့ချင်းပြန် မပို့နိုင်သေးတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေကို တစ်ရက်ထားမယ်။ နောက်နေ့မှာ စိစစ်ပြီး သက်ဆိုင်ရာ နေရာဒေသကို ဆက်လက်စေလွှတ်ပေးမှာ ဖြစ်ပြီးတော့ ကရင်ပြည်နယ်အတွင်းမှာ ထားရှိနိုင်ဖို့လည်း Facility Quarantine တွေ ပြင်ဆင်ထားပြီးဖြစ်ပါတယ်။ တချို့ဝေးတဲ့ ကချင်၊ ချင်း၊ ကယား၊ ရခိုင် စတဲ့ ဒေသတွေက ပြန်လည်ဝင်ရောက်သူတွေကို လူအင်အားလည်း သိပ်မများတဲ့အတွက် ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တို့ ညှိနှိုင်းပြီး Facility Quarantine တွေမှာ ထားဖို့ဆိုပြီး စီစဉ်ထားတာဖြစ်ပါတယ်။

တပ်မတော် တပ်ရင်းတပ်ဖွဲ့တွေအနေနဲ့လည်း ပြည်နယ်အစိုးရအဖွဲ့နဲ့ ချိတ်ဆက်ပြီးတော့ လိုအပ်တဲ့နေရာတွေကို ပိုးသတ်ဆေးဖျန်းတယ်။ ကားတွေနဲ့ လိုအပ်တဲ့နေရာတွေကို သယ်ယူပို့ဆောင်ပေးတာတွေ တချို့ Quarantine Center တွေမှာ နယ်မြေခံဆေးတပ်နဲ့ နယ်မြေခံတပ်ရင်းတွေက ဝိုင်းဝန်းဆောင်ရွက်ပေးတာတွေနဲ့ ယခုလက်ရှိလည်း ကူညီဆောင်ရွက်ပေးတာတွေ ရှိပါတယ်။

**ကရင်ပြည်နယ်အစိုးရအဖွဲ့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်**

ပထမအသုတ် နေရပ်ပြန်တွေ ပြန်လည်ဝင်ရောက်ချိန်က မြို့နယ်လေးခုနဲ့ ရပ်ကွက်/ကျေးရွာတွေ အားလုံးနီးပါးမှာ သက်ဆိုင်ရာနေရာတွေမှာ Quarantine Center တွေ ထားရှိခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်ခဲ့တဲ့ အတွေ့အကြုံတွေက ကျွန်တော်တို့မှာ အပြည့်ရှိပါတယ်။ အခုပြန်လည်ဝင်ရောက်လာမယ့် သူတွေကို သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက လာရောက်ကြိုဆိုတဲ့ကားတွေလည်း ရောက်ရှိလို့နေပါပြီ။ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်ဘက်က အဆင်သင့်ဖြစ်တာနဲ့ အခုရက်ပိုင်းအတွင်းမှာ လက်ခံဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ အခြေအနေအရ လာရောက်ကြိုဆိုတဲ့ကားတွေ အဆင်မပြေရင်၊ ဒါမှမဟုတ် ကျွန်တော်တို့ ပြည်နယ်အတွင်းမှာသာ ထားရမယ့် အခြေအနေမျိုးရှိလာခဲ့ရင်လည်း လူဦးရေ ငါးထောင်နဲ့ အထက်ကိုမြို့နယ်လေးမြို့နယ်မှာ Quarantine ထားရှိသွားဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။

သက်ဆိုင်ရာမြို့နယ်တွေ၊ လူမှုရေးအဖွဲ့အစည်းတွေကို နှာခေါင်းစည်း၊ လက်အိတ် အစရှိတဲ့ ပစ္စည်းတွေ သီးခြားလှူဒါန်းနေတဲ့ အလှူရှင်များလည်းရှိပါတယ်။ Quarantine Center တွေမှာ ကျွေးမွေးစောင့်ရှောက်ရေး ကိစ္စရပ်တွေအတွက် WFP (World Food Programme) က တာဝန်ယူ လှူဒါန်းပေးမှာဖြစ်ပါတယ်။ NGO၊ INGO အဖွဲ့တွေလည်း ကူညီထောက်ပံ့ပေးဖို့ အဆင်သင့်ရှိနေကြပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနနဲ့ ကျန်းမာရေးဦးစီးဌာနတို့က ထောက်ပံ့ပေးထားတာလည်းရှိပါတယ်။

တပ်မတော်ကနေပြီးတော့လည်း ပြီးခဲ့တဲ့ ရက်သတ္တပတ်က လုံလောက်မှုရှိစေဖို့ ပစ္စည်းငါးမျိုး လှူဒါန်းထားတာလည်း ရှိပါတယ်။ တချို့ကုမ္ပဏီတွေက ရောဂါကာကွယ်ရေး ဝတ်စုံတွေ၊ ပိုးသတ်ဆေးပုံးတွေ၊ လက်ဆေးဆပ်ပြာရည်တွေ အစရှိတဲ့ ကာကွယ်ရေးပစ္စည်းတွေ လာရောက်လှူဒါန်းထားတာလည်း ရှိပါတယ်။ ဒါတွေအကုန်လုံးကို ကျွန်တော်တို့ ထုတ်သုံးပါမယ်။ ဒါတွေက ကျွန်တော်တို့ ပြည်နယ်အစိုးရအဖွဲ့ကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ရပ်ကွက်၊ ကျေးရွာတိုင်းမှာ ပြန်လည်ဝင်ရောက်လာသူတွေနဲ့အတူ ၂၁ ရက် နေထိုင်မယ့် လူမှုရေးအသင်းအဖွဲ့တွေ၊ ဒေသခံပြည်သူတွေနဲ့ လုပ်အားပေးမယ့်အဖွဲ့တွေ အဆင်သင့်ရှိနေကြပါတယ်။ ပြီးခဲ့တဲ့ အတွေ့အကြုံကို သင်ခန်းစာယူပြီး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက် တစ်ဦးချင်းတစ်ဦးချင်း အကာအကွယ်ယူပြီး တစ်မျိုးသားလုံးအရေးကို ဝိုင်းဝန်းဆောင်ရွက်နေကြခြင်းဖြစ်ပါတယ်။

**ကရင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်**

ပြန်လည်ဝင်ရောက်လာတဲ့ လူဦးရေအပေါ် မူတည်ပြီး စနစ်တကျ ပြန်လည်ကြိုဆိုလက်ခံနိုင်ရေးအတွက် ထိုင်းနိုင်ငံ မြန်မာသံရုံးက အလုပ်သမားသံအဖွဲ့နဲ့ ဆက်စပ်ပြီးတော့ ကိန်းဂဏန်းအချက်အလက်တွေ ကောက်ယူလျက်ရှိပါတယ်။ ယခင်က ပြန်လည်ဝင်ရောက်လာသူတွေရဲ့ ကိုယ်ရေးအချက်အလက်တွေကို စာရင်းစာရွက်ပေါ်မှာသာ ရေးမှတ်ခဲ့ရာကနေ ဒီတစ်ခါမှာတော့ ကွန်ပျူတာစနစ်ကို အသုံးပြုပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်နဲ့ တိုင်းဒေသကြီး၊ ပြည်နယ် အဆင့်တွေကို အချိန်နဲ့တစ်ပြေးညီ သိရှိနိုင်ဖို့ စီမံဆောင်ရွက်နေပါတယ်။

ပြန်လည်ဝင်ရောက်လာတဲ့ သူတွေကို ကျန်းမာရေး အသိပညာပေးခြင်းအပြင် စားသောက်ရေးကအစ သက်ဆိုင်ရာ INGO အဖွဲ့တွေနဲ့ ချိတ်ဆက်ပြီး စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ Quarantine Center ပါတယ်။

ကျန်းမာရေးစောင့်ရှောက်မှု အနေနဲ့ကတော့ စခန်းတစ်ခုချင်းစီတိုင်းမှာ ကျန်းမာရေးဝန်ထမ်း လေးဦးစီထားရှိပြီး မနက်/ည ကျန်းမာရေးဆေးစစ်ခြင်း လုပ်ငန်းတွေနဲ့ အရေးပေါ်ကျန်းမာရေး ထူးခြားမှုဖြစ်စဉ်တွေ ပေါ်ပေါက်လာခဲ့ရင်လည်း ဆေးရုံကို ပေးပို့ကုသနိုင်ဖို့အတွက်လည်း စီစဉ်ထားရှိပါတယ်။ စားသောက်ရေးနဲ့ ပတ်သက်ပြီးတော့ အစိုးရအဖွဲ့ အစီအစဉ်နဲ့သော်လည်းကောင်း၊ စေတနာရှင် ပြည်သူတွေနဲ့ INGO ၊ NGO အဖွဲ့တွေရဲ့ လှူဒါန်းမှုတွေနဲ့ ကျွေးမွေးရေး ကိစ္စရပ်တွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ငါးလုပ်ငန်းဦးစီးဌာန ဒုတိယပြည်နယ်မှူး ဦးတင်နိုင်ဝင်း**

Quarantineကို ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနနဲ့ ပြည်နယ်ကျေးလက်လမ်းဦးစီးဌာနတို့က တာဝန်ကျတာပါ။ နည်းပညာ တက္ကသိုလ်က စာသင်ဆောင်တွေဖြစ်တဲ့ အတွက် လူနေမယ်ဆိုရင် လိုအပ်ချက်တွေရှိ


ဘားအံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေထက်အောင်


ငါးလုပ်ငန်းဦးစီးဌာန ဒုတိယပြည်နယ်မှူး ဦးတင်နိုင်ဝင်း

တွေမှာ နေထိုင်ကြမယ့် နေရပ်ပြန်တွေအတွက် နေထိုင် စားသောက်ရေးကအစ ခေါင်းအုံး၊ စောင်၊ ခြင်ထောင်၊ မျက်နှာသုတ်ပဝါ၊ သွားတိုက်တံ အစရှိတဲ့ ပစ္စည်း ၁၂ မျိုးပါတဲ့ Basic Kit တွေ ပေးအပ်သွားမှာဖြစ်ပြီး အမျိုးသမီးနဲ့ ကလေးသူငယ်တွေအတွက် လိုအပ်တဲ့ Kit တွေ ပေးဝေနိုင်ဖို့ အသေးစိတ်စီစဉ်ဆောင်ရွက်ထားပါတယ်။

**ဘားအံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေထက်အောင်**

ကျွန်တော်တို့ဆီမှာ Quarantine Center ၂၀ ကျော် ပြင်ဆင်ဆောင်ရွက်ထားပြီး လူဦးရေအားဖြင့် ၃၀၀၀ ခန့် ဝင်ဆံ့နိုင်မှာဖြစ်ပါတယ်၊ Quarantine Center တွေကို ပြင်ဆင်တဲ့နေရာမှာ အဓိကအားဖြင့် နေရပ်ပြန်တွေ အိပ်မယ့်နေရာကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြားချက်တွေနဲ့အညီ အနည်းဆုံး ခုတင်တစ်လုံးနဲ့ တစ်လုံးကို ခြောက်ပေအကွာထားရှိပြီး ဆောင်ရွက်ထားပါတယ်။ အိပ်ရာခင်းတွေ၊ ခေါင်းအုံးတွေ၊ စောင်တွေ၊ ခြင်ထောင်တွေ အလုံအလောက်ပေးနိုင်အောင်လည်း ဆောင်ရွက်ထားရှိလာတယ်။ ကျွန်တော်တို့ ဌာနနှစ်ခု တိုင်ပင်ပြီးတော့ လူတွေတည်းခိုနေထိုင်နိုင်ဖို့အတွက် ခုတင်တွေလိုအပ်မယ်။ ပြန်လည်ဝင်ရောက်လာသူတွေအတွက် အဝတ်လှန်းကြိုး၊ ရေချိုးကန် စသဖြင့် လိုအပ်မယ့် အရာအားလုံးကို ကြိုတင်စဉ်းစားပြီးတော့ နှစ်ဌာနခွဲပြီး လုပ်ပါတယ်။ အထွေထွေအနေနဲ့ အသုံးအဆောင်ပစ္စည်းတွေ ဝယ်ယူစုဆောင်းရတာလည်းရှိပါတယ်။

ပထမဆုံး လူဦးရေ ၁၂၀ အတွက် ပြင်ဆင်ထားပြီးတော့ ဝန်ကြီးချုပ်လာကြည့်တဲ့အချိန်မှာ ညွှန်ကြားချက်အရ လူ ၂၀၀ ထားနိုင်အောင် တိုးချဲ့ပြင်ဆင်ထားပါတယ်။ စားသောက်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့ရဲ့ ညွှန်ကြားချက်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ကြီးကြပ်မှုနဲ့အညီ အလှူရှင်များရဲ့ လှူဒါန်းမှုအပေါ် တွက်ချက်ပြီး ရဲသာကျေးရွာအုပ်ချုပ်ရေးမှူးနဲ့ ပေါင်းစပ်ပြီး လစ်လပ်မှုမရှိအောင် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

**တွေ့ဆုံမေးမြန်း-မင်းသစ်(MNA)၊**
**စောမျိုးမင်းသိန်း(ပြန်/ဆက်)**
**ဓာတ်ပုံ-စောဂိန်း**

## မုန်တိုင်းအန္တရာယ်ကျရောက်လာပါက ခိုလှုံရမည့်နေရာများ၌ သောက်သုံးရေအခက်အခဲမရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန် နှိုးဆော်

**ဟိုင်းကြီးကျွန်း မေ ၂**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နှင့် ကျေးရွာများရှိ ဒေသခံများအတွက် မုန်တိုင်းအန္တရာယ်ကျရောက်လာပါက ခိုလှုံရမည့်နေရာများ၌ သောက်သုံးရေအခက်အခဲမရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန် မြို့သဘာဝဘေး ကြိုတင်ကာကွယ်ရေးစီမံခန့်ခွဲမှုကော်မတီက ယနေ့ နံနက်ပိုင်းက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များသို့ အသိပေးနှိုးဆော်လိုက်ကြောင်း သိရသည်။

“ယနေ့တွင် လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ နောက် ၇၂ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိပြီး မြောက် အနောက်မြောက်ဘက်သို့ တဖြည်းဖြည်းရွေ့လျားနိုင်သည်”ဟု မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ခန့်မှန်းချက်ကို သတင်းရရှိပြီး နောက်ပိုင်းတွင် ယခုကဲ့သို့ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို လုပ်ကိုင်ထားကြရန် ဒေသခံ အုပ်ချုပ်ရေးအဖွဲ့များသို့ မြို့အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် ဟိုင်းကြီးကျွန်းမြို့ သဘာဝဘေး ကြိုတင်ကာကွယ်ရေးစီမံခန့်ခွဲမှုကော်မတီက သတိပေးနှိုးဆော်မှုများကို စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဟိုင်းကြီးကျွန်းမြို့ သဘာဝဘေးကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုကော်မတီအနေဖြင့် မုန်တိုင်းအန္တရာယ်ကျရောက်လာပါက ဒေသခံများ ခိုလှုံနိုင်မည့် မုန်တိုင်းဒဏ်ခံအဆောက်အအုံ၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း စုစုပေါင်း ၁၂၈ နေရာခန့်ကို ဟိုင်းကြီးကျွန်းဒေသအတွင်း စာရင်းပြုစုရယူကာ အရေးပေါ်ကာလဖြစ်ပေါ်လာပါက သောက်ရေသုံးရေအခက်အခဲမရှိစေရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားနိုင်ရေးနှင့် မုန်တိုင်းနှင့်ပတ်သက်၍ ဒေသခံများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ဆောင်ရွက်သွားကြရန် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာနိုင်ငံ၌ ကျင်းပမည့် နိုင်ငံတကာအားကစားပြိုင်ပွဲအချို့ ရွှေ့ဆိုင်း

**ရန်ကုန် မေ ၂**

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် ယခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ကျင်းပရန် စီစဉ်ထားသည့် နိုင်ငံတကာအားကစားပြိုင်ပွဲ အချို့ကို ရွှေ့ဆိုင်းထားသည်။

ယခုနှစ်အတွင်း အရှေ့တောင်အာရှချန်ပီယံရှစ် မြားပစ်ပြိုင်ပွဲနှင့် အာရှဖလား အမျိုးသားဘော်လီဘောပြိုင်ပွဲတို့ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ကိုဗစ်-၁၉ အခြေအနေကြောင့် ကျင်းပမည့်ရက် ရွှေ့ဆိုင်းထားကာ ပြန်လည်ကျင်းပမည့်ရက်ကို ထပ်မံထုတ်ပြန်မည်ဖြစ်သည်။ အရှေ့တောင်အာရှချန်ပီယံရှစ် မြားပစ်ပြိုင်ပွဲကို မေလတွင် ရန်ကုန်မြို့ရှိ ကျိုက္ကဆံ မြားပစ်ကွင်း၌ ကျင်းပရန် စီစဉ်ထားသလို အာရှဖလား အမျိုးသားဘော်လီဘော ပြိုင်ပွဲကိုလည်း ဩဂုတ်လတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ၌ ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲနှစ်ခုကို ရွှေ့ဆိုင်းထားကြောင်း အားကစားနှင့် ကာယပညာဦးစီးဌာနက အတည်ပြုခဲ့သလို ယင်းပြိုင်ပွဲများအတွက် ရည်ရွယ်လေ့ကျင့်နေသည့် လက်ရွေးစင်အားကစားသမားများမှာလည်း ကိုဗစ်-၁၉ ရောဂါကြောင့် စခန်းဝင်လေ့ကျင့်နေမှုကို ရပ်နားထားရသည်။ အရှေ့တောင်အာရှ မြားပစ်ပြိုင်ပွဲကို မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်အနေဖြင့် အကြိမ်အများစု အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ဖူးပြီး ယခုနှစ်တွင် ထပ်မံကျင်းပခွင့်ရခြင်းဖြစ်သည်။ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သည် ၂၀၂၁ ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် ကျင်းပခြင်းလည်းဖြစ်သည်။ အာရှဖလား အမျိုးသားဘော်လီဘောပြိုင်ပွဲမှာမူ အာရှဒေသတွင်းမှ ဇုန်အလိုက် အသင်းများဖြင့် ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲဝင် ရှစ်သင်းဖြင့်သာ ကျင်းပခြင်းဖြစ်သည်။ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရခြင်းဖြစ်ပြီး ၂၀၁၂ ခုနှစ်က တစ်ကြိမ်သာ ဝင်ရောက်ယှဉ်ပြိုင်ဖူးကြောင်း သိရသည်။ ယင်းပြိုင်ပွဲကို ၂၀၀၈ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး နှစ်နှစ်တစ်ကြိမ် ကျင်းပခြင်းဖြစ်သည်။ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်သည် ယခုနောက်ပိုင်းနှစ်များတွင် အရှေ့တောင်အာရှနှင့် အာရှအဆင့်ပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည်။

မြန်မာအားကစားအဖွဲ့များသည် ကိုဗစ်-၁၉ ရောဂါကြောင့် စခန်းဝင်လေ့ကျင့်နေမှုကို ရပ်နားထားရပြီး ပြည်တွင်းပြိုင်ပွဲကျင်းပရခြင်းကို ရွှေ့ဆိုင်းထားရသလို နိုင်ငံတကာပြိုင်ပွဲများလည်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်း မရှိသေးကြောင်း သိရသည်။ နှစ်ကုန်ပိုင်းတွင် ယှဉ်ပြိုင်ရန်ရှိသည့် နိုင်ငံတကာအားကစားပြိုင်ပွဲအချို့မှာလည်း ရောဂါအခြေအနေအပေါ်မူတည်၍ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာအားကစားအဖွဲ့များမှာလည်း ရောဂါအပေါ် မူတည်၍ ပြန်လည်လေ့ကျင့်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**



၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာဘော်လီဘောအသင်း ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ-စိုးညွန့်

# တတိယမြောက်ပွဲအဖြစ် ကမ္ဘာ့ချန်ပီယံဟောင်းနှင့် ဘုန်းမြင့်ကျော် (ခ)အားတီ ယနေ့ ယှဉ်ပြိုင်မည်

**ရန်ကုန် မေ ၂**

မြန်မာ့လက်ရွေးစင် ပူးလ်ကစားသမား ဘုန်းမြင့်ကျော် (ခ) အားတီသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချောင်ရန်မြို့၌ ကျင်းပလျက်ရှိသော Chinese 8 Ball ပြိုင်ပွဲ၌ ၎င်း၏ တတိယမြောက်ပွဲစဉ်ကို မေ ၃ ရက် ည ၇ နာရီ (မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲ) တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ကစားရမည့်ပြိုင်ဘက်မှာ Liu Hai Tao ဖြစ်ပြီး ၎င်းသည် ကမ္ဘာ့ချန်ပီယံဟောင်းနှင့် တရုတ်လက်ရွေးစင် 9 Ball ကစားသမားတစ်ဦးဖြစ်ကြောင်း သိရသည်။ ယခုပွဲသည် Liu Hai Tao အတွက် ပွဲဦးထွက်ပွဲလည်း ဖြစ်သည်။ ဘုန်းမြင့်ကျော်(ခ) အားတီသည် Liu Hai Tao နှင့် နှစ်ပွဲကစားဖူးပြီးအတွေ့အကြုံချင်းကွာခြားမှုကြောင့် နှစ်ပွဲစလုံး ရှုံးနိမ့်ခဲ့ဖူးရာ ယခုတွေ့ဆုံမည့် တတိယမြောက်ပွဲသည် ရှုံးကြွေးပြန်ဆပ်ခွင့်ရမည့်ပွဲ ဖြစ်လာလိမ့်မည်ဟု ဘုန်းမြင့်ကျော် (ခ) အားတီက ပြောသည်။

"သူက အဘက်ဘက်က ပြည့်စုံကောင်းမွန်တဲ့ ကစားသမားတစ်ဦးပါ။ အတွေ့အကြုံနုသေးတဲ့ အချိန်က သူ့ကို ကျွန်တော် နှစ်ပွဲရှုံးခဲ့ဖူးပါတယ်။ အခုပွဲက ခက်ခဲမယ့်ပွဲ ဖြစ်နိုင်ပေမယ့် သူ့ကို ယှဉ်ပြိုင်နိုင်မယ့် အတွေ့အကြုံကောင်းတွေ ကျွန်တော့်မှာ ရှိနေပါပြီ။ ကျွန်တော် ရှုံးကြွေးပြန်ဆပ်ခွင့်ရတော့မယ့်ပွဲပါ။ ရှုံးကြွေးပြန်ဆပ်နိုင်လိမ့်မယ်လို့လည်း ကျွန်တော် ယုံကြည်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ထိပ်တန်းကစားသမား ရှစ်ဦးပါဝင်ယှဉ်ပြိုင်ရသော Chinese 8 Ball ပြိုင်ပွဲသည် ကစားသမားတစ်ဦးလျှင် ခုနစ်ပွဲထိုးရမည်ဖြစ်ရာ ပထမအဆင့် ပတ်လည်ပွဲစဉ်များကို မေလအတွင်း အပြီးထိုးရမည်ဖြစ်သည်။ ဘုန်းမြင့်ကျော် (ခ) အားတီသည် မေ ၃ ရက် **(ယနေ့)** ညတွင် Liu Hai Tao နှင့် ထိုးပြီးနောက် မေ ၅ ရက်တွင် Zheng Yu Bo ၊ မေ ၁၅ ရက်တွင် Yang Fan တို့နှင့် ကစားရမည်ဖြစ်ပြီး ၎င်းကစားသမား သုံးဦးစလုံး ကမ္ဘာ့ချန်ပီယံဟောင်း ဖြစ်သည်။ ထို့နောက် မေ ၁၆ ရက်တွင် အိုးပင်းချန်ပီယံဟောင်းတစ်ဦးဖြစ်သူ Wu Zheng Yu နှင့် ကစားရမည်ဖြစ်ကာ နောက်ဆုံးပွဲအဖြစ် မေ ၃၁ ရက်တွင် Chu Bing Jie နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ Chu Bing Jie သည် ကမ္ဘာ့ချန်ပီယံဟောင်းဖြစ်ပြီး ယခုပြိုင်ပွဲ၌ ရလဒ်ကောင်းများ ရရှိနေသူလည်းဖြစ်သည်။

**အာကာစိုး**



# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

### စပိန်နာမည်ကြီးအသင်းများက ကမ်းလှမ်းလာမည်ဆိုပါက ပယ်ချရန် ခက်ခဲလိမ့်မည်ဟု ဂျေမီနက်ဖ်ပြောဆို

ဝုဖ်နှင့် မက္ကဆီကို တိုက်စစ်ကစားသမား ရာအူးလ် ဂျေမီနက်ဇ် (၂၈နှစ်) သည် စပိန်နာမည်ကြီးအသင်းများဖြစ်သည့် ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာအသင်းတို့က ၎င်းကို ကမ်းလှမ်းလာမည်ဆိုပါက ပယ်ချရန် ခက်ခဲလိမ့်မည် ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

အဆိုပါ ကစားသမားကို ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာအသင်းတို့အပြင် မန်ယူ၊ စပါးနှင့် အာဆင်နယ်အသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ ဂျေမီနက်ဇ်သည် ယခုနှစ်ရာသီတွင် ဝုဖ်အသင်းအတွက် ၁၆ ဂိုးသွင်းယူပေးထားနိုင်ပြီး ဂိုးရရှိအောင် ကိုးကြိမ် ဖန်တီးပေးနိုင်ကြောင်း သိရသည်။

### တီမိုဝါနာကို ခေါ်ယူရန် လက်လွှတ်ရဖွယ်ရှိ

လီဗာပူးအသင်းသည် လိုက်ပ်ဇစ်အသင်းမှ ဂျာမနီတိုက်စစ်ကစားသမား တီမိုဝါနာ (၂၄ နှစ်) ကို ခေါ်ယူရန် လက်လွှတ်ရဖွယ်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### စပါးအသင်းသို့ ပြောင်းရွှေ့ကစားရန် ဖရေဇာ ဆန္ဒပြင်းပြ

ဘုန်းမောက်တိုက်စစ်ကစားသမား ရှိုင်ယန် ဖရေဇာ (၂၆နှစ်) သည် ယခုနှစ်နွေရာသီတွင် စပါးအသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒပြင်းပြနေကြောင်း သူ၏ မိတ်ဆွေအပေါင်းအသင်းများကို ထုတ်ဖော်ပြောကြားလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### ဟာရဲရားကို ခေါ်ယူရန် ကြိုးစားဦးမည်

အက်သလက်တီကို မက်ဒရစ်အသင်းမှ မက္ကဆီကို ကွင်းလယ်ကစားသမား ဟက်တာ ဟာရဲရား (၃၀နှစ်) သည် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ဝက်စ်ဟမ်းအသင်း၏ အဓိကပစ်မှတ်ဖြစ်ခဲ့ပြီး လာမည့်အပြောင်းအရွှေ့ကာလတွင်လည်း အဆိုပါကစားသမားကို ခေါ်ယူရန် ကြိုးစားသွားဦးမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### တောရက်စ်ကို လီဗာပူးအသင်းသို့ မပြောင်းရွှေ့ရန် တိုက်တွန်း

ဗလင်စီယာတောင်ပံကစားသမား ဖာရန် တောရက်စ် (၂၀နှစ်) ကို အသင်းဖော် ဂျို့စ်လူးဝစ် ဂါယာ (၂၄နှစ်) က လီဗာပူးအသင်းသို့ မပြောင်းရွှေ့ရန် တိုက်တွန်းလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### ကွန်ဘူလ်ဘာကို ခေါ်ယူစာချုပ်ရန် ဆွေးနွေး

စပါးအသင်းသည် အသင်းမှ ဗာတွန်ဂန်၏ နေရာကို အစားထိုးရန်အတွက် ဗီရိုနာအသင်းမှ အယ်လ်ဘေးနီးယားခံစစ်ကစားသမား ကွန်ဘူလ်ဘာ (၂၀ နှစ်)ကို ခေါ်ယူစာချုပ်ရန် ဆွေးနွေးလျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### ကိုလုံးအသင်းတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသူ သုံးဦးရှိ

ဂျာမန်ကလပ် ကိုလုံးအသင်းတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသူ သုံးဦးရှိကြောင်း ဂျာမန်ကလပ်က အတည်ပြုပြောကြားလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အဆိုပါကစားသမားများကို ၁၄ ရက် သီးသန့်စောင့်ကြပ်ကြည့်ရှုထားမည်ဖြစ်ကြောင်း ကလပ်က ပြောကြားခဲ့သည်။ ဘွန်ဒက်စ်လီဂါကလပ်သည် ဥရောပတွင် ပြိုင်ပွဲများပြန်လည်စတင်ရန် ဆုံးဖြတ်ခဲ့သည့် ပထမဆုံးလိဂ်လည်းဖြစ်သည်။

**အောင်ဇော်**

● *ကျောဖုံးမှ*

ထို့အပြင် ဂျာဂျင်ကလော့ပ်၏ လီဗာပူးအသင်းကလည်း ခံစစ်အင်အားကို ဖြည့်တင်းလိုနေပြီး ကူလီဘာလီကို ခေါ်ယူကာ ဗန်ဒိုက်နှင့် တွဲဖက်ကစားစေလိုသည်။ နာပိုလီအသင်းသည် ကိုဗစ်-၁၉ အကျပ်အတည်းကြောင့် ဘဏ္ဍာရေးအခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် ကူလီဘာလီကို ရောင်းထုတ်သွားရဖွယ်ရှိနေသည်။

ကူလီဘာလီသည် ၂၀၁၄ ခုနှစ်တွင် ဂျန့်ခ်အသင်းမှ နာပိုလီအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် Stadio San Paolo တွင် အဓိက အခန်းကဏ္ဍတွင် ပါဝင်ကစားလျက်ရှိနေသူဖြစ်သည်။ အသင်းအတွက် ၁၇၃ ပွဲ ကစားထားပြီး ၁၀ ဂိုးသွင်းယူပေးထားနိုင်ကြောင်း မှတ်တမ်းများအရ သိရသည်။

သတင်းများတွင် လီဗာပူးအသင်းအနေဖြင့် ကူလီဘာလီကို ခေါ်ယူနိုင်ခဲ့မည်ဆိုပါက အန်ဖီးလ်၌ ကင်မရွန်းခံစစ်ကစားသမား ဂျိုးလ်မာတစ်၏ အခန်းကဏ္ဍ မေးမိန်သွားဖွယ်ရှိနေပြီး ဆိုးလ်ရှားနှင့် မန်ယူပရိသတ်များအတွက်လည်း အကြီးမားဆုံးထိုးနှက်ချက်တစ်ခု ဖြစ်လာဖွယ်ရှိနေကြောင်း ဖော်ပြထားသည်။

အဆိုပါကစားသမားကို ခေါ်ယူရန် ချိတ်ဆက်နေသည့် အသင်းအများအပြားရှိနေပြီး နယူးကာဆယ်၊ အာဆင်နယ်နှင့် ချယ်လ်ဆီးအသင်းတို့လည်း ပါဝင်နေသည်။

**အောင်ဇော်**

## ထူးခြားသည့်နေ့အပူချိန်များ

**၂-၅-၂၀၂၀**

ချောက်မြို့နှင့် အမ်းမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီနှင့် မကွေးမြို့၊ ပဲခူးမြို့၊ မော်ဘီမြို့၊ သထုံမြို့နှင့် သိမ်ဖြူမြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီ တို့ ဖြစ်ကြသည်။

## မှတ်သားဖွယ်ရာမိုးရေချိန်များ

**၂-၅-၂၀၂၀**

လှည်းကူးမြို့တွင် ၂ ဒသမ ၈၀ လက်မ၊ ဇောင်းတူမြို့တွင် ၁ ဒသမ ၂၆ လက်မ၊ ရန်ကုန်(မင်္ဂလာဒုံ မြို့နယ်)တွင် ၁ ဒသမ ၀၆ လက်မ၊ သာယာဝတီမြို့တွင် ၁ ဒသမ ၀၃ လက်မ၊ ဥက္ကံမြို့တွင် ၀ ဒသမ ၇၉ လက်မ၊ မဒေါက်မြို့၊ ဖျာပုံမြို့နှင့် ကျိုက္ခမီမြို့တို့တွင် ၀ ဒသမ ၇၅ လက်မစီ၊ မအူပင်မြို့တွင် ၀ ဒသမ ၇၁ လက်မ၊ နေပြည်တော် လေဆိပ်(ဧလာ)တွင် ၀ ဒသမ ၅၉ လက်မနှင့် ပေါင်မြို့တွင် ၀ ဒသမ ၅၅ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

# ARSA အကြမ်းဖက်သမားများက မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်ခြံစည်းရိုး ကင်းလှည့်ဆောင်ရွက်နေသော နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များအား ချောင်းမြောင်းပစ်ခတ်

**နေပြည်တော် မေ ၂**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်မျဉ်းတစ်လျှောက် တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားမဝင် ဖြတ်ကျော်မှုနှင့် မူးယစ်ဆေးဝါးများ သယ်ယူပို့ဆောင်မှု မရှိစေရေးတို့အတွက် လုံခြုံရေးဆောင်ရွက်လျက်ရှိသော နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များကို ယနေ့ နံနက်ပိုင်းတွင် ARSA အကြမ်းဖက်သမားများက ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းမှ ချောင်းမြောင်းပစ်ခတ်ခဲ့ကြောင်း သိရသည်။

**ဆုတ်ခွာထွက်ပြေး**

ဖြစ်စဉ်မှာ ယနေ့ နံနက်ပိုင်းတွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက နယ်စပ်ခြံစည်းရိုး တစ်လျှောက် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် နယ်ခြားမှတ်တိုင်၊ ဘီပီ ၄၁ ၏ အရှေ့တောင်ဘက် မီတာ ၄၀၀ ခန့် ၌ ARSA အကြမ်းဖက်သမားများက ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းမှ ချောင်းမြောင်းပစ်ခတ်ခဲ့ကြောင်း၊ ဖြစ်စဉ်ဖြစ်လျှင်ဖြစ်ချင်း နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်စစ်ကြောင်းတို့က စစ်ကူလိုက်ခဲ့ပြီး ပြန်လည်ပစ်ခတ်ခဲ့ခြင်းကြောင့် အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားကြောင်းသိရှိရပြီး ဖြစ်စဉ်တွင် ရဲတပ်ဖွဲ့ဝင် ၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း။


ARSA အကြမ်းဖက်သမားများအနေဖြင့် နယ်စပ်မျဉ်းမှတစ်ဆင့် ခိုးဝင်ပြီး အကြမ်းဖက်မှုများဆောင်ရွက်လျက်ရှိရာ ဧပြီ ၈ ရက်တွင် ခမောင်းဆိပ်ကျေးရွာ၏ အနောက်ဘက်မီတာ ၂၅၀၀ ခန့်အကွာရှိ ၎င်းတို့၏ ယာယီနေရာအတွင်းမှ ခဲယမ်းများ၊ အသုံးအဆောင်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း။

**အသေဖမ်းဆီးရမိ**

ထို့ပြင် ဧပြီ ၁၅ ရက်တွင် အောင်ဇူနယ်မြေရုံးမှ အရေးကြီးလုပ်ငန်းများ စာရွက်စာတမ်းများပေးပို့သော ရဲတပ်ဖွဲ့ဝင်များကို ခမောင်းဆိပ်ကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာ၌ ချောင်းမြောင်းပစ်ခတ်ခဲ့ခြင်းကြောင့် ရဲတပ်ဖွဲ့ဝင် ၁ ဦး ကျဆုံးခဲ့ကြောင်း၊ အလားတူ ဧပြီ ၂၉ ရက်တွင်လည်း နယ်စပ်မှတ်တိုင် အမှတ်၊ ဘီပီ ၄၁ ၏ မြောက်ဘက် မီတာ ၁၅၀၀ ခန့်အကွာတွင် ARSA အကြမ်းဖက်သမား ၂ ဦးကို မူးယစ်ဆေးဝါးများ၊ ဒေသန္တရလက်လုပ်မိုင်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသေဖမ်းဆီးရမိခဲ့ကြောင်း။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုးတစ်လျှောက် တည်ငြိမ်အေးချမ်းရေး၊ နယ်မြေစိုးမိုးရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက စနစ်တကျ ပိုမိုဂရုတစိုက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**




## မြန်မာ့ရုပ်မြင်သံကြား

၃ . ၅ . ၂၀၂၀ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၆:၀၀ – တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
- ၇:၀၀ – Breakfast News
- ၇:၃၅ – လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "မြိတ်မြို့ကျက်သရေဆောင် လေးကျွန်းဆီမီး စေတီတော်မြတ်ကြီး"
- ၈:၃၅ – နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)
- ၉:၂၀ – ကာတွန်းအစီအစဉ် "တရုတ်ဝိုင်းပိတ်ကျားပညာ" (အပိုင်း- ၁)
- ၉:၄၅ – "မင်္ဂလာပါ အင်္ဂလိပ် သင်ခန်းစာအစီအစဉ်" (ပြန်လည်သုံးသပ်ခြင်း) (Reviewing)(Part- 2)
- ၁၀:၀၀ – Sunday Talk
- ၁၀:၃၀ – မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၁၂: ၃၀ – "ရတနသုတ်တော်နှင့် ပတ်သက်သည့် သင်ကြားပို့ချမှု" (အပိုင်း- ၉)
- ၁၃: ၅၀ – မြန်မာဂန္ထဝင်ရုပ်ရှင် "ပန်းစကား"

**ညပိုင်း**

- ၁၆:၃၀ – (၇၄)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြု ဇာတ်လမ်း " 191 " (အပိုင်း- ၂)
- ၁၇:၄၀ – ထူးခြားစုံလင် အာရှပစိဖိတ် အစီအစဉ်
- ၁၈:၄၀ – လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "သန့်ရှင်းမြို့ပြစံပြဆုရ လွိုင်ကော်ဒေသ"
- ၂၀:၀၀ – ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- – နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (ပြည်ထောင်စုရှေ့နေချုပ်ရုံး)
- – ဘဝနှင့်အနုပညာ (ဖြတ်သန်းလာသမျှ အနုပညာဘဝ) " ဂီတပါရမီရှင် ထူးအိမ်သင်" (အပိုင်း- ၂)
- – မြန်မာဗီဒီယိုဇာတ်လမ်း "အဆင့်မြင့်ချစ်စကား"
- – တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)

## ကလေး၊ ရေး၊ တောင်ကြီးနှင့် တာချီလိတ် မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလေးမြို့ တပ်ဦးသီတာရပ်ကွက် အိမ်အမှတ်(၉)နေ မျိုးမြင့်အောင်(ခ) ကိုလတ်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀၀ နှင့် ဖုန်းနှစ်လုံး သိမ်းဆည်းရမိခဲ့သည်။

အလားတူ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် ရေးမြို့နယ် အဘော်ကျေးရွာ မွေးမြူရေးဇုန်ရပ်ကွက်နေ မဖြိုးဇာဇာဟန်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅၅ ပြား၊ အိုက်စ် သုညဒသမ ၀၀၅ ကီလိုနှင့် ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ နံနက် ၉ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် ပန်းတင်လမ်းခွဲ (၁၈) အိမ်အမှတ် (၆/၉၇)နေ ဌေးအောင် (ခ) လအန်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၄၀ ကိုလည်းကောင်း။

အလားတူ နံနက် ၈ နာရီခွဲက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်း ရပ်ကွက်(ခ)၊ ဝမ်မိုင်ကွက်သစ်လမ်းတွင် ကိုကိုလွင် မောင်းနှင်ပြီး အာကာဇော် လိုက်ပါလာသည့် ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် ငွေစေတီလမ်းရှိ အာကာဇော်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၅၈၆၀၀ ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## ညောင်လေးပင်မြို့၌ ခြောက်ဘီးယာဉ်က ဆိုင်ကယ်ကိုဝင်တိုက်၍ တစ်ဦးသေဆုံး

**ညောင်လေးပင် မေ ၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် စမ်းကလေးကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ် ၈၆/၁ နှင့် ၂ အကြားတွင် မေ ၁ ရက် ညနေ ၆ နာရီ ၁၅ မိနစ်ခန့်က ခြောက်ဘီးယာဉ် လမ်းချော်၍ ဆိုင်ကယ်ကို တိုက်မိကာ အမျိုးသားတစ်ဦး သေဆုံးသွားသည်။

မန္တလေးမှ ရန်ကုန်ဘက်သို့ ညောင်လေးပင်မြို့ မြို့မ(၁)ရပ်ကွက်နေသူ ဇော်ရဲအောင်(၂၃ နှစ်) မောင်းနှင်လာသော YGN-1H/---- ဟွန်ဒိုင်းခြောက်ဘီးယာဉ်သည် မိုးရွာစဉ် လမ်းချော်မှုကြောင့် တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ မျက်နှာချင်းဆိုင်မှ ကျောက်တံခါးမြို့ ဘူတာလမ်း စာတိုက်ရပ်ကွက်နေသူ ဦးထွန်းဝင်း(၄၇ နှစ်) မောင်းနှင်လာသော ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ဦးထွန်းဝင်းတွင် ဒဏ်ရာများရရှိ၍ အခင်းဖြစ်နေရာတွင်သေဆုံးသွားပြီး ခြောက်ဘီးယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဇော်ရဲအောင်ကို ညောင်လေးပင်မြို့မ ရဲစခန်းက ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း မြို့မစခန်းမှူး ဒုရဲမှူး ဌေးဝင်းထံမှ သိရသည်။

**နေလင်း(ညောင်လေးပင်)**

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၃၇ စီး၊ သွင်းကုန် ၇၉၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၅၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆ ဒသမ ၆၇၉ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၄၉ သန်း စုစုပေါင်း တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈ ဒသမ ၁၆၉ သန်းအား ဖမ်းဆီးရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ISUZU ELF NPR 81 ယာဉ်တစ်စီးပေါ်တွင် စားသောက်ကုန်များနှင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွားရွေ ၂၅ တုံး (၁ ဒသမ ၆၅၈၆) တန်၊ တမလန်းခွားရွေ ၁၀ တုံး (၀ ဒသမ ၅၆၇၈) တန်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် ၁ စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆ ဒသမ ၆၇၉ သန်းကို တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဘိုကလေးနှင့် မိုးညိုမြို့နယ်တို့တွင် မိုးကြိုးပစ်ခံရ၍ နှစ်ဦးသေဆုံး

**ဘိုကလေး မေ ၂**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကာလီကျေးရွာနေ ကျော်ကျော်မင်း (၃၆ နှစ်) သည် မေ ၁ ရက် ညနေ ၅ နာရီက နေအိမ်နောက်ဖေးသို့ အပေါ့သွားစဉ် မိုးကြိုးပစ်ခံရ၍ ဒဏ်ရာများဖြင့် သေဆုံးသွားကြောင်း သတင်းအရ စက်ဆန်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးပြီး အလောင်းကို စက်ဆန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း၊ ၎င်းသေဆုံးမှုကို စက်ဆန်းနယ်မြေရဲစခန်း၌ သေမှုသေခင်းဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အလားတူ ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ရှမ်းစုကုန်းကျေးရွာနေ ဒေါ်သန်း (၆၅ နှစ်) သည် မေ ၁ ရက် ညနေ ၅ နာရီ မိနစ် ၅၀ က နေအိမ်ထဲသို့ ဝင်ရောက်စဉ် မိုးကြိုးပစ်ခံရပြီး ဒဏ်ရာများဖြင့် သေဆုံးသွားကြောင်း သိရသည်။

**ရဲပြန်ကြား**

## လွိုင်ကော်မြို့နယ်ရှိ ကျေးရွာအချို့တို့တွင် မိုးသက်လေပြင်းကြောင့် နေအိမ် ၁၂ လုံး အမိုးလန်ပျက်စီး

**လွိုင်ကော် မေ ၂**

ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင် ယနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ ခန့်က မိုးသက်လေပြင်း ကျရောက်မှုကြောင့် ကုန်းသာကျေးရွာ၊ ထီးသူကူးကျေးရွာနှင့် နိုးကိုးကျေးရွာတို့ရှိ နေအိမ် ၁၂ လုံး အမိုးလန်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသက်လေပြင်းကျရောက်မှုကြောင့် မြို့ပေါ်ရှိ ရပ်ကွက်များတွင်လည်း ပျက်စီးမှုအနည်းငယ်ရှိခဲ့ပြီး ကုန်းသာကျေးရွာတွင် နေအိမ် ရှစ်လုံး၊ နွားလဝိုးကျေးရွာအုပ်စု ပဒါးညေးကျေးရွာတွင် ဈေးဆိုင်ခန်း နှစ်ခန်း၊ လယ်ထွဲကျေးရွာတွင် နေအိမ် တစ်လုံး၊ ထီးသူကူးကျေးရွာတွင် နေအိမ် တစ်လုံးနှင့် နိုးကိုးကျေးရွာတွင် နေအိမ် နှစ်လုံးတို့ အမိုးလန်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**



လေပြင်းတိုက်မှုကြောင့် အမိုးလန်ပျက်စီးသွားသည့် နေအိမ်တစ်လုံးကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ တိုက်ဖျက်ရာတွင် အရေးကြီးသည့်အချက်များကို ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထား

ပေကျင်း မေ ၂

**တရုတ်နိုင်ငံအလယ်ပိုင်းရှိ ကိုဗစ်-၁၉ အများဆုံးဖြစ်ပွားခဲ့သည့် ဟူပေပြည်နယ်မြို့တော် ဝူဟန်ရှိ ဆေးရုံမှနောက်ဆုံးလူနာ ၁၂ ဦး ဆေးရုံမှ ဆင်းသွားပြီးနောက် ယခုအခါတွင် တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ လူနာများ ကင်းစင်သွားပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မေ ၂ ရက်က ဖော်ပြလိုက်သည်။**

တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ တိုက်ဖျက်ရာတွင် အဓိက သော့ချက်များကို ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားရာ ၎င်းတို့မှာ ကူးစက်ရောဂါထိန်းချုပ်ရန် လုပ်ဆောင်နိုင်သမျှလုပ်ဆောင်ခြင်း၊ ရောဂါတိုက်ဖျက်ရေးအတွက် တစ်နိုင်ငံလုံးတစ်သားတည်းဖြစ်နေခြင်း၊ စုစည်းမှု၊ ညှိနှိုင်းမှုဖြင့် တုံ့ပြန်ခြင်း၊ ရောဂါဖြစ်ပွားမှုပြင်းထန်သောမြို့များကို ဝင်ထွက်ခွင့်ပိတ်ပင်ခြင်း၊ သက်ကြီးရွယ်အိုများနှင့် ကလေးများကို အထူးစောင့်ရှောက်မှုများ လုပ်ဆောင်ခြင်းတို့ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံနှင့် နိုင်ငံ့ခေါင်းဆောင်များသည် ကိုဗစ်-၁၉ တိုက်ဖျက်ရာတွင် ပြည်သူများ၏အသက်နှင့် ကျန်းမာရေးကို အမြဲတစေ ထိပ်တန်းဦးစားပေးအဖြစ် မှတ်ယူကာ ပြည်သူများ၏အကျိုးစီးပွားကို အရာအားလုံးအပေါ်တွင် ထားရှိကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ပြည်သူ့စစ်ပွဲတစ်ခုအဖြစ် ရောဂါကို တိုက်ဖျက်ခဲ့သည်။ နိုင်ငံတစ်ဝန်းရှိ ကျန်းမာရေးဝန်ထမ်း ၄၂,၀၀၀ ကျော်ကိုလည်း ဟူပေပြည်နယ်သို့ စေလွှတ်ခဲ့သည်။ တစ်နိုင်ငံလုံးရှိအလုပ်သမားများက ဝူဟန်သို့ အပြေးအလွှားသွားရောက်ကာ ဆေးရုံများကို အလျင်အမြန်တည်ဆောက်ခဲ့ကြသည်။ အရင်းအမြစ်များနှင့် ထောက်ပံ့ပစ္စည်းများကိုလည်း လမ်းကြောင်းလေးသွယ်မှ စုပေါင်းထောက်ပံ့ခဲ့ကြသည်။ ထို့အပြင် တရုတ်နိုင်ငံသည် ရောဂါသက်သာရေးနှင့် ကုသရေးစုပေါင်းနည်းလမ်းများကို ဆောင်ရွက်ခဲ့သည်။ တရုတ်နိုင်ငံသည် ဝူဟန်မြို့၌ ဇန်နဝါရီ ၂၃ ရက်မှစတင်ကာ ၇၆ ရက်ကြာ ပြင်ပထွက်ခွာခွင့် လမ်းကြောင်းများကို ပိတ်ထားခဲ့ပြီးနောက် အခြေအနေများ တိုးတက်လာခဲ့သည်။ ဝူဟန်မြို့ရှိ ပြည်သူများလည်း စည်းကမ်းများကို လိုက်နာဆောင်ရွက်ခဲ့သည်။

တရုတ်နိုင်ငံသည် ရောဂါကူးစက်ခံရသူများ၊ သက်ကြီးရွယ်အိုများနှင့် ကလေးများကို ကယ်တင်ရာ၌ ကြိုးပမ်းအားထုတ်မှုလုပ်ဆောင်ရာတွင် ချွေတာခဲ့ခြင်းမရှိ။ ဝူဟန်မြို့တွင် အသက် ၈၀ အထက် ကိုဗစ်-၁၉ ကူးစက်ခံရပြီး



ဝူဟန်မြို့လယ်တစ်နေရာကို တွေ့ရစဉ်။

သက်သာပျောက်ကင်းသွားသူ ၇၀ ရာခိုင်နှုန်းရှိခဲ့သည်။ အသက်ရာကျော်ရှိသည့် လူနာခုနစ်ဦးလည်း ဆေးရုံမှ ဆင်းသွားပြီဖြစ်သလို ၎င်းတို့အနက် အသက်အကြီးဆုံးမှာ ၁၀၈ နှစ်အရွယ်ရှိပြီဖြစ်ကြောင်း သိရသည်။ နိုင်ငံတစ်ဝန်း ကလေးငယ်များလည်း ရောဂါပျောက်ကင်းပြီး အငယ်ဆုံးကလေးမှာ နှစ်လအရွယ်မိန်းကလေးဖြစ်သည်။ **ဆင်ဟွာ**

# ဩစတြေးလျမြို့တော်နှင့် အနီးဒေသများတွင် ကိုဗစ်-၁၉ တားမြစ်ကန့်သတ်ချက်များကို ဖြေလျှော့ပေး

**ကင်ဘာရာ မေ ၂**

ဩစတြေးလျမြို့တော်တွင် ယခုရက်သတ္တပတ်မှစပြီး ကိုဗစ်-၁၉ တားမြစ်ကန့်သတ်ချက်များ ဖြေလျှော့ပေးနေပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ဩစတြေးလျမြို့တော် အကြီးအကဲ အန်ဒရူးဘားရ်က မြို့တော်ကင်ဘာရာ ဒေသခံများအား ညွှန်ကြားချက်များကို လျှော့ချပေးနေပြီဖြစ်ကြောင်း ကြေညာလိုက်သည်။

ညွှန်ကြားချက်အသစ်များအရ လူမှုရေးဆိုင်ရာ ခပ်ခွာခွာနေထိုင်ရမည့် အချက်များကို လိုက်နာပြီး နိုင်ငံသားများအနေဖြင့် အုပ်စုငယ်လေးများဖြင့် မြို့တော်ဒေသအပြင်ဘက်ရှိ မိတ်ဆွေများဆီ ခရီးသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

နိုင်ငံသားများအနေဖြင့် ထပ်မံဖြစ်ပွားလာနိုင်သည့် ကိုဗစ်-၁၉ လှိုင်းကိုကာကွယ်နေသမျှ အကြီးအကဲဘားရ်နှင့် ဒုတိယအကြီးအကဲ ဗက်တီဘာရီက နောက်ထပ်ဖြေလျှော့မှုများကို တဖြည်းဖြည်းထုတ်ပြန် ကြေညာသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ထို့အပြင် ဈေးဝယ် ထွက်ခွင့်များလည်း ပြန်လည်ခွင့်ပြုပေးနေပြီဖြစ်ကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၆၇၈၃ဦးရှိပြီး ၎င်းတို့ထဲတွင် ၉၃ ဦးမှာ သေဆုံးခဲ့သည်။ ၅၇၈၉ ဦးမှာ ဆေးရုံမှ ပြန်လည်ဆင်းသွားပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဩစတြေးလျ မြို့တော်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၁၀၆ ဦးရှိပြီး သေဆုံးသူ သုံးဦးရှိကြောင်း သိရသည်။

ကပ်ရောဂါကို တုံ့ပြန်သည့်အခါတွင် မိမိတို့အနေဖြင့် စိတ်ချရသည့်အချိန်အထိ တားမြစ်ကန့်သတ်ချက်များ ထားရန်လိုကြောင်း အကြီးအကဲဘားရ်နှင့် ဒုတိယအကြီးအကဲ ဘာရီတို့က ထုတ်ပြန်ကြေညာချက်တွင် ပြောကြားလိုက်သည်။

ဆင်ဟွာ



ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် ကိုဗစ်-၁၉ ကြောင့် နှာခေါင်းစည်း စည်းပြီးသွားလာနေကြသူများကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ကြောင့် ဂျပန်နိုင်ငံ၏အားလပ်ရက်မှာ ခြောက်သွေ့တိတ်ဆိတ်လျက်ရှိ

**တိုကျို မေ ၂**

ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုဖြစ်ပွားလျက်ရှိရာ နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာထားသောကြောင့် လမ်းမများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် နိုင်ငံခြားသားအပန်းဖြေအနားယူရာ နေရာများတွင် ဧပြီလနှောင်းပိုင်းမှ စတင်သည့် အားလပ်ရက် ကာလအတွင်း ခြောက်သွေ့ တိတ်ဆိတ်လျက်ရှိကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ပြည်သူများကို နေအိမ်၌သာ နေထိုင်ရန် တိုက်တွန်းထားသောကြောင့် ငါးရက်တာ အားလပ်ရက်ကာလ၏ ပထမဆုံးရက်ဖြစ်သည့် မေ ၁ ရက်တွင် တိုကျိုမြို့၏ ထင်ရှားကျော်ကြားသော နေရာများတွင် ကန္တာရသဖွယ်ခြောက်ကပ်တိတ်ဆိတ်လျက်ရှိကြောင်း သိရသည်။



ဂျပန်နိုင်ငံ၏ ရထားလိုင်းတစ်ခုတွင် လူများရှင်းလျက်ရှိသည်ကို တွေ့ရစဉ်။

ခရီးသွား အနည်းငယ်သာ ကျည်ဆန်ရထားနှင့် လေယာဉ်များကို စီးကာ မိသားစုများဆီသွားရောက်လည်ပတ်လျက်ရှိသည်။ တိုကျိုမြို့၏ အဓိက ရထားလိုင်းများမှာလည်း ခရီးသည်များ နည်းပါးလျက်ရှိသည်။ များစွာသောရထားများလည်း လူ ၁၀ ဦး ထက်မပါဘဲ ပြေးဆွဲလျက်ရှိသည်။

မှန်လုံအမြန်ယာဉ် သယ်ယူပို့ဆောင်ရေးများမှာလည်း ကျဲပါးလျက်ရှိသည်။ ပုံမှန်နှစ်များဆိုလျှင် လမ်းပေါ်တွင် ယာဉ်များမှာ မြွေကြီးတစ်ကောင်အလား တွန့်လိမ်ကောက်ကွေးလျက် လမ်းကြောင်းမဆုံးနိုင်အောင်ရှိကြောင်း သိရသည်။

ဖက်ရှင်ဆိုင်များနှင့် စတိုးဆိုင်များလည်း ပိတ်ထားလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# ထိုင်းနိုင်ငံတွင် ကန့်သတ်မှုများလျှော့ချပေးရန် စီစဉ်နေမှုနှင့်အတူ ကိုဗစ်-၁၉ အတည်ပြုလူနာ ခြောက်ဦး ထပ်မံတိုးလာ

**ဘန်ကောက် မေ ၂**

ထိုင်းနိုင်ငံ၌ မေ ၂ ရက်တွင် ကိုဗစ်-၁၉ အတည်ပြုလူနာ ခြောက်ဦး ထပ်မံမြင့်တက်လာခဲ့ကြောင်း၊ သို့သော်လည်း သေဆုံးမှုမရှိကြောင်း၊ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်းမှာ ယခုအခါတွင် ၂၉၆၆ ဦး အထိ မြင့်တက်လာပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

### ပြန်လည်သက်သာလာ

ကိုဗစ်-၁၉ ရောဂါ ပြည်နယ်ပေါင်း ၆၈ ပြည်နယ်တွင် ဖြစ်ပွားလျက်ရှိရာ ဗန်ကောက်တွင် ကူးစက်ခံရသူပေါင်း ၁၅၂၄ ဦးရှိသည်။ သေဆုံးသူပေါင်းမှာ ၅၄ ဦးရှိပြီး လူပေါင်း ၂၇၃၂ ဦးမှာ ပြန်လည် သက်သာလာပြီး အိမ်ပြန်သွားပြီဖြစ်သည်။

ကိုဗစ်-၁၉ အတည်ပြုလူနာသစ်များသည် ယခင်ကိုဗစ်-၁၉ ဖြစ်ပွားခဲ့သူများနှင့် ထိတွေ့ခဲ့သူများဖြစ်ကြသည်။ ထို့အတူ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့မှ ပြန်လာသော ထိုင်းနိုင်ငံသားများလည်း ပါဝင်ကြောင်း သိရသည်။

### ကန့်သတ်မှုဖြေလျှော့ရန်လုပ်ဆောင်

ထိုင်းနိုင်ငံတွင် ကန့်သတ်ချုပ်ချယ်မှုများကို စတင်ဖြေလျှော့ပေးရန်လည်း လုပ်ဆောင်လျက်ရှိကြောင်း သက်ဆိုင်ရာအာဏာပိုင်များက မေ ၂ ရက်တွင် ပြောကြားလိုက်သည်။

ဆင်ဟွာ

# လာအိုနိုင်ငံတွင် ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာပြီးနောက် ရောဂါပိုးထပ်မံတွေ့ရှိ

**ဗီယန်ကျင်း မေ ၂**

လာအိုနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရမှုမှ လုံးဝပြန်ကောင်းလာပြီးနောက် ယခုတစ်ခါထပ်မံစစ်ဆေးကြည့်ရာ ကိုဗစ်-၁၉ ထပ်မံတွေ့ရှိခဲ့ကြောင်း လာအို ဒုတိယကျန်းမာရေးဝန်ကြီးက ပြောကြားလိုက်သည်။


အဆိုပါလူနာမှာ အသက် ၂၀ ရှိသည့် ကျောင်းသားတစ်ဦးဖြစ်ပြီး ဗြိတိန်မှ ပြန်လာသူဖြစ်ကြောင်းနှင့် ၎င်းသည် လာအိုနိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက်ခံရသည့် ၁၄ ဦးမြောက် လူနာဖြစ်ကြောင်း ကြေညာခဲ့ပြီးနောက် ပြန်လည်ကောင်းမွန်လာကာ ဆေးရုံမှ ဧပြီ ၁၆ ရက်တွင် ဆင်းလာခဲ့သည်။

အဆိုပါလူနာကို ၁၄ ရက်စောင့်ကြည့်ပြီးနောက် ပြန်လည်စမ်းသပ်စစ်ဆေးလိုက်ရာ ကိုဗစ်-၁၉ တွေ့ရှိကြောင်း ဒုတိယကျန်းမာရေးဝန်ကြီးက ပြောကြားလိုက်သည်။

မေ ၁ ရက်အထိ လာအိုနိုင်ငံတွင် ကိုဗစ်-၁၉ သံသယရှိသူပေါင်း ၂၁၆၅ ဦးရှိပြီး ကူးစက်ခံရသူပေါင်း ၁၉ ဦးရှိကာ ဆေးရုံမှ ဆင်းသွားသူပေါင်း ကိုးဦးရှိကြောင်း သိရသည်။

ဆင်ဟွာ

# ရီယိုဒီဂျနေးရိုးမြို့တွင် ကိုဗစ် – ၁၉ လူနာများ ကုသရန် ယာယီဆေးရုံဖွင့်လှစ်



ဆော်ပိုလိုမြို့ အားကစားကွင်းအတွင်း တည်ဆောက်ထားသည့် ယာယီဆေးရုံကို တွေ့ရစဉ်။

**ရီယိုဒီဂျနေးရိုး မေ ၂**

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင် မေ ၁ ရက်က ကိုဗစ် – ၁၉ လူနာများကိုကုသရန် ဒုတိယမြောက် ယာယီဆေးရုံသစ်ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

ဘရာဇီးတွင် ကိုဗစ် –၁၉ ကူးစက်လူနာများကြောင့် မြို့တော်ရှိ ပြည်သူ့ဆေးရုံတွင် ဝန်ပိနေရသည့်အတွက် ယခုလို နောက်ထပ်ယာယီဆေးရုံ ဖွင့်လှစ်ရခြင်းဖြစ်သည်။ အဆိုပါဆေးရုံသည် ယာယီဆေးရုံများထဲတွင် အကြီးဆုံးဖြစ်ပြီး ကုသရေးအတွက် ခုတင် ၅၀၀ ဆံ့ဆေးရုံဖြစ်ပြီး အထူးကြပ်မတ်ရေးလူနာဆောင်အတွက် ခုတင် ၁၀၀ ပါရှိသည်။

ဆေးရုံဖွင့်ပွဲအခမ်းအနားတွင် ဆေးရုံမှ ညွှန်ကြားရေးမှူး နှလုံးရောဂါအထူးကုဆရာဝန်ကြီး ဗယ်လက်စကာမာ့ခ်က လူနာများအားလုံး မိသားစုထံပြန်နိုင်ရေး နေ့ရောညပါ အစွမ်းကုန်ကြိုးစားသွားမည်ဟု ပြောကြားခဲ့သည်။ ဘရာဇီးနိုင်ငံတွင် ပထမဆုံးယာယီဆေးရုံကို လက်ဘာလွန်မြို့၌ ဧပြီ ၂၅ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ခုတင် ၂၀၀ ဆံ့ဆေးရုံဖြစ်သည်။

တတိယမြောက်ယာယီဆေးရုံကို လာမည့်သီတင်းပတ်အတွင်း မာရာကာနာဘောလုံးကွင်းအတွင်း ဖွင့်လှစ်သွားမည်ဖြစ်သည်။

ယင်းဆေးရုံတွင် ခုတင် ၄၀၀ ပါရှိမည်ဖြစ်ပြီး အထူးကြပ်မတ်ကုသဆောင်အတွက် ခုတင် ၈၀ ပါရှိမည်ဖြစ်သည်။

ရီယိုဒီဂျနေးရိုး အုပ်ချုပ်ရေးမှူး ဝေဆင် ဝစ်ဇယ်က မေလအကုန်ပိုင်းတွင် ယာယီဆေးရုံများ၌ ခုတင် ၁၈၀၀ အထိရှိလာအောင် ကြိုးပမ်းသွားမည်ဟု ကတိပြုခဲ့သည်။

ရီယိုဒီဂျနေးရိုးပြည်နယ်သည် ကိုဗစ် –၁၉ ဆိုးရွားစွာ ကူးစက်ခံနေရသည့် ပြည်နယ်ဖြစ်ပြီး ဆော်ပိုလိုက ဒုတိယမြောက် ကိုဗစ် –၁၉ လူနာအများဆုံးဖြစ်သည်။

ရီယိုဒီဂျနေးရိုး၌ ဧပြီ ၃၀ ရက်တွင် ကူးစက်ခံရသည့် လူနာပေါင်း ၉၄၅၃ ဦးရှိပြီး သေဆုံးသူ ၈၅၄ ဦးရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ကမ္ဘာ့ကူးစက်ရောဂါအပြီးတွင် ၂၀၃၂ အိုလံပစ် အားကစားပြိုင်ပွဲ ကျင်းပခွင့်ရရေး အိန္ဒိယမှ ကြိုးပမ်းသွားမည်




၂၀၁၀ ပြည့်နှစ်က အိန္ဒိယ၌ ကျင်းပခဲ့သည့် ဓနသဟာယအားကစားပြိုင်ပွဲ။

**နယူးဒေလီ မေ ၂**

တစ်ကမ္ဘာလုံးရင်ဆိုင်နေရသည့် ကိုဗစ် –၁၉ ကပ်ရောဂါကြီးအပြီးတွင် ၂၀၃၂ အိုလံပစ်အားကစားပြိုင်ပွဲနှင့် အခြားသောအပြည်ပြည်ဆိုင်ရာအားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေး အိန္ဒိယနိုင်ငံမှ ကြိုးပမ်းသွားမည်ဟု အားကစားအဆင့်မြင့်အရာရှိတစ်ဦးဖြစ်သူ နာရင်ဒရာဘတ်ရာက အေအက်ဖ်ပီသို့ ပြောသည်။

လွန်ခဲ့သော ၁၀ နှစ်က ဓနသဟာယနိုင်ငံများ အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ပြီးနောက် အိန္ဒိယနိုင်ငံသည် အတွေ့အကြုံများရရှိခဲ့ကြောင်း အိန္ဒိယအိုလံပစ်ကော်မတီဥက္ကဋ္ဌက ပြောသည်။ ၂၀၂၆ ခုနှစ် လူငယ်အိုလံပစ်အားကစားပြိုင်ပွဲနှင့် ၂၀၃၂ အိုလံပစ်အားကစားပြိုင်ပွဲတို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေး စိတ်အားထက်သန်နေသည်ဟု ၎င်းက မေ ၁ ရက်တွင် ပြောကြားခဲ့သည်။

အိုလံပစ်အားကစားပြိုင်ပွဲ လက်ခံကျင်းပနိုင်ရေး အိန္ဒိယမှစိတ်ဝင်စားကြောင်း အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီသို့ စာရေးသားပေးပို့ပြီးဖြစ်ကြောင်း၊ သို့သော် ၂၀၂၆အားကစားပြိုင်ပွဲကျင်းပခွင့်ရရေး ထိုင်းနိုင်ငံ၊ ရုရှားနိုင်ငံ၊ ကိုလံဘီယာနိုင်ငံတို့နှင့် ယှဉ်ပြိုင်သွားရဖွယ်ရှိကြောင်း သိရသည်။ သို့သော် လက်ရှိအခြေအနေတွင် ကပ်ရောဂါဖြစ်ပွားနေမှုကြောင့် ပြိုင်ဆိုင်မှုများ ရပ်တန့်နေသည်။ လွန်ခဲ့သည့် ၁၀နှစ်က ကျင်းပခဲ့သည့်ဓနသဟာယနိုင်ငံများ အားကစားပြိုင်ပွဲတွင် အိန္ဒိယသည် ဆောက်လုပ်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု၊ အခြေခံအဆောက်အအုံများ လုံလောက်မှုမရှိခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ အလွဲသုံးစားမှုတို့ရှိခဲ့သည်ဟု ပြောစမှတ်ပြုခဲ့သည်။

**အေအက်ဖ်ပီ**

# အမေရိကန်က Remdesivir ဆေးကို အရေးပေါ်ဆေးအဖြစ် တရားဝင်အသုံးပြုခွင့်ပေး

**ဝါရှင်တန် မေ ၂**

အမေရိကန်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) သည် Remdesivir ဆေးကို ကိုဗစ် –၁၉ လူနာများအတွက် အရေးပေါ် ကုသဆေးအဖြစ် ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ထရမ့်က ပြောကြားခဲ့သည်။

မေ ၁ ရက်တွင် ထရမ့်က ယခုလိုကြေညာပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါဆေးသည် မယုံကြည်နိုင်လောက်အောင် ရလဒ်ကောင်းများ ပေးကြောင်း ထရမ့်က ပြောကြားခဲ့သည်။ Remdesivir ဆေးကို Gilead Sciences မှ ထုတ်လုပ်ခြင်းဖြစ်ပြီး ယခင် အီဘိုလာလူနာများကို အဆိုပါဆေးဖြင့် စမ်းသပ်ကုသပေးခဲ့သည်။

ကိုဗစ် –၁၉ လူနာအနည်းငယ်ကို ဇန်နဝါရီလမှစတင်ကာ အရေးပေါ်အခြေအနေမျိုးတွင် Remdesivir ဆေးအသုံးပြုကုသပေးရန် အမေရိကန် FDA က ခွင့်ပြုပေးခဲ့သည်။ နိုင်ငံတစ်ဝန်း ဆေးရုံများတွင် အဆိုပါဆေးဝါးကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုခွင့်ပေးမည်ဖြစ်သည်။ Remdesivirဆေးကို ကနဦးလူနာများတွင် စမ်းသပ်ကုသရာ လူနာများ လျင်မြန်စွာပြန်လည်ကောင်းမွန်လာသည်ကို တွေ့ရသည်ဟု အမေရိကန်အမျိုးသားကျန်းမာရေးအင်စတီကျုက ဧပြီ ၂၉ ရက်တွင် ပြောကြားခဲ့သည်။

ဧပြီ ၂၉ ရက်က ထုတ်ဝေခဲ့သည့် ဗြိတိန်ဆေးပညာဂျာနယ် Lancet တွင်မူ တရုတ်နိုင်ငံတွင် Remdesivir ဆေး စမ်းသပ်မှုရလဒ်များအရ ယင်းဆေးကို လူနာများတွင်စမ်းသပ်ရာ၌ အကျိုးရလဒ်များနှင့် သိသာထင်ရှားစွာ ဆက်စပ်မှု မရှိဟု ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**




Remdesivir ဆေးကို တွေ့ရစဉ်။

# လက်နက်ကုန်သွယ်ခွင့် တားမြစ်မိန့်အချိန်တိုးရန် အမေရိကန်၏ လှုပ်ရှားမှုမှာ တရားမဝင်ဟု အီရန်ပြော

**တီဟီရန် မေ ၂**

တရားဝင်အချက်အလက်များ မပါရှိဘဲ ကုလသမဂ္ဂ၏ လက်နက်ကုန်သွယ်ခွင့်တားမြစ်မိန့်ကို အီရန်နိုင်ငံအပေါ် ထပ်မံချထားရန် အမေရိကန်၏ တောင်းဆိုမှုသည် တရားမဝင်ဟု အမေရိကန်နိုင်ငံဆိုင်ရာ အီရန်သံအမတ်က နိုင်ငံပိုင်ရုပ်သံမှတစ်ဆင့် မေ ၂ ရက်တွင် ထုတ်လွှင့်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ဥပဒေကို ဆန့်ကျင်သည့် အမေရိကန်၏ လုပ်ရပ်ကို ကမ္ဘာ့နိုင်ငံများက လက်ခံမည်မဟုတ်ဟု မာဂျစ်တက်ခ်ရာဗန်ချီက မေ ၁ ရက်တွင် ပြောကြားခဲ့သည်။

အီရန်နိုင်ငံအပေါ် လက်နက်ကုန်သွယ်ခွင့်ပိတ်ပင်မှုကို အချိန်ရှည်ကြာစေရန် အမေရိကန်က ကြိုးစားနေသည့် နောက်ပိုင်းတွင် ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်သည် အီရန်နိုင်ငံသို့ လက်နက်ကုန်သွယ်ခွင့် ပိတ်ပင်မှုကို အချိန်ထပ်တိုးရန် စဉ်းစားနေသည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ဧပြီ ၂၉ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် အီရန်နျူကလီးယား သဘောတူစာချုပ်တွင်ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည့် ဥရောပနိုင်ငံများကို အီရန်နိုင်ငံအပေါ် လက်နက်ကုန်သွယ်ခွင့်ဆက်လက်ပိတ်ပင်နိုင်ရေး တိုက်တွန်းလျက်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အမေရိကန်သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့လည်း ဆက်လက်တိုက်တွန်းမှုများ ပြုလုပ်သွားမည်ဖြစ်သည်ဟု မိုက်ပွန်ပီအိုက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း စက်ရုံသို့ သွားရောက်သည့်ပုံများ ပြသ

**ပြုံယမ်း မေ ၂**

မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်း မေ ၁ ရက်က ဓာတ်မြေဩဇာစက်ရုံသို့ သွားရောက်လည်ပတ်သည့် ဓာတ်ပုံ ၂၀ ခန့်ကို မြောက်ကိုရီးယားအာဏာရပါတီ၏ သတင်းစာတွင် ဖော်ပြထားသည်ကို တွေ့ရသည်။

အများပြည်သူများ၏ မြင်ကွင်းရှေ့မှ ခေါင်းဆောင်ကင် ကာလအတန်ကြာ ပျောက်နေပြီးနောက် ၎င်း၏ကျန်းမာရေးနှင့်ပတ်သက်ပြီး စိုးရိမ်မှုများမြင့်တက်ခဲ့သည်။ တိုင်းပြည်အနောက်ပိုင်းရှိ ဓာတ်မြေဩဇာ စက်ရုံဖွင့်ပွဲသို့ ကင်ဂျုံအန်းတက်ရောက်ခဲ့ကြောင်း ရိုဒုန်ဆင်မန်သတင်းစာတွင် မေ ၂ ရက်က ဖော်ပြထားသည်။ သတင်းစာမျက်နှာဖုံးတွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးနေသည်ကို ဖော်ပြထားသည်။

ဧပြီ ၁၂ ရက်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အများပြည်သူရှေ့ ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။ ပြီးခဲ့သည့်ရက်ပိုင်းကလည်း ခေါင်းဆောင်ကင်သည် ပါတီအစည်းအဝေးသို့ တက်ခဲ့ကြောင်း မီဒီယာတွင် ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### ကိုဗစ်-၁၉ ရောဂါပိုးအရင်းအမြစ်သည် သဘာဝနယ်ပယ်မှဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြော

**ဂျီနီဗာ မေ ၂**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါပိုးအရင်းအမြစ်သည် သဘာဝနယ်ပယ်မှဖြစ်ကြောင်း ယမန်နေ့က အတည်ပြု ထုတ်ပြန်ကြေညာလိုက်ကြောင်း သတင်းရရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကျန်းမာရေးဆိုင်ရာ အရေးပေါ် စီမံကိန်းအလုပ်အမှုဆောင် ညွှန်ကြားရေးမှူး မိုက်ကယ်ရန်းက သတင်းစာရှင်းလင်းပွဲတွင် ကိုဗစ်-၁၉ ရောဂါပိုးဇာစ်မြစ်နှင့် ရောဂါပိုးကို အသေးစိတ်လေ့လာခဲ့သည့် ပညာရှင်များစွာ၏ အကြံပြုချက်အရ ကိုဗစ်-၁၉ ရောဂါပိုး အရင်းအမြစ်သည် သဘာဝမှဖြစ်ကြောင်း ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် အရေးကြီးဆုံးအရာသည် ကိုဗစ်-၁၉ ရောဂါပိုးသည် သဘာဝနယ်ပယ်၏ မည်သည့်အရာမှလာသည်ကို သိရှိနိုင်ရန်ဖြစ်ကြောင်း၊ သို့မှသာ ကိုဗစ်-၁၉ ရောဂါပိုးက မည်ကဲ့သို့ အမျိုးအစားကန့်သတ်ချက်ကို ထိုးဖောက်၍ တိရစ္ဆာန်မှ လူသို့ ကူးစက်ခဲ့သည်ကို သိရှိနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ သိရှိမှသာ ကာကွယ်၊ ထိန်းချုပ်နိုင်မည်ဖြစ်သလို အလားတူ ကပ်ရောဂါထပ်မံမဖြစ်ပွားအောင် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ရန်က ပြောကြားလိုက်သည်။

ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ယင်းကိစ္စနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။ **ဆင်ဟွာ**

### ကိုဗစ်-၁၉ ကူးစက်ခံရသည့် လူနာများအတွက် အဗီဂန်ကို နိုင်ငံပေါင်း ၄၃ နိုင်ငံအထိ ဂျပန်တင်ပို့မည်

**တိုကျို မေ ၂**

လာမည့် သီတင်းပတ်ဗုဒ္ဓဟူးနေ့တွင် ကိုဗစ်-၁၉ ကူးစက်ခံရသည့် လူနာများအတွက် ကုသဆေးတစ်မျိုးဖြစ်နိုင်သည့် တုပ်ကွေးရောဂါကုဆေးဝါး အဗီဂန်ကို နိုင်ငံပေါင်း ၄၃ နိုင်ငံ အထိ ပို့ပေးရန် ဂျပန်နိုင်ငံက စီစဉ်နေကြောင်း သတင်းရရှိသည်။

အဆိုပါဆေးကို ဂျပန်နိုင်ငံကုမ္ပဏီတစ်ခုက တီထွင်ထားပြီး အခမဲ့ထောက်ပံ့ပေးနိုင်ရန် နိုင်ငံပေါင်း ၈၀ နီးပါးက တောင်းဆိုထားကြောင်း နိုင်ငံခြားရေးဝန်ကြီး မိုတဲဂီ တိုရှိမစ်ဆုကပြောသည်။ ပထမအသုတ်အနေဖြင့် ကုလသမဂ္ဂ အဖွဲ့အစည်းတစ်ခုမှတစ်ဆင့် နိုင်ငံပေါင်း ၄၃ နိုင်ငံသို့ ဖြန့်ချီပေးသွားမည်ဖြစ်ကြောင်း၊ လက်ခံရရှိသည့် နိုင်ငံများအနေဖြင့် စမ်းသပ်ကုသမှု မှရလာသည့် အချက်အလက်များကို ဂျပန်နိုင်ငံသို့ ပြန်လည်ပေးပို့ရာတွင် ကူညီပေးရမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# နေအိမ်အတွင်းနေရန် ကန့်သတ်ချုပ်ချယ်မှုတွေကို အဆုံးသတ်ပေးဖို့တောင်းဆိုနေသည့် ကယ်လီဖိုးနီးယား

**ထွန်းသစ်စ**

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်ရဲ့ မြို့အတော်များများမှာရှိတဲ့ ဆန္ဒဖော်ထုတ်သူတွေဟာ ကိုဗစ်-၁၉ ဖြစ်ပွားမှုကို တားဆီးဖို့ ထားရှိတဲ့ကန့်သတ်ထိန်းချုပ်မှုတွေကို လျှော့ချဖို့ ဆန္ဒပြတောင်းဆိုမှုတွေ ပြုလုပ်ခဲ့သလို မြို့တော်ဝန် ဂါဗင်နယူးဆမ်းရဲ့ ကမ်းခြေတချို့ပိတ်ဆို့ဖို့ ဆုံးဖြတ်ချက်ကိုလည်း လူသိရှင်ကြား ရှုတ်ချလိုက်ပါတယ်။

## ကန့်သတ်မှုအပေါ် မကျေမနပ်ဖြစ်

ဆန္ဒဖော်ထုတ်သူတွေဟာ ကယ်လီဖိုးနီးယားပြည်နယ်ရဲ့ အနည်းဆုံးမြို့ ၁၁ မြို့မှာ ဆန္ဒဖော်ထုတ်မှုတွေကို ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ အဲဒီမြို့တွေထဲမှာ မြို့တော်ဆာခရာမန်တိုလည်း ပါဝင်သလို ဆန်ဖရန်စစ္စကို၊ လော့စ်အိန်ဂျလိစ်နဲ့ ဆန်ဒီယာဂိုမြို့တွေလည်း ပါဝင်ပါတယ်။

ဆန္ဒဖော်ထုတ်သူအများစုဟာ ကယ်လီဖိုးနီးယားကို ဖွင့်ပေး၊ လွတ်လပ်ခွင့်ပေးဆိုတဲ့ ကြွေးကြော်သံတွေကို ကြွေးကြော်ကာ ဆန္ဒဖော်ထုတ်မှုတွေ ပြုလုပ်သလို ခေါင်းလောင်းတွေတီး၊ နှာခေါင်းစည်းတပ်ဆင်ထားခြင်းလည်း မရှိ၊ တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေထိုင်ရမယ့် ညွှန်ကြားချက်တွေလည်း လိုက်နာခြင်းမရှိဘဲ ဖြစ်သလို ဆန္ဒဖော်ထုတ်မှုတွေ ပြုလုပ်ခဲ့ကြပါတယ်။




ကန့်သတ်ချုပ်ချယ်မှုများကို အဆုံးသတ်ပေးရန် တောင်းဆို ဆန္ဒဖော်ထုတ်နေသူများအား တွေ့ရစဉ်။

ဆန္ဒဖော်ထုတ်သူတချို့ဟာလည်း အမေရိကန်အလံတွေဝှေ့ယမ်းပြီး လွတ်လပ်ခြင်းဟာ မရှိမဖြစ်အရေးပါတယ်လို့ ကြွေးကြော်မှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ ဆန္ဒဖော်ထုတ်သူတွေဟာ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုနှေးကွေးအောင် အိမ်မှာ နေထိုင်ရမယ်ဆိုတဲ့ အသွားအလာကန့်သတ်ထားရှိမှုအပေါ် မကျေမနပ်တွေ ဖြစ်နေကြပါတယ်။

## ခွင့်ပြုပေးဖို့လိုနေပြီ

လော့စ်အိန်ဂျလိစ်တောင်ပိုင်း ၃၅ မိုင်အကွာ (၅၅ ကီလိုမီတာ)မှာရှိတဲ့ ဟန်တင်တန်ကမ်းခြေမှာရှိတဲ့ လူထောင်ပေါင်းများစွာဟာ ဒေသတွင်း ကမ်းခြေတွေကို သောကြာနေ့မှာ စတင်ပိတ်မယ်ဆိုတဲ့ မြို့တော်ဝန် နယူးဆမ်းရဲ့ အမိန့်ကို လူသိရှင်ကြား ရှုတ်ချခဲ့ပါတယ်။

ဒီလိုမျိုး ကမ်းခြေကို ပိတ်လိုက်တာက ကုလားအုတ်ကို ခါးကျိုးစေတဲ့ နောက်ဆုံးကောက်ရိုးတစ်မျှင်ပါပဲလို့ ဆန္ဒဖော်ထုတ်သူ မိုနီကာဘဲလ်ဟာ့တ်က ပြောလိုက်ပါတယ်။

ဒီလိုမျိုး ကမ်းခြေတွေကို ပိတ်လိုက်တဲ့ကိစ္စဟာ မဆီမဆိုင်ကိစ္စဖြစ်သလို မလိုအပ်တဲ့ကိစ္စလည်းဖြစ်ကြောင်း၊ ဒါကြောင့် အခုလို ဆန္ဒထုတ်ဖော်ပြီး သူတို့သိအောင်လုပ်ဆောင်ရခြင်းဖြစ်ကြောင်း မိုနီကာဘဲလ်က ပြောလိုက်ပါတယ်။ အခုလိုမျိုး ကမ်းခြေတွေကို ပိတ်လိုက်တဲ့ကိစ္စဟာ တော်သင့်ပြီလို့ သူက ဆက်ပြောလိုက်ပါတယ်။ မိမိတို့အလုပ်လုပ်ဖို့ အချိန်ကျရောက်ပြီဖြစ်ကြောင်း မြို့တော်ဝန်အနေနဲ့ လုပ်ငန်းခွင်ကို ကျန်းကျန်းမာမာနဲ့ ပြန်လည်လုပ်ဆောင်နိုင်အောင် ခွင့်ပြုဖို့လိုပြီဖြစ်ကြောင်း သူက ထပ်မံပြောကြားလိုက်ပါတယ်။

အနီးအနားဝန်းကျင်မြို့လေးတွေနဲ့ ဟန်တင် တန်ကမ်းခြေရှိ အရာရှိတွေက ကမ်းခြေပိတ်လိုက်တဲ့ကိစ္စကို တရားစွဲဖို့တောင် လုပ်ဆောင်နေကြပါတယ်။

## မူလရပ်တည်ချက်ကို ဆန့်ကျင်

မြို့တော်ဝန်ရဲ့ အမိန့်ဟာ အခြေခံဥပဒေနဲ့ မကိုက်ညီဘဲ ဆန့်ကျင်နေတယ်၊ ရေရာတိကျမှု မရှိဘဲဖြစ်နေတယ်၊ ဒွိဟဖြစ်နေတယ်ဆိုတာ မိမိတို့ယုံကြည်တယ်လို့ ဟန်တင်တန်ကမ်းခြေမြို့ ရှေ့နေမိုက်ကယ်ဂိတ်က ပြောပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး သူ့မှာ ဆင်ခြင်ဆုံးဖြတ်နိုင်တဲ့ အကြောင်းရင်းမရှိသေးဘူးလို့လည်း

> “အမေရိကန်ပြည်ထောင်စုရဲ့ တခြားမြို့တော်ဝန်တွေလိုပဲ နယူးဆမ်းဟာ ကန့်သတ်မှုတွေကို ဖယ်ရှားပေးဖို့ ဖိအားတွေနဲ့ ရင်ဆိုင်နေရပါတယ်။ အထူးသဖြင့် အခုလို အမေရိကန်ရဲ့ ရာသီဥတုပူပြင်းလာချိန်မှာ ပိုလို့တောင် ဖိအားတွေနဲ့ ရင်ဆိုင်နေရပါသေးတယ်။ နယူးဆမ်းကလည်း ဖိအားတွေကို အလျှော့ပေးသွားမှာမဟုတ်ကြောင်းနဲ့ သူ့ရဲ့ လုပ်ဆောင်ချက်တွေဟာ ပြည်သူ့ကျန်းမာရေးစိုးရိမ်မှုတွေကို မဖြစ်စေချင်ကြောင်း ပြောကြား”

သူကပြောပါတယ်။ သူရှာဖွေနေတာက ဒါကို ဘယ်လိုကုစားရမလဲဆိုတာပဲ ဖြစ်ပါတယ်လို့ ပြောပါတယ်။

လော့စ်အိန်ဂျလိစ်မြို့ထဲမှာတော့ ပြည်သူတွေကြား တင်းမာမှုတွေ ဖြစ်ပေါ်လာပြီး လူရာချီပါဝင်တဲ့လူအုပ်ကြီးဟာ မြို့တော်ခန်းမ ရှေ့ကို သွားရောက်ကာ အိမ်မှာနေထိုင်ရမယ့် အမိန့်ကို အဆုံးသတ်ပေးဖို့ တောင်းဆိုခဲ့ကြ ပါတယ်။ ဒါ့အပြင် လူသားဆန်မှုဟာ ပထမဦးစားပေးကိစ္စဖြစ်ကြောင်း၊ ဗိုင်းရပ်စ်ဆိုတာ တုပ်ကွေးလောက် စိုးရိမ်ဖွယ်ရာမကောင်းကြောင်း ဂျေးနက်ဂစ်ဆန်က ပြောပါတယ်။

ဖျားနာသူတွေဟာ သီးသန့်ခွဲခြား နေထိုင်ဖို့လိုကြောင်း၊ သူတို့ကိုယ်သူတို့ ဂရုစိုက်ဖို့လိုကြောင်း သူက ဆက်ပြောပါတယ်။ ပြီးတော့လည်း ကျန်းမာစွာအလုပ်လုပ်ဖို့၊ အပြင်ထွက်ဖို့နဲ့ လူမှုဆက်ဆံမှုတွေလုပ်ဖို့ လိုတယ်လို့ သူကပြောပါတယ်။

တခြား ဆန္ဒဖော်ထုတ်သူတစ်ဦးဖြစ်သူ အလီတေလာက အသွားအလာကန့်သတ်မှုဟာ အမေရိကန်ပြည်ထောင်စုရဲ့ မူလရပ်တည်ချက်ကို ဆန့်ကျင်နေတယ်လို့ ပြောပါတယ်။

## မိမိတို့ဟာ အမေရိကန်တွေဖြစ်တယ်

မိမိတို့ဟာ အမေရိကန်တွေဖြစ်တယ်။ မိမိတို့ဟာ လွတ်လပ်တယ်။ မိမိတို့ဟာ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုဂရုစိုက်စောင့်ရှောက်ရမလဲဆိုတာ သိတယ်လို့ သူက ပြောပါတယ်။ မိမိတို့တွေဟာ မိမိတို့ရဲ့ ကမ်းခြေတွေနဲ့ ပန်းခြံတွေကို ပြန်ဖွင့်ပေးဖို့ ဆန္ဒရှိတယ်၊ မိမိတို့ဟာ လွတ်လပ်စွာ နေထိုင်ချင်တယ်။ နယူးဆမ်းက မိမိတို့ကို အိမ်ထဲမှာပဲ နေထိုင်စေချင်တယ်လို့ သူက ဆက်ပြောပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့ တခြားမြို့တော်ဝန်တွေလိုပဲ နယူးဆမ်းဟာ ကန့်သတ်မှုတွေကို ဖယ်ရှားပေးဖို့ ဖိအားတွေနဲ့ ရင်ဆိုင်နေရပါတယ်။ အထူးသဖြင့် အခုလို အမေရိကန်ရဲ့ ရာသီဥတုပူပြင်းလာချိန်မှာ ပိုလို့တောင် ဖိအားတွေနဲ့ ရင်ဆိုင်နေရပါသေးတယ်။ နယူးဆမ်းကလည်း ဖိအားတွေကို အလျှော့ပေးသွားမှာမဟုတ်ကြောင်းနဲ့ သူ့ရဲ့ လုပ်ဆောင်ချက်တွေဟာ ပြည်သူ့ကျန်းမာရေးစိုးရိမ်မှုတွေကို မဖြစ်စေချင်ကြောင်း ပြောကြားလိုက်ပါတယ်။

ပြည်သူတွေကို အိမ်မှာနေထိုင်ဖို့၊ မှာကြားချက်တွေကို ဆက်လက်လိုက်နာဖို့ တိုက်တွန်းပြောကြားလိုကြောင်း နယူးဆမ်းက ယမန်နေ့ကပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲတစ်ခုမှာ သတင်းထောက်တွေကို ပြောကြားလိုက်ပါတယ်။

## ကာကွယ်ရမယ်

ပြီးတော့လည်း ပြည်သူတွေကို ဆန္ဒဖော်ထုတ်တဲ့အခါမှာ နှာခေါင်းစည်းတွေ ဝတ်ဆင်ကြဖို့နဲ့ တစ်ဦးနဲ့တစ်ဦးကြား ခပ်ခွာခွာနေထိုင်ဖို့ အနူးအညွတ်မေတ္တာရပ်ခံထားပါတယ်။

ဒီရောဂါက သင်တို့တွေဆန္ဒပြနေတယ်ဆိုတာ သိမှာမဟုတ်ပါဘူး။ ဒီမိုကရက်ပဲဖြစ်ဖြစ်၊ ရီပတ်ဘလီကန်ပဲဖြစ်ဖြစ်၊ ရွေးကောက်ပွဲကို ထောက်ခံသူပဲဖြစ်ဖြစ်၊ ထွက်ခွာသူကို ထောက်ခံသူပဲဖြစ်ဖြစ် အကုန်ကူးနိုင်တယ်လို့ သူက ဆက်ပြောပါတယ်။

မိမိတို့ကိုယ် မိမိတို့ ကာကွယ်ရမှာဖြစ်ကြောင်း၊ မိမိတို့ရဲ့ မိသားစုကို ကာကွယ်ရမှာဖြစ်ကြောင်း၊ မိမိတို့ ကာကွယ်ပေးနေသူတွေကို ကာကွယ်ရမှာဖြစ်ကြောင်း သူကဆက်ပြောပါတယ်။

ကယ်လီဖိုးနီးယားပြည်နယ်မှာ အခုအချိန်အထိ ကိုဗစ်-၁၉ အတည်ပြုဖြစ်ပွားသူအရေအတွက်ဟာ ၅၀၀၀၀ ကျော်လာပြီဖြစ်သလို သေဆုံးသူလည်း ၂၁၀၀ ကျော်လာပြီဖြစ်ပါတယ်။ သေဆုံးမှုနှုန်းဟာ လူဦးရေသိပ်သည်းတဲ့ ပြည်နယ်မှာ ပိုမိုဆိုးရွားခဲ့ပါတယ်။

တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ ကိုဗစ်- ၁၉ ကြောင့် သေဆုံးနှုန်းဟာ ၆၄၀၀၀ ကျော်သွားပြီဖြစ်ပါတယ်။ ထို့အတူပဲ ကူးစက်ဖြစ်ပွားမှုနှုန်းဟာ ၁၁၃၁၄၉၂ ဦး ကျော်လွန်လာပြီဖြစ်ပါတယ်။ တစ်ကမ္ဘာလုံးမှာ ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်းဟာ ၃၄၀၂၈၈၉ ဦးအထိ ရောက်ရှိလာပြီဖြစ်ပါတယ်။ ။

**ကိုးကား - အေအက်ဖ်ပီ**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၈၆) ခုနှင့် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၅၈) ခု၊ စုစုပေါင်း (၂၄၄) ခုတွင် –

- COVID–19 ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိပါ။

၂။ (၂-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၅၁) ဦး ရှိပြီဖြစ်ပါသည်။

၃။ ဓာတ်ခွဲစစ်ဆေးမှုများပြုလုပ်ရာတွင် စောင့်ကြည့်လူနာနှင့် အသွားအလာကန့်သတ်ထားရှိသူများ၏ ဓာတ်ခွဲနမူနာများအပြင် COVID–19 ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများအားလည်း ရယူကာ ပိုးကင်းစင်လာမှုအခြေအနေအား စစ်ဆေးလျက်ရှိပါသည်။ ထိုသို့စစ်ဆေးမှုများတွင် (၂-၅-၂၀၂၀) ရက်နေ့တွင် ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များဖြစ်သည့် (Case –53, 70, 71, 73, 75 နှင့် 85) တို့၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ် ဆက်တိုက်အဖြစ် ပိုးမတွေ့ရှိပါ။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာများ၌ ရောဂါပိုးကင်းစင်လာသူ စုစုပေါင်း (၃၇) ဦးရှိပြီဖြစ်ပါသည်။

၄။ (၂-၅-၂၀၂၀) ရက်နေ့အထိ ဆေးရုံမှဆင်းခွင့်ရရှိသူ စုစုပေါင်း (၂၇) ဦးရှိပြီဖြစ်ပြီး ၎င်းတို့အား သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်ထားရှိပါသည်။

### COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
### (၂-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၂-၅-၂၀၂၀) ရက်နေ့အတွက် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၈) ခု |
| (၂-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ (ပထမ + ဒုတိယအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၆) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိရသည့် ဓာတ်ခွဲအတည်ပြုလူနာသစ် | (၀) ဦး |

၅။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆) ဦး ရှိပါသည်။

၆။ ကျန်ရှိသည့် ဓာတ်ခွဲအတည်ပြုလူနာ (၁၁၈) ဦးအား သက်ဆိုင်ရာဆေးရုံများတွင် ဆေးကုသမှုပေးလျက်ရှိပြီး ၎င်းတို့အနက် အထူးကြပ်မတ်ကုသခန်းတွင် ကုသမှုခံယူနေသူ (၂) ဦးရှိပါသည်။

၇။ (၁-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၆၄)ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### (ယခုသတင်းထုတ်ပြန်ချိန်အထိ) COVID–19 လူနာများအခြေအနေ
### (၂-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (confirmed) | (၀) ဦး | (၁၅၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၆) ဦး | (၃၇) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

# မိုင်းယောင်း၌ အသွားအလာကန့်သတ်ခြင်းကာလ ၂၁ ရက်ပြည့်ပြီးသူများအား အိမ်ပြန်ခွင့်ပြု

**မိုင်းယောင်း မေ ၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်၌ အသွားအလာကန့်သတ်ခြင်းကာလ ၂၁ ရက်ပြည့်ပြီးသူ အမျိုးသားနှစ်ဦးကို ယနေ့ ညနေ ၄ နာရီက အိမ်ပြန်ခွင့်ပေးလိုက်ကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီအဖွဲ့ဝင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသုနောင်မိုးလှိုင်က "နေ့စဉ်ဘဝမှာ ခပ်ခွာခွာနေပါ၊ ကိုဗစ်–၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ကာကွယ်ဖို့ လူအများနဲ့ ထိတွေ့မှုကို တတ်နိုင်သမျှ လျှော့ချဖို့က အဓိကအကျဆုံးဖြစ်ပါတယ်။ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် အသွားအလာကန့်သတ်ခြင်းကာလ ၂၁ ရက်ပြည့်အောင် ပါဝင်ပူးပေါင်းဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဟန်စိုးက ကျန်းမာရေးထောက်ခံစာများကို တစ်ဦးချင်း ပေးအပ်ခဲ့ပြီး အိမ်တွင်ထားရှိအသွားအလာကန့်သတ်ခြင်း၊ နောက်ထပ် ခုနစ်ရက်အတွင်း လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ကိုဗစ်–၁၉ ရောဂါ မိမိကစ၍ ကာကွယ်ပါ၊ ပါးစပ်နှင့် နှာခေါင်းစည်း စနစ်တကျဝတ်ဆင်ခြင်း စသည့်ကျန်းမာရေးအသိပညာပေးအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ကိုဗစ်–၁၉ စောင့်ကြည့်ရေးစခန်း အ.ထ.က (မိုင်းယောင်း) တွင် စုစုပေါင်း အမျိုးသားငါးဦး ကန့်သတ်စောင့်ကြည့်ခံယူလျက်ရှိပြီး အသွားအလာကန့်သတ်ခြင်းကာလ ၂၁ ရက်ပြည့်ပြီးသူ အမျိုးသားသုံးဦးကို ဧပြီ ၂၉ ရက်ကလည်းကောင်း၊ နောက်ထပ်ကျန်နေသူ နှစ်ဦးကို ယနေ့တွင်လည်းကောင်း အသီးသီး အိမ်ပြန်ခွင့်ပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**



# မင်းပြားမြို့၌ ကိုဗစ် -၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိ



မင်းပြားမြို့နယ်ရှိ ပြည်သူများအား ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးစဉ်။

**မြောက်ဦး မေ ၂**

မင်းပြားမြို့နယ်အတွင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ် နိုင်ရန်နှင့် ကူးစက်ပြန့်ပွားမှုများ မဖြစ်ပေါ်စေရန်အတွက် ယမန်နေ့က ဌာနဆိုင်ရာဝန်ထမ်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများပူးပေါင်းကာ အများပြည်သူ နေ့စဉ် ဝင်ထွက်သွားလာလှုပ်ရှားနေကြသော နေရာများနှင့် မြို့ပေါ်ရပ်ကွက်များတွင် ဆေးဖျန်းခြင်း၊ ကိုယ်အပူချိန်တိုင်းခြင်း၊ နှာခေါင်းစည်းများပေးခြင်း၊ လက်ကမ်းစာစောင်များအခမဲ့ဖြန့်ဝေခြင်း၊ လက်ကို စနစ်တကျဆေးတတ်စေရန် ပြသပေးခြင်း၊ ကျန်းမာရေး စစ်ဆေးပေးခြင်းနှင့် အသိပညာပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ကွင်းဆင်း ဆောင်ရွက်မှုများကို မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိသူများက မြို့ပေါ်ရပ်ကွက်များအတွင်းသို့ အသံချဲ့စက်ဖြင့် လှည့်လည်ကာ လိုက်နာရမည့်အချက်များ၊ ဆောင်ရန်/ ရှောင်ရန်များကို အသိပေးနှိုးဆော်ခြင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများကလည်း နံရံကပ်ဘုတ်များဖြင့် အသိပညာပေးကြော်ငြာဗီနိုင်းပိုစတာများ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံများပြသခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် မြို့အဝင်၊ အထွက် ကားဂိတ်နေရာများနှင့် ရွှေပြည်တန်ရေယာဉ်ဆိပ်ကမ်း နေရာများတွင် ခရီးသွားပြည်သူများအား လက်ဆေးခြင်းနှင့် ကိုယ်အပူချိန်တိုင်းပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနက မြို့မဈေးအတွင်းရှိ သား၊ ငါး၊ ဟင်းသီးဟင်းရွက်ရောင်းချနေသော ပျံကျဈေးဆိုင်များကို တစ်ဆိုင်နှင့် တစ်ဆိုင် ခြောက်ပေအကွာစီထားရှိကာ ဈေးရောင်းချနိုင်ရန် ဆောင်ရွက်ထားခြင်း၊ လက်ဆေးရေကန်များ ထားရှိပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါလှုပ်ရှားမှုကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မီးသတ်ဌာနနှင့် ကြက်ခြေနီအသင်းများ၊ မဗ္ဗီမလူငယ်အသင်းအဖွဲ့များ၊ စေတနာရှင်လူမှုကူညီရေးအသင်းအဖွဲ့တို့က ပူးပေါင်းပါဝင်ကာ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်းဦး**
**(ပြန်/ဆက်)**

# မြိတ်မြို့သို့ လေကြောင်းခရီးစဉ်ဖြင့် လာရောက်သူများ မိမိအစီအစဉ်ဖြင့် ကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် ၂၁ ရက် ဝင်ရောက်ရမည်

မြိတ် မေ ၂

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလတွင် ရန်ကုန်မှ မြိတ်သို့ လေကြောင်းခရီးစဉ်ဖြင့် မေ ၂ ရက်မှစ၍ လာရောက်သူများအားလုံး ကန့်သတ်စောင့်ကြည့်ရေး စခန်းများတွင် မိမိအစီအစဉ်ဖြင့် ၂၁ ရက် ဝင်ရောက်ကြရမည်ဖြစ်ပြီး နေအိမ်တွင် ခုနစ်ရက် အသွားအလာကန့်သတ်ခြင်းဖြင့် နေထိုင်ကြရမည် ဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီမှ သိရသည်။

ရန်ကုန်မှ မြိတ်သို့ လေကြောင်းခရီးဖြင့် ရောက်လာသူများအားလုံးကို ကန့်သတ်စောင့်ကြည့်ရေးစခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရေ၊ မီး ဆောင်ရွက်ပေးမည်ဖြစ်ပြီး စားစရိတ်နှင့် အသုံးအဆောင်များ ( အိပ်ရာခင်း၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး ) ကို မိမိအစီအစဉ်ဖြင့် အသုံးပြုကြရန်နှင့် အလှူရှင်ရှိသည့်နေ့တွင် ကျွေးမွေးသွားရန် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ မေ ၁ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။



မြိတ်လေဆိပ်သို့ ရောက်ရှိလာသည့် ခရီးသည်များအား ကျန်းမာရေးစစ်ဆေးပေးစဉ်။

မြိတ်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် မတ်လစတုတ္ထပတ်မှ စတင်ကာ မြို့နယ်အတွင်း ကန့်သတ်စောင့်ကြည့်ရေးစခန်း ၂၉ ခု ဖွင့်လှစ်၍ ပြည်ပမှ နေရပ်ပြန် ၅၀၀ ခန့်နှင့် ပြည်တွင်းနေရပ်ပြန် ၂၅၀ ကျော်ကို အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိကာ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးပြီး စခန်းမှ ပြန်လည်စေလွှတ်သူ ၆၄၀ ကျော် ရှိပြီဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ကန့်သတ်စောင့်ကြည့်ရေးစခန်း ခြောက်ခု၌ နေရပ်ပြန် ၁၀၉ ဦးအား အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိသည်။

မြိတ်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလတွင် မြိတ်မြို့သို့ ဆိုက်ရောက်/ထွက်ခွာလျက်ရှိကြသော (တိုင်းဒေသကြီးအတွင်း/အပြင်) ခရီးသည်တင်ယာဉ်လိုင်းများအားလုံးကို မေ ၁၅ ရက်အထိ ခေတ္တရပ်နားထားရှိပြီး လေကြောင်းခရီးစဉ်အနေဖြင့် KBZ လေကြောင်းလိုင်းက ဧပြီ ၁၉ ရက်မှ စတင်ကာ ပြန်လည်ပြေးဆွဲလျက်ရှိကာ မေ ၂ ရက်မှစတင်၍ မြန်မာအမျိုးသားလေကြောင်းလိုင်းနှင့် KBZ လေကြောင်းလိုင်းတို့ ခရီးစဉ်များ ပျံသန်းပြေးဆွဲကြမည်ဖြစ်သည်။

မြိတ်မြို့နယ်အနေဖြင့် နေရပ်ပြန်များအတွက် ကန့်သတ်စောင့်ကြည့်ရေးစခန်း ဖွင့်လှစ်ရန်နေရာ ၃၅ ခုနှင့် စခန်းများတွင် ဝင်ဆံ့သည့်ဦးရေ ၁၁၄၆ ဦး လျာထားကာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရေ၊ မီး၊ မိလ္လာ ပြည့်စုံမှုရှိစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်း မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ သိရသည်။

ခိုင်ထူး (ပြန်/ဆက်)

# "၀"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့မစျေး၌ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

ဟိုပန် မေ ၂

"၀"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့မစျေးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရန်နှင့် ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် ဟိုပန်မြို့မစျေးတွင် မေ ၁ ရက်က "၀"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ အလုပ်အမှုဆောင်ကော်မတီဝင် ဦးညီနပ်နှင့်အဖွဲ့ဝင် ဦးယင်းဟုံတို့ ဦးစီးပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက စျေးသူစျေးသားများနှင့် စျေးဝယ်လာရောက်သူများကို နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ (ယာပုံ)



အဆိုပါဖြန့်ဝေပေးသော နှာခေါင်းစည်းများကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ အခုရေ ၂၀၀၀၀ ပေးပို့လှူဒါန်းထားခြင်းဖြစ်ပြီး ယမန်နေ့က အခုရေ ၁၅၀၀ ဖြန့်ဝေပေးခဲ့ကာ ကျန်ရှိနေသည်များကိုလည်း ဒေသခံပြည်သူများထံသို့ နေ့စဉ် ထပ်မံဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စိုင်းနိုင်လင်း(ပြန်/ဆက်)

# မြင်းခြံမြို့တွင် ကိုဗစ်-၁၉ ရောဂါကာလအတွင်း ပြည်သူများ ကျန်းမာရေးအတွက် ဖျားနာဆေးကုခန်းဖွင့်လှစ်

မြင်းခြံ မေ ၂

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အာယုပါလဆေးခန်းတွင် ကိုဗစ်-၁၉ ရောဂါကာလအတွင်း ပြည်သူများ နှာစေး၊ ချောင်းဆိုး၊ ဖျားနာခြင်းများအတွက် ကုသနိုင်ရန်အတွက် ဖျားနာဆေးကုခန်း ဖွင့်လှစ်ကုသပေးလျက်ရှိကြောင်း သိရသည်။

မြင်းခြံမြို့ အာယုပါလဆေးခန်းတွင် ဖျားနာဆေးကုခန်း ဖွင့်လှစ်ရခြင်းမှာ ရာသီကူးပြောင်းကာလ၌ နှာစေး၊ ချောင်းဆိုးခြင်း၊ ဖျားနာခြင်းများရှိလာပါက ဆေးခန်းများသို့ ပြသရာတွင် အခက်အခဲမရှိစေရန်အတွက် ဖျားနာဆေးကုခန်းကို အခမဲ့ဖြင့် ကုသပေးလျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါလက္ခဏာများတွေ့ရှိပါက ဆေးရုံသို့ အမြန်ဆုံး ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက်လည်း စီစဉ်ထားလျက်ရှိကြောင်း ဖျားနာဆေးကုခန်းတွင် ကုသပေးနေသော ဒေါက်တာအောင်ချမ်းဟန် က ပြောကြားသည်။

ဖျားနာဆေးကုခန်း ဖွင့်လှစ်ရာ၌ ပန်းပျိုးလက် ပရဟိတအသင်းကလည်း စေတနာ့ဝန်ထမ်းများအဖြစ် ပါဝင်လုပ်ဆောင်ကူညီလျက်ရှိပြီး ဖျားနာဆေးကုခန်းကို နေ့စဉ် နံနက် ၈ နာရီမှ နံနက် ၁၁ နာရီအထိ ဖွင့်လှစ်ထားကာ ဆေးခန်းကုသချိန်ပြီးပါက အဖြူရောင်လက်များ ပရဟိတအသင်းကလည်း နေ့စဉ် ဖျားနာဆေးကုခန်းသို့ ပိုးသတ်ဆေးများ လာရောက်ဖျန်းပေးလျက်ရှိကြောင်း သိရသည်။

ကျော်စွာ(ပြန်/ဆက်)




COVID-19 ကိုဗစ် ဟာ အဆုတ်ရောင်ရောဂါကို ဖြစ်ပွားစေပါတယ်။ အထူးသဖြင့် အသက်အရွယ်ကြီးရင့်သူများမှာ ပိုမိုစိုးရိမ်ရပါတယ်။ အဖိုးအဖွားများ အိမ်မှာပဲနေပါ။ မိသားစုဝင်တွေကတော့ အဖိုးအဖွားတို့နဲ့ ထိတွေ့ဆက်ဆံရာမှာ မိမိကိုယ်တိုင် သန့်ရှင်းရေးဦးစားပေးပြီး သတိထား ထိတွေ့ပေးကြပါ။ မိသားစုဝင်မဟုတ်သူများကို အိမ်တွင်း မဝင်ပါစေနှင့်။




မိမိက ဖြန့်ဖြူးသူ မဖြစ်ပါစေနှင့်၊ နှာချေ၊ ချောင်းဆိုးတိုင်း တစ်ရှူး(သို့မဟုတ်) တံတောင်ကွေးဖြင့် ပါးစပ်နှင့်နှာခေါင်းကို လုံခြုံအောင်ဖုံးအုပ်ပါ။ အခြားအတူနေသူများနှင့် (၆)ပေအကွာတွင်သာ နေထိုင် ပြောဆိုပါ။
ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အားအင်ကုန်ခန်းခြင်းနှင့် အသက်ရှူရ ခက်ခဲခြင်းများရှိနေပါက အနီးဆုံး ဆေးရုံဆေးခန်းသို့ သွားရောက်ပြသပါ။

# IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID-19 ကူးစက်ရောဂါကာကွယ်ထိန်းချုပ် တုံ့ပြန်ရေးဆိုင်ရာအသိပေးနှိုးဆော်ချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID – 19 ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် ရေးဆွဲအတည်ပြုပြီးဖြစ်သည့်စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံချက်အရ သက်ဆိုင်ရာစခန်းများရှိ စီမံခန့်ခွဲမှုကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် စခန်းတွင်နေထိုင်သူများက အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

- စခန်းများတွင် တပ်ဆင်ပေးထားသော လက်ဆေးဘေစင်များတွင် ရေနှင့်ဆပ်ပြာကို အသုံးပြု၍ လက်ကို စနစ်တကျ မကြာခဏ ဆေးကြောပါ။
- အများသုံးအိမ်သာများနှင့် ရေချိုးရန်နေရာများကို အသုံးပြုရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေးဂရုပြုရန်နှင့် အချင်းချင်းထိတွေ့မှု အနည်းဆုံးဖြစ်စေရေး သတိပြုဆောင်ရွက်ပါ။
- စခန်းများတွင်နေထိုင်လျက်ရှိသည့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအား ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရေးအတွက် အထူးသတိပြုနေထိုင်ပါ။
- စခန်းတွင်းနေထိုင်သူများ ပြင်ပသို့ သွားလာခြင်းမပြုလုပ်ရန်နှင့် မဖြစ်မနေအပြင်ထွက်ရန် လိုအပ်သူများက စာရင်းရေးသွင်းပြုစုထားပြီး အဝင်/ အထွက်ပြုလုပ်တိုင်း ပုံမှန်အပူချိန်တိုင်းတာမှတ်သားခြင်း ပြုလုပ်ပါ။
- အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို အမြဲတပ်ဆင်ပါ။ တပ်ဆင်ရာတွင် အတွင်း၊ အပြင် အရောင်ခွဲခြားသတ်မှတ်၍ တပ်ဆင်ပါ။ ပါးစပ်နှင့်နှာခေါင်း (၂)ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ။ တပ်ဆင်ထားစဉ် လက်ဖြင့် လုံးဝ (လုံးဝ) မကိုင်ရပါ။ ဖယ်ရှားမည်ဆိုပါက အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်၍ ဖယ်ပါ။ အသုံးပြုထားသည့် အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့်နှာခေါင်းစည်းကို နေ့စဉ်သေချာစွာ ဆပ်ပြာနှင့် ရေကို အသုံးပြု၍လျှော်ဖွပ်ပါ။
- စခန်းတွင်းသို့ ပြင်ပမှ ဧည့်သည်များဝင်ရောက်ခြင်းကို တားမြစ်ထားပါ။
- COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊တုံ့ပြန်ရေးနှင့် စပ်လျဉ်း၍ စခန်းအတွင်း ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ပါ။
- COVID–19 ရောဂါနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်အချက်များကို လက်ကိုင်ဖုန်းများသို့ စာတိုပို့စနစ် (SMS) ဖြင့် ပေးပို့ထားခြင်းကို သေချာစွာ ဖတ်ရှုလေ့လာ၍ လိုက်နာဆောင်ရွက်ပါ။
- COVID–19 ရောဂါလက္ခဏာများ တွေ့ရှိရပါက ညွှန်ကြားထားသည့် လူနာညွှန်းပို့ခြင်း လုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပါ။
- စောင့်ကြည့်လူနာများနှင့် သံသယလူနာများကို သီးခြားသတ်မှတ်ထားသောနေရာများနှင့် ဆေးရုံများသို့ အချိန်မီလွှဲပို့နိုင်ရေးအတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပရဟိတ လူမှုအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်ထားပါ။
- COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစိုးရဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့များ၏ လိုအပ်ချက်အရ အခါအားလျော်စွာ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**



## ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ IDPစခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင် စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်း နေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၁ ရက်က ကချင်ပြည်နယ် ဝိုင်းမော်မြို့ရှိ မဒိန် KBC ၊ ခတ်ချို အလယ်ပိုင်း(ကွက်သစ်)၊ နောင်ဟီး IDP စခန်းများသို့ သွားရောက်၍ လက်ဆေးစင် လေးခု၊ အပူချိန်တိုင်း ကိရိယာ သုံးခုတို့ကို လည်းကောင်း၊ ရှမ်းပြည်နယ်၊ ကွတ်ခိုင်မြို့နယ်ရှိ မိုင်းယု၊ ကုန်စုံနှင့် မိုင်းယုလေး IDP စခန်းများသို့ သွားရောက်၍ လက်ဆေးစင် နှစ်ခု၊ အပူချိန်တိုင်း ကိရိယာ နှစ်ခုတို့ကို လည်းကောင်း ထောက်ပံ့ခဲ့သည်။

အလားတူ ယနေ့တွင် ကချင်ပြည်နယ် ဗန်းမော်မြို့ရှိ လီဆူနှစ်ခြင်းဘော်ဒါ IDP စခန်းနှင့် နှစ်-၂၀၀၀ IDP စခန်းများသို့ သွားရောက်၍ ဗီနိုင်းပိုစတာ နှစ်ခုနှင့် အပူချိန်တိုင်းကိရိယာ နှစ်ခု တို့ကို ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ **ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် ပတ်သက်၍** ထောက်ပံ့မှုလုပ်ငန်းများ အပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်း လုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာ လုပ်ငန်းများကို နေပြည်တော် ကောင်စီ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




### ပင်လောင်းမြို့၌ ကန့်သတ်စောင့်ကြည့်ခံပြည်သူများအတွက် ရိက္ခာများ ထောက်ပံ့

**ပင်လောင်း မေ ၂**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့ အ.ထ.က(၁)တွင် ဖွင့်လှစ်ထားသော ကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် (၂၁) ရက်တာကာလ စောင့်ကြပ်ကြည့်ရှုမှုပြုလုပ်ထားသော ပြည်ပနိုင်ငံများမှ ပြန်လာသူများနှင့် ပြည်တွင်း အခြားမြို့ရွာများမှ ပြန်လာသူ ၁၇ ဦးတို့အတွက် ခေါက်ဆွဲခြောက်များနှင့် ကြက်ဥများကို ယမန်နေ့က ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါရိက္ခာများကို မြို့နယ်လမ်းဦးစီးဌာန ဝန်ထမ်းများမိသားစုက လှူဒါန်းပေးခဲ့ခြင်းဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးကျော်မင်းထွန်းက စောင့်ကြပ်ကြည့်ရှုခြင်းခံရသည့် ပြည်သူများလက်ဝယ်အရောက် ဆက်လက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာအထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် **"စောစောရှာ"** Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင်၊ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး၊ ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့် **"စောစောရှာ"** Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့် ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများ သွားလာခဲ့သည့် နေရာများ စာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါ ကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း ၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင် ဖြစ်စေ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ **"စောစောရှာ"** Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်းအပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်း အော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လ သက်တမ်းရှိသော 1GB အင်တာနက်အခမဲ့ အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများနေအနေဖြင့် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် **"စောစောရှာ"** Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည် မဟုတ်ဘဲ၊ COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြား မသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့် မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID-19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် **"စောစောရှာ"** Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

# ပုသိမ်ပြည်သူ့ဆေးရုံကြီးတွင် ကိုဗစ်-၁၉ ရောဂါ ကုသရေးအတွက် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်း

**ပုသိမ် မေ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ခုတင်(၅၀၀) အထွေထွေရောဂါကုဆေးရုံကြီးရှိ ကိုဗစ်-၁၉ ရောဂါ ကုသရေးအတွက် ခွဲစိတ်ခန်းတွင် အသုံးပြုရန် ငွေကျပ် ၁၇ သိန်း တန်ဖိုးရှိ Video laryngoscope ကို PMA Care အဖွဲ့က ဒုတိယအကြိမ် လှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာ သန်းမင်းထွဋ်က လက်ခံယူခဲ့သည်။ (ယာပုံ)



ပုသိမ်ဆေးရုံအုပ်ကြီးက ပုသိမ်ဆေးရုံမှာ မေ့ဆေးဆရာဝန် နှစ်ဦးရှိသလို ခွဲခန်းလည်း သီးခြားစီ နှစ်ခန်းရှိပြီး တစ်ခန်းနှင့်တစ်ခန်း နီးနီးနားနား မဟုတ်ကြောင်း၊ ဒီ Video laryngoscope က ကိုဗစ်-၁၉ လူနာအတွက်သာမဟုတ်ဘဲ မေ့ဆေးပေးရသည့် လူနာတိုင်းအတွက် အသုံးပြု၍ရသည့် ပစ္စည်းဖြစ်ကြောင်း၊ ယခုလို လိုအပ်ချက်ရှိနေချိန်တွင် PMA Care အဖွဲ့က လာရောက်လှူဒါန်းပေးသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ ယနေ့ သင်္ဘောသားများစုစည်းထားသည့် Sea Rangers အဖွဲ့ကလည်း လက်အိတ် ၃၀ နှင့် N-95 နှာခေါင်းစည်း ၅၀ တို့ကို လှူဒါန်းခဲ့ကြောင်း၊ ၎င်းအဖွဲ့ ပုသိမ်မှ အပြန်တွင် ကန်ကြီးထောင့်၊ ကျောင်းကုန်း၊ ပန်းတနော်မြို့များကိုပါ ဝင်ရောက်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**ကိုထက် (ပြန်/ဆက်)**

# ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၂**

Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ကိုဗစ်-၁၉ Call Center ကို ဖွင့်လှစ်ထားကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ (၄)ခု၊ Blue ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း (၄၃) ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာဝန်ထမ်း ဆရာဝန် (၁၇) ဦး စုစုပေါင်း (၆၀) ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးမြို့ မဟာအောင်မြေကျောက်မျက်ဈေးရှိ ကျောက်စိမ်းကျောက်မျက်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်သူများအား စားနပ်ရိက္ခာများ ထောက်ပံ့ပေးမည်

**မန္တလေး မေ ၂**

မန္တလေးမြို့ရှိ မဟာအောင်မြေ ကျောက်မျက်ဈေး (မန္တလေး ကျောက်ဝိုင်း)တွင် ကျောက်စိမ်း ကျောက်မျက်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေကြသူများ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် ကာလတွင် အခက်အခဲများ ပြေလည်စေရန်အတွက် မန္တလေးတိုင်းဒေသကြီး ကျောက်မျက်လုပ်ငန်းရှင်များအသင်းနှင့် မဟာအောင်မြေကျောက်မျက်ဈေး လုပ်ငန်းရှင်များ ပူးပေါင်း၍ စားနပ်ရိက္ခာများ ထောက်ပံ့ပေးရန် စီစဉ်ဆောင်ရွက်နေကြောင်း မန္တလေးတိုင်းဒေသကြီး ကျောက်မျက်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ(၁) ဦးကျော်ဇောအောင်က ပြောကြားသည်။

"ကိုဗစ်-၁၉ ရောဂါကို ကာကွယ်တားဆီးနိုင်ဖို့ မဟာအောင်မြေ ကျောက်မျက်ဈေးကို ပိတ်ထားရတဲ့အတွက် ဒီကျောက်ဝိုင်းကို မှီခိုရောင်းဝယ်လုပ်ကိုင်နေကြတဲ့ အခြေခံလက်လုပ်လက်စား ကျောက်သမားတွေ စားဝတ်နေရေးအတွက် အခက်အခဲဖြစ်နေတယ်ဆိုတာ ကြားသိရတဲ့အတွက် ကျွန်တော်တို့အသင်းနဲ့ ဖားကန့်ဒေသမှာရှိတဲ့ ကျောက်စိမ်းလုပ်ငန်းရှင်တွေ ပူးပေါင်းပြီး ကူညီထောက်ပံ့ပေးဖို့ အလှူငွေတွေ စတင်ကောက်ခံနေပါပြီ။ ကျောက်မျက်ဈေးရဲ့ အနောက်ပေါက်မှာ အလှူခံစခန်း ဖွင့်ထားပါတယ်။ လောလောဆယ် လေးရက်အတွင်းမှာ သိန်း ၈၀၀ လောက်ရနေပါပြီ။ မေ ၇ ရက်အထိ အလှူငွေတွေ ကောက်ခံပြီး ၁၅ ရက်မှာ ထောက်ပံ့ပစ္စည်းတွေ ဝေငှပေးသွားမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ ထောက်ပံ့ပေးဝေမည့် အစီအစဉ်နှင့် ပတ်သက်၍ မဟာအောင်မြေကျောက်မျက်ဈေး အကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးမျိုးမြင့်လှိုင်ကလည်း "လက်ရှိမှာ အလှူငွေ ကျပ်သိန်း ၈၀၀ နဲ့ ဆန်အိတ် ၄၀၀ လောက်ရရှိနေပါပြီ။ ကိုဗစ်-၁၉ရောဂါ အခြေအနေကြောင့် ကျောက်ဝိုင်းပိတ်ထားတဲ့ လောလောဆယ်ကာလမှာ အခက်အခဲဖြစ်နေကြတဲ့ ကျောက်စိမ်းကျောက်မျက် လုပ်ငန်းလုပ်ကိုင်နေကြတဲ့ ကျောက်သမားတွေကို စားနပ်ရိက္ခာတွေ ထောက်ပံ့နိုင်ဖို့ အလှူငွေတွေ အများကြီးရအောင် ကောက်ခံနေပါတယ်။ အဓိကအနေနဲ့ အမှန်တကယ် အခက်အခဲဖြစ်နေသူတွေကိုပဲ စိစစ်စာရင်းကောက်ယူပြီး အိမ်ထောင်စုအလိုက် ထောက်ပံ့ပေးသွားမှာပါ" ဟု ပြောသည်။

မန္တလေးမြို့ရှိ မဟာအောင်မြေ ကျောက်မျက်ဈေးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် ရည်ရွယ်ကာ မတ် ၂၄ ရက်မှ မေ ၁၅ ရက်အထိ ယာယီပိတ်ရန် သတ်မှတ်ကြေညာထားကြောင်းနှင့် အဆိုပါကျောက်မျက်ဈေး၌ နေ့စဉ် ကျောက်စိမ်းကျောက်မျက် လုပ်ငန်းဖြင့် လာရောက်အရောင်းအဝယ် ပြုလုပ်သူဦးရေမှာ တစ်သောင်းကျော်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ကိုဗစ် - ၁၉ ရောဂါ မဖြစ်ပွားစေရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် ဒို့တပ်ကုန်း ပရဟိတအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ကမ္ဘောဇဘဏ်မိသားစုတို့ ပူးပေါင်း၍ မေ ၂ ရက်က နှာခေါင်းစည်းနှင့် ခေါင်းစွပ်မျက်နှာအကာ ၁၆၀၀ နှင့် ကိုဗစ်-၁၉ သတိပေးလက်ကမ်းစာစောင်များကို လူသွားလူလာများသော မြို့မဈေးကြီးအတွင်းနှင့် ရန်ကုန်-မန္တလေး လမ်းဆုံများတွင် ခရီးသွားပြည်သူများ၊ ဈေးဝယ်၊ ဈေးသည်များအား ဝေငှတပ်ဆင်ပေးစဉ်။ တင်ထွန်းတာ(တပ်ကုန်း)

# ပူတာအိုမြို့သို့ ပျံသန်းမှုယာယီရပ်ဆိုင်းခဲ့သော မြန်မာအမျိုးသားလေကြောင်းလိုင်း ပြန်လည်ပြေးဆွဲ

**ပူတာအို မေ ၂**

သက်ြံန်ကာလနှင့် ကိုဗစ် - ၁၉ ကြိုတင်ကာကွယ်နိုင်ရန်အတွက် မြန်မာအမျိုးသားလေကြောင်းလိုင်း ပျံသန်းမှုကို ယာယီရပ်ဆိုင်းခဲ့ရာ ယခုအခါ ခရီးသွားပြည်သူများသွားလာရေးအဆင်ပြေစေရန် ပုံမှန်အတိုင်းပြန်လည်ပြေးဆွဲမှုကို ယမန်နေ့က စတင်ခဲ့ကြောင်း မြန်မာအမျိုးသားလေကြောင်း ပူတာအိုဌာနခွဲ တာဝန်ခံ ဦးလှမြင့်ထံမှ သိရသည်။

''လက်ရှိမှာ မေလ(၁,၃,၄,၆,၈) ရက်များမှာ ပြေးဆွဲဖို့လျာထားပေမယ့် အခုအချိန်မှာတော့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်း အရှိန်အဟုန်မြှင့် ဆောင်ရွက်နေချိန်ဖြစ်လို့ အကြောင်း အမျိုးမျိုးဖြစ်ပေါ်လာခဲ့ရင်တော့ အခြေအနေအရ ပျံသန်းပြေးဆွဲသွားမှာဖြစ်ပါတယ်။လက်မှတ်များကိုတော့ ပုံမှန်အတိုင်း အရောင်းကိုယ်စားလှယ်များနဲ့ အွန်လိုင်းကနေဝယ်ယူအားပေးလို့ရပါတယ်'' ဟု ၎င်းက ပြောသည်။



ပူတာအိုသို့ ဆိုက်ရောက်လာသော လေကြောင်းခရီးစဉ်တစ်ခုကို တွေ့ရစဉ်။

အဆိုပါ မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနားမှ ပူတာအိုမြို့သို့ ပြန်လည်ရောက်ရှိလာသော ခရီးသွားပြည်သူများအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆေးရုံအုပ်ဒေါက်တာ သန့်ဇင်ထွန်းနှင့် မြို့နယ်အဆင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်စင်တို့ ဦးဆောင်သောအဖွဲ့က စနစ်တကျ ကျန်းမာရေးစစ်ဆေးခြင်း၊ ခရီးသွားရာဇဝင်မေးမြန်းစာရင်းရေးသွင်းခြင်းနှင့်သက်ဆိုင်ရာ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းပါဝင်မှုဖြင့် သတ်မှတ်နေရာအဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်းများသို့ ညွှန်းပို့ခြင်းတို့ ဆောင်ရွက်ခဲ့ရာ ခရိုင်အဆင့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က လာရောက်အားပေးကြည့်ရှုသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းကို ဧပြီ ၁၃ ရက်မှ ၃၀ ရက်အထိ ပျံသန်းပြေးဆွဲမှုများကို ယာယီရပ်ဆိုင်းခဲ့ခြင်းဖြစ်ကာ ယခုအခါ အပတ်စဉ် တနင်္ဂနွေ၊ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာရက်များတွင် ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲ ပျံသန်းပေးသွားမည့်အပြင် ရွှေမြန်မာလေကြောင်းလိုင်းကိုလည်း မေ ၁၆ ရက်မှ စတင်ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ပူတာအိုခရိုင်အတွင်းရှိ ပြည်သူများသည် ခရီးသွားလုပ်ငန်းများနှင့် ကုန်သွယ်မှုလုပ်ငန်းများအတွက် လေကြောင်းလိုင်းနှင့် ကားလမ်းများကိုသာ အဓိကအားကိုးအားထားပြုရသော ခရိုင်ဖြစ်ပြီး လေကြောင်းလိုင်းအနေဖြင့် မြန်မာအမျိုးသားလေကြောင်းလိုင်းနှင့်ရွှေမြန်မာလေကြောင်းလိုင်း နှစ်လိုင်းသာပျံသန်းပြေးဆွဲလျက်ရှိကြောင်းသိရသည်။

**ဖုန်ကန်(ပူတာအို)**

# ယာဉ်စီးနင်းသည့်ခရီးသည်နည်းပါးသော်လည်း YBS ယာဉ်လိုင်းများ ၁၅ မိနစ်ခြား တစ်စီး ပြေးဆွဲပေးနေ

**ရန်ကုန် မေ ၂**

ရန်ကုန်မြို့နေပြည်သူများ ခရီးသွားလာရာတွင် အားထား အသုံးပြုနေကြသည့် YBS ယာဉ်လိုင်းများမှာ ကိုဗစ်-၁၉ ဖြစ်ပွားနေသည့်ကာလအတွင်း စီးနင်းသည့်ခရီးသည်နည်းပါးလျက်ရှိကြောင်း သိရသည် ။

Power ElevenPublic Co.,Ltd လက်အောက်ရှိ YBS ယာဉ်လိုင်း အမှတ် ( ၂၁ ) ( ၃၉ ) နှင့် လူထုမိတ်ဆွေ ကုမ္ပဏီ လက်အောက်ရှိ YBS ယာဉ်လိုင်းအမှတ် ၃၂၊ ၇၈၊ ၉၃၊ ၉၄၊ ၉၇ ယာဉ်လိုင်းများမှာ စီးနင်းသည့် ခရီးသည်ဦးရေ နည်းပါးမှုကြောင့် သင်္ကြန်ကာလအတွင်း တစ်နာရီခြား တစ်စီးပြေးဆွဲခဲ့ပြီး ဧပြီ ၂၀ ရက်မှ စတင်ပြီး ၁၅ မိနစ်ခြားတစ်စီး ပြေးဆွဲပေးလျက်ရှိသည် ။

ထိုသို့ပြေးဆွဲရာတွင် ယာဉ်စီးရေကန့်သတ်ထားခြင်းမရှိကြောင်း၊ မိနစ်အပိုင်းအခြားဖြင့်သယ်ယူပို့ဆောင်ရေးလုပ်ဆောင်ခြင်းဖြစ်ပြီး စီးနင်းသည့် ခရီးသည်ဦးရေ နည်းပါးကြောင်း ကုမ္ပဏီ၏ တာဝန်ရှိသူ ပြောကြားချက်အရ သိရသည် ။

နေ့စဉ်ပြေးဆွဲသည့် ယာဉ်များကို ပိုးသတ်ဆေးဖျန်း၍ ကာကွယ်မှုပြုလုပ်ထားပြီး ညွှန်ကြားချက်အတိုင်း ယာဉ်မောင်းများမှ နှာခေါင်းစည်း တပ်ဆင်ပြီး မောင်းနှင်ကြကြောင်း၊ ထို့ပြင် ခရီးသည်များမှလည်း နှာခေါင်းစည်းတပ်ဆင်ပြီး စီးနင်းရန်နှင့် ဝတ်ဆင်မလာပါက ယာဉ်လိုင်းပေါ်တွင် ရောင်းချပေးလျက်ရှိကြောင်း၊ ဝယ်ယူရန်မတတ်နိုင်သူများအား အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယာဉ်အတက်အဆင်း နှစ်နေရာတွင် လက်သန့်ဆေးရည်တစ်ဘူး စီထားရှိကြောင်း၊ ထိုင်ခုံတစ်ခုတွင် ခရီးသည်တစ်ဦးသာ စီးနင်းခွင့်ပြုပြီး သတ်မှတ်ထားသည့် အကွာအဝေးအတိုင်း စီးနင်းရမည်ဖြစ်ကြောင်း သိရသည်။

**အောင်သူရ**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၂-၅-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၉၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၂၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၉၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၂၃၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၁၀/၄၅၅ | ကျပ် | ၄၆၀/၄၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၂၀/၄၇၀ | ကျပ် | ၄၇၅/၄၈၅ | ကျပ် |
| အောက်တိန်း ၉၂ | ၂၉၀/၃၁၀ | ကျပ် | ၃၄၀/၃၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၄၃၀/၄၅၀ | ကျပ် | ၄၉၅/၅၀၅ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၁၀ . ၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၃၂ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၇ . ၉၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၅၄ . ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၂၄ . ၇ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၂၀ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၉ . ၄၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၆၅၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၄ . ၈၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၅၅၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၀၀၀ | ၄၀၁၆ | ၄၀၁၆၀၀၀၀ |
| MTSH | ၃၈၀၀ | ၃၇၅၀ | ၄၁၂၆ | ၁၅၅၀၇၀၅၀ |
| MCB | ၈၂၀၀ | ၈၁၀၀ | ၇၀၅ | ၅၃၆၉၅၀၀ |
| FPB | ၂၂၀၀၀ | ၂၂၅၀၀ | ၁၇၆၅ | ၃၉၁၁၃၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၂၄၂ | ၆၆၅၅၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

# YBS ယာဉ်များမှ YRTA ထံ ပေးသွင်းရသည့် စီမံခန့်ခွဲမှုရန်ပုံငွေ ကင်းလွတ်ခွင့်ကို မေ ၃၁ ရက်အထိ တိုးမြှင့်

**ရန်ကုန် မေ ၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသည်တင်ပြေးဆွဲနေသည့် YBS ယာဉ်များမှ YRTA ထံ ပေးသွင်းရသည့် စီမံခန့်ခွဲမှုရန်ပုံငွေ ကင်းလွတ်ခွင့်ကို မေ ၃၁ ရက်ထိ တိုးမြှင့်ပေးလိုက်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA)ထံမှ သိရသည်။

YBS သယ်ယူပို့ဆောင်ရေးကုမ္ပဏီများနှင့် တာဝန်ခံယာဉ်လိုင်းများမှ YRTA သို့ ပေးသွင်းရသည့် စီမံခန့်ခွဲမှု ရန်ပုံငွေကျပ် ၄၀၀၀ ပေးသွင်းမှုကို ယခင် မတ် ၂၇ ရက်မှ ဧပြီ ၃၀ ရက်ထိ ယာယီကင်းလွတ်ခွင့်ပြုခဲ့ရာမှ ယခုအခါ YBS သယ်ယူပို့ဆောင်ရေးကုမ္ပဏီများနှင့် တာဝန်ခံယာဉ်လိုင်းများကို ကူညီထောက်ပံ့သည့်အနေဖြင့် မေ ၃၁ ရက်ထိ တိုးမြှင့်ပေးလိုက်ခြင်း ဖြစ်သည်။

အဆိုပါ YBS ယာဉ်အစီးရေမှာလည်း ယခင်က တစ်နေ့လျှင် အစီးရေ ၄၅၀၀ ခန့် ပြေးဆွဲလျက်ရှိသော်လည်း ယခုအခါ ကိုဗစ် - ၁၉ ကြောင့် ခရီးသွားလာမှုရှိသော ပြည်သူများ၏အခြေအနေအရလည်းကောင်း၊ ယာဉ်မောင်းများ၏ ပါဝင်ဆောင်ရွက်နိုင်မှု အခြေအနေအရလည်းကောင်း စီမံပြေးဆွဲနေရကာ လက်ရှိ YBS ယာဉ်လိုင်း (၁၀၁) လိုင်းမှ မော်တော်ယာဉ်စီးရေ ၂၀၀၀ ခန့်ဖြင့် ခရီးသည်များကို သယ်ယူပို့ဆောင်ပေးနေကြောင်း YRTA ထံမှ သိရသည်။

လက်ရှိ YRTA အနေဖြင့် ကိုဗစ် – ၁၉ ကပ်ရောဂါကို တားဆီးကာကွယ်နိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်နေပြီး YBS ယာဉ်လိုင်းကုမ္ပဏီများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ YBS ယာဉ်လိုင်းကုမ္ပဏီများရှိ မော်တော်ယာဉ်များမှာလည်း နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကိုဗစ် – ၁၉ ကပ်ရောဂါကို တားဆီးကာကွယ်နိုင်ရန် YBS ယာဉ်လိုင်းကုမ္ပဏီများအပါအဝင် လူမှုအဖွဲ့အစည်းများနှင့် ပြည်သူလူထုကလည်း YBS ယာဉ်များပေါ်တွင် ကိုဗစ် – ၁၉ ကပ်ရောဂါအတွက် လိုက်နာရမည့်အချက်များကို စတေကာများဖြင့် ကပ်ခြင်း၊ အသိပညာပေး လက်ကမ်းစာဆောင်များပေးဝေခြင်း၊ YBS ယာဉ်များပေါ်တွင် လက်သန့်ဆေးရည်များ ထားရှိခြင်း၊ ကားဂိတ်၊ ရထားဂိတ်များတွင်လည်း လက်ဆေးကန်များထားရှိခြင်း၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်ခြင်း စသည်တို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသည်တင်ပြေးဆွဲနေသည့် YBS ယာဉ်လိုင်းနံပါတ် ၁၀၀ ကျော်ရှိသည့်အပြင် Airport Shuttle Bus၊ City Transit တို့ဖြင့် လမ်းကြောင်းပေါင်း ၁၃၅ ခုကို ပြေးဆွဲပေးနေကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ရိုလာကိုစတာကြီး စီးကြမယ်


ကေ - ဂျူဝယ်လ်

နိမ့်လိုက်မြင့်လိုက်နဲ့ ကွေ့ကွေ့ကောက်ကောက်၊ ဇောက်ထိုး မိုးမျှော်စီးကြရတဲ့၊ အသည်းယားစရာကောင်းတဲ့ ရိုလာကို စတာဆိုတဲ့ အပျော်စီးမိုးပျံရထားကို ကလေးတို့ သိကြသလား။ မစီးဖူးရင်တောင် ရုပ်ရှင်ဇာတ်ကားတွေ၊ ကာတွန်းတွေထဲမှာတော့ မြင်ဖူးကြတယ်မဟုတ်လား။ ရထားသံလမ်းတွေက ကောက်ကောက်ကွေ့ကွေ့နဲ့ မိုးပေါ်အထိတောင် ရောက်နေသလိုပဲ သိပ်ကိုမြင့်တာပေါ့။ ရထားတွဲတွေမှာ ခုံတွေနဲ့ ကန့်ထားတဲ့ လူစီးစရာနေရာတွေပါတယ်။ ခါးပတ်ကြိုးတွေနဲ့ လေယာဉ်ပျံကြီးစီးသလို သေသေချာချာ ပတ်ထားရတယ်။ ရိုလာကိုစတာကြီးက အမြင့်ဆုံးကို ရောက်သွားပြီးရင် အောက်ကို ပြန်ကျလာတဲ့အခါ ကလေးတို့ရဲ့ အသည်းနှလုံးတွေ ပြုတ်ကျသွားသလို ခံစားရတာပေါ့။ ကြောက်စရာ ကောင်းသလို ပျော်စရာလည်း ကောင်းတဲ့အတွက် ပျော်ရွှင်ပွဲဥယျာဉ်ကြီးတွေထဲမှာ ရိုလာကိုစတာက မပါမဖြစ်ပဲလေ။ ဒီတစ်ပတ်မှာ မမက ကလေးတို့ကို ရိုလာကိုစတာကြီးတွေရဲ့အကြောင်း နည်းနည်းပြောပြပေးမယ်နော်။

ကမ္ဘာပေါ်က ပျော်ရွှင်ပွဲဥယျာဉ်ကြီးတွေအများစုမှာ ရိုလာကိုစတာရှိကြတယ်။ ကမ္ဘာပေါ်မှာ ရိုလာကိုစတာပေါင်းက ၃၇၀၀ ကျော်အထိ ရှိသတဲ့။ နာမည်အကြီးဆုံး ရိုလာကိုစတာကတော့ ၁၉၇၂ ခုနှစ်က ဘုရင်ကျွန်းမှာရှိတဲ့ The Racer လို့ခေါ်တဲ့ ရိုလာကိုစတာကြီးပဲပေါ့။ မီးရောင်စုံတွေနဲ့ သိပ်လှသလို လူအများကြီးကလည်း စိတ်ဝင်စားခဲ့ကြတယ်။ အခုနောက်ပိုင်းမှာ နိုင်ငံအသီးသီးရဲ့ ပျော်ရွှင်ပွဲဥယျာဉ်ကြီးတွေမှာ ရိုလာကိုစတာတွေ ခေတ်စားလာခဲ့ပြီး စီးနေကျအရာ တစ်ခုဖြစ်လာခဲ့ပါပြီ။ အရင်ကတော့ ရိုလာကိုစတာစီးဖို့ဆိုတာ တော်တော်ကို မလွယ်ဘူး။ ရှိတဲ့နေရာက နည်းတာကြောင့်မို့ ခရီးသွားတွေဟာ ရိုလာကိုစတာကောင်းကောင်း ရှိတဲ့ ပျော်ရွှင်ပွဲဥယျာဉ်ကြီးတွေဆီ တကူးတက သွားစီးခဲ့ကြရတာပေါ့။

ရိုလာကိုစတာရဲ့အစက ရုရှားကပါ။ အဲဒီတုန်းကတော့ ရိုလာကိုစတာလို့ မခေါ်သေးပါဘူး။ ၁၇ ရာစုလောက်က ရုရှားကတောင်တန်းတွေမှာ ရေခဲအချို့ ဖုံးလွှမ်းချိန် သစ်သားရေတံလျှောက်တွေကို ရေခဲတောင်စောင်းတွေမှာ ချိတ်ကပ်ပြီး လူတွေလျှောချကြတာပေါ့။ အဲဒီတုန်းက အမြင့်ပေ ၇၀ လောက်ရှိတဲ့ သစ်သားလျှောအကြီးကြီးတွေကနေ စီးခဲ့ကြတာပေါ့။ ၁၇၈၄ ခုနှစ်မှာ မဟာကက်သရင်းက စိန့်ပီတာစဗတ်မြို့မှာရှိတဲ့ သူ့ရဲ့နန်းတော်ဥယျာဉ်ကြီးထဲမှာ ရိုလာကိုစတာကို တည်ဆောက်ခဲ့ပါတယ်။ ကလေးတို့မြင်ဖူးတဲ့ ရိုလာကိုစတာနဲ့ တော်တော်


ခေတ်သစ် ရိုလာကိုစတာများ



ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာရှိတဲ့ ကမ္ဘာ့ပထမဆုံး ရိုလာကိုစတာ Promenades Aeriennes

တူတဲ့ အမျိုးအစားကို စတင်တည်ဆောက်တာကတော့ ပြင်သစ်မှာပဲဖြစ်ပါတယ်။ ၁၈၁၇ ခုနှစ် ဇူလိုင် ၈ ရက်မှာ အဲဒီ ရိုလာကိုစတာကို စတင်ဖွင့်လှစ်ပေးခဲ့တာပါ။ ဘီးတွေလည်းပါပြီး စီးရတာလည်း လုံခြုံမှုရှိစေတဲ့ ရိုလာကိုစတာတွေရဲ့အစပေါ့။

နောက်ပိုင်းမှာ ကျောက်မီးသွေးတွေကို မြေကြီးထဲကနေ ထုတ်ယူတဲ့အခါ သယ်ယူဖို့အတွက် ရထားလမ်းကြောင်းတွေ ရှိပါတယ်။ အဲဒီရထားလမ်းကြောင်းတွေဟာ ကွေ့ကွေ့ကောက်ကောက်နဲ့ နိမ့်လိုက်မြင့်လိုက်ပေါ့။ လူတွေကလည်း အမြဲတမ်းဆန်းသစ်တီထွင်နေကြတာပဲလေ ကလေးတို့ရဲ့။ သူတို့ဟာ အဲဒီကျောက်မီးသွေးတင်တဲ့ရထားလမ်းတွေကို ပိုပြီးအဆင့်မြှင့်လိုက်တဲ့အခါ စီးလို့ တော်တော်လေးကောင်းလာတာပေါ့။ အဲဒီလိုလုပ်ရာကနေ စိတ်ကူးကို ဖြည့်စွက်ပြီး အသစ်တီထွင်ကြတော့တာပေါ့။ လာမားကပ်စ် အန်ဒါသွန်မဆင်ဆိုတဲ့ သူက ဆွဲငင်ရထားနဲ့အတူ ရိုလာကိုစတာအသစ်ကို ဘရွတ်ကလင်းတို့၊ နယူးယောက်ခ်တို့မှာ မိတ်ဆက်ပြီး ရိုလာကိုစတာစီးကြည့်ကြဖို့ တီထွင်တဲ့သူတစ်ဦး ဖြစ်ပါတယ်။ သူ့ကြောင့်ပဲ လမ်းကြောင်းရှည်ရှည်နဲ့ အကွေ့အကောက်များပြီး ကလေးတို့၊ မမတို့ သိပ်ကိုကြိုက်တဲ့ ရိုလာကိုစတာတွေ ဖြစ်လာခဲ့တော့တာပါပဲ။

၁၉၁၉ ခုနှစ်မှာ ဖွင့်လှစ်တဲ့ ပထမဆုံးသော လူအများကြီးစီးလို့ရတဲ့ ရိုလာကိုစတာကြီးက ပေါ်ထွက်လာခဲ့ပြီး မကြာခင်မှာပဲ ကမ္ဘာတစ်ဝန်းလုံးက အပန်းဖြေဥယျာဉ်တွေမှာ ရိုလာကိုစတာကြီးတွေ ပေါ်လာခဲ့တော့တာပေါ့။ အခုဆိုရင် ရိုလာကိုစတာစီးခဲ့ကြတာ နှစ် ၁၀၀ ကျော်ပြီ။ လွန်ခဲ့တဲ့နှစ် ၁၀၀လောက်က အကျော်ကြားဆုံး ရိုလာကိုစတာကြီးကတော့ ဆိုက်ကလုန်းလို့ခေါ်ပါသတဲ့။ ၁၉၅၉ ခုနှစ်လောက်မှာတော့ သံမဏိတွေ၊ စတီးတွေနဲ့ တည်ဆောက်တဲ့ ရိုလာကိုစတာကြီးတွေ ပိုခေတ်စားလာခဲ့ပြီး မောင်းနှင်တဲ့ အခါမှာလည်း နည်းပညာအကူအညီတွေ အများကြီးပါဝင်လာတာပေါ့။ ထင်ရှားတဲ့ ရိုလာကိုစတာတွေ အများကြီးရှိပါတယ်။ ပန်းခြံတွေကလည်း သူတို့ပန်းခြံတွေကို လူတွေများများလာအောင် ရိုလာကိုစတာတွေကို အပြိုင်တည်ဆောက်ခဲ့ကြတာပေါ့လေ။

လက်ရှိ ကမ္ဘာပေါ်မှာ အမြင့်ဆုံးရိုလာကိုစတာကတော့ အမေရိကန်ပြည်ထောင်စုမှာရှိပြီး ထိပ်တန်းစိတ်လှုပ်ရှားစရာကောင်းတဲ့ Kingda Ka ဆိုတဲ့ ရိုလာကိုစတာကြီး ဖြစ်ပါတယ်။ အမြင့်ပေ ၄၅၆ ပေဖြစ်ပြီး ၂၀၀၅ ခုနှစ်က ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ အရှည်ဆုံးရိုလာကိုစတာကတော့ ဂျပန်နိုင်ငံမှာရှိပြီး ပေပေါင်း ၈၁၀၀ ကျော် ရှည်ပါတယ်။ ပြီးခဲ့တဲ့နှစ်တုန်းက သူငယ်ချင်းတွေနဲ့ ခရီးသွားရင်း ကိုရီးယားနိုင်ငံမှာရှိတဲ့ ရိုလာကိုစတာတစ်ခုကို စီးခဲ့ဖူးတယ်။ အင်မတန်မှ ကြောက်စရာကောင်းသလို စိတ်လှုပ်ရှားစရာလည်းကောင်းတယ်။ မမတို့နိုင်ငံမှာလည်း ရိုလာကိုစတာအကြီးကြီးတွေ မရှိပေမယ့် ခပ်သေးသေး ရိုလာကိုစတာတွေကိုတော့ ရန်ကုန်၊ မန္တလေးနဲ့ အချို့မြို့တွေက ပန်းခြံတွေမှာ တွေ့ဖူးတယ်။ မမတို့ငယ်ငယ်က ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှာ ရိုလာကိုစတာအသေးစား စီးလို့ရပါတယ်။ အဓိက အရေးကြီးဆုံးကတော့ နေကောင်းကျန်းမာမှသာ ရိုလာကိုစတာကို စီးခွင့်ပြုတာဖြစ်ပြီး နေမကောင်းတဲ့ ကလေးတွေကိုတော့ ရိုလာကိုစတာစီးခွင့်မပြုထားပါဘူးနော်။ အားလုံး ပဲ ကျန်းကျန်းမာမာနဲ့ ရိုလာကိုစတာကြီးတွေ စီးနင်းနိုင်ပါစေလို့ မမက ဆုတောင်းပေးလိုက်ပါတယ်။

# ခပ်ခွာခွာနေကြမယ်

မမမေ


**ယဉ်ကျေးပျူငှာတဲ့ လောကဝတ်ကလေးတွေကို ကလေးတို့ ဆီ အပတ်စဉ်ပေးပို့နေတဲ့ ဒီကဏ္ဍလေးကနေ ဒီတစ်ပတ်မှာတော့ ကိုဗစ်-၁၉ကြောင့် လိုက်နာကြရမယ့် လောကဝတ်ကလေးတွေကို ကလေးတို့ကို ပြောပြမယ်နော်။**

**လက်ခုပ်တီးပါ**

ပြီးခဲ့တဲ့လတုန်းက ညဘက်မှာ အိမ်တွေရဲ့ဝရန်တာတွေကနေ လူတွေအများကြီး လက်ခုပ်တီးနေကြတာကို ကလေး တို့သိကြလား။ ကိုဗစ်-၁၉ ရောဂါခံစားနေရသူတွေကို ဆေးကုပေးနေတဲ့ ဆရာဝန်၊ ဆရာမတွေ၊ သူနာပြုတွေကို ဂုဏ်ပြုတဲ့အနေနဲ့ လက်ခုပ်တီးကြတာပေါ့ ကလေးတို့ရေ။ ကလေးတို့လည်း ဦးဦးဆရာဝန်တွေ၊ တီတီဆရာမတွေကို တွေ့တဲ့အခါ လေးလေးစားစားနဲ့ ချစ်စဖွယ်ဆက်ဆံပေးကြဖို့ မမကတိုက်တွန်းပါတယ်။

**လက်တွေကိုစက္ကန့် ၂၀ အကြာဆေး**


ကလေးအများစုက လက်ကိုဆေးကြပေမယ့် စက္ကန့် ၂၀အထိ မပြည့်ကြတာမျိုး ဖြစ်မှာကို မမကတော့ စိုးရိမ်မိပါတယ်။ အဲဒီရောဂါပိုးဟာ ဆပ်ပြာနဲ့လက်ကို စနစ်တကျ စက္ကန့် ၂၀ လောက်ဆေးကြောမှသာ ကလေးတို့လက်မှာ မကပ်တွယ်တော့ဘဲ ရေတွေ၊ ဆပ်ပြာတွေနဲ့အတူ သေဆုံးသွားမှာမို့ လက်ကိုဆေးတဲ့အခါ သေသေချာချာဆေးပေးကြဖို့ မမကအကြံပေးပါရစေနော်။ အကောင်းဆုံးကတော့ လက်ဆေးတဲ့အခါ သီချင်းလေးတွေဆိုရင်း လက်ဆေးကြမယ်ဆိုရင် အချိန်ကြာတာလည်း သိပ်မသိသာတော့ဘူး ကလေးတို့လည်း အပန်းပြေတာပေါ့။







**လူတွေနဲ့ဝေးဝေး**


အများစုက မထင်မှတ်ထားတဲ့ သူတွေဆီကနေ တစ်ဆင့်ပဲ ရောဂါကူးစက်ကြတာ ကလေးတို့ရေ။ မေမေ၊ ဖေဖေနဲ့ မိသားစုဝင်တွေဆီကနေ ကလေးတွေဆီကို ကိုဗစ်-၁၉ ရောဂါ အများဆုံး ကူးစက်တတ်ပါတယ်။ ကလေးတို့လည်း ဒီကာလလေးမှာတော့ မိသားစုဝင်တွေနဲ့တောင် အတတ်နိုင်ဆုံး ခပ်ခွာခွာနေပေးကြပါနော်။ ချောင်းဆိုးတာ၊ နှာချေတာမျိုးတွေဆိုရင် အတတ်နိုင်ဆုံး ဝေးဝေးကနေ ရှောင်ရှားဖို့လိုပါတယ်။ လူတစ်ယောက်နဲ့ တစ်ယောက် ခြောက်ပေအကွာဆိုတာ ကလေးတို့ လက်နှစ်ဖက်ကို ဆန့်တန်းပြီး ကားနိုင်သမျှကားထားတဲ့ အကွာအဝေးထက်တောင် ပိုတာမို့ ဘယ်တော့မှ လူတွေနဲ့ လက်လှမ်းမီတဲ့နေရာမှာ မနေကြဖို့ အကြံပြုပါတယ်။



HTOO
ကောက်တွေ့မိသေးလား
တွေ့တယ်.. လမ်းမပေါ်က တွေ့တာ..
ဟာ.. ဟုတ်လား.. အဲဒါ ဦးလေးပိုက်ဆံအိတ်ပါကွယ်..
လွှင့်ပစ်တာမဟုတ်ဘူးဟ..
လမ်းသွားရင်းမတော်တဆ ထွက်ကျတာကွ.. တော်သေးတယ် မင်းကောက်တွေ့လို့ပဲဟေ့..
မတော်တဆထွက်ကျတာဆို အိတ်ထဲမှာ ပိုက်ဆံအနည်းအကျဉ်းတော့ပါမှာပေါ့.. ဦးဟာက....
ပိုက်ဆံတစ်ပြားမှမပါတော့ လွှင့်ပစ်ထားတယ်ထင်ပြီး လမ်းထိပ်က အမှိုက်ပုံးထဲ သွားထည့်လိုက်ပြီ...
ဘာ...
ပိုက်ဆံထက် အရေးကြီးတဲ့ စာရွက်စာတမ်းတွေပါတယ်ဟ.. ဘုရားမ.လို အမှိုက်ပုံးထဲမှာ ပြန်တွေ့ပါစေဗျာ...


ကာတွန်း ဓမ္မချစ်
ကတောက်.. ဒီပေစိ.. အဲ.. ကိုဗစ်-၁၉ကြောင့် အပြင်မထွက်ရတာ ကြာပြီ... ပျင်း..
တနေ့တနေ့ စားလိုက် အိပ်လိုက်.. အိပ်လိုက် စားလိုက်နဲ့.. ပျင်း..
အင်း...
ငါ့သူငယ်ချင်း ညီပုဆီမရောက်တာ အတော်ကြာပြီ.. သတိရလိုက်တာ
နီကြောင်ရေ..
ဒီလောပဲဗျာ.. အိမ်ပြင်မထွက်ရဘူးဆိုပေမယ့် တစ်ယောက်တော့ထွက်လို့ရတာပဲ..
ညီပုဆီ သွားမယ်ကွာ..
လက်ဆေးပါ..
ညီပုဆီရောက် သော်..
ညီပုရေ.... အား..
အိပ်လိုက်စားလိုက်.. စားလိုက်.. အိပ်လိုက်နဲ့.. မင်းမြင်တဲ့အတိုင်းပါပဲ နီကြောင်ရာ.. ဟီး..


ဘာကျော်
အား... ရာသီဥတုကလည်း ပူလိုက်တာ ... တအားပဲ...
အဲကွန်း ဖွင့်ရင်လည်း မီတာခကုန်တယ် ဆိုပြီး မေမေက ဆူဦးမယ်...
ဟူး ...
အား ... နေလို့မရတော့ဘူးကွာ... ချွေးတွေ လည်း ရွှဲနေပြီ ...
အဲ ... အကြံရပြီကွ ...
ဘယ်ကျော် တစ်ယောက် အသံတိတ်နေပါလား... သားရေ... ဘယ်ကျော်...
ကာတွန်းဖတ်နေတာ... မေမေရဲ့...






ကာတွန်း စမ်းချောင်းကိုကိုအောင်
ဖူတလော၊ နေထိုင်သိပ်မကောင်းချင်ဘူး
ခေါင်းကိုက်ချင်သလိုလို ကိုယ်ပူချင်သလိုလိုနဲ့၊
ဒီအတွက်တော့ဘာမှမပူနဲ့၊
ကျွန်တော့်ဘကြီးဖော်စပ်ထားတဲ့ဆေးပါလာတယ်၊
ကျွန်တော့်ဘကြီးက နာမည်ကြီး၊ ဆေးဆရာကြီးလေ၊
ဒါနဲ့ မင်းဆေးက ဘာစွမ်းလဲ
အဲဒါသိချင်လို့ပဲဗျ၊

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ရွှေဘိုမြို့ပေါ်ရှိ ဘာသာရေးကျောင်း ၁၄ ကျောင်းသို့ အခြေခံစားသောက်ကုန်များထောက်ပံ့

**မုံရွာ မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ရွှေဘိုခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ရွှေဘိုမြို့ပေါ်ရှိ အစ္စလာမ်၊ ခရစ်ယာန်နှင့် ဟိန္ဒူ စသည့် ဘာသာရေးကျောင်း ၁၄ ကျောင်းတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ကြက်သွန်နီတို့ကို ထောက်ပံ့ပေးအပ်သည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်စဉ်။

ထောက်ပံ့ပေးအပ်စဉ် ရွှေဘိုမြို့ပေါ်ရှိ အစ္စလာမ်ခြောက်ကျောင်း၊ ခရစ်ယာန်သုံးကျောင်းနှင့် ဟိန္ဒူငါးကျောင်းတို့သို့ရောက်ရှိကာ ဘာသာအကျိုးသယ်ပိုးထမ်းရွက်နေသူ ၅၆ ဦးတို့အား အခြေခံစားသောက်ကုန်များ ဖူလုံပြည့်စုံစေရေးအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ နှင့် ကြက်သွန်နီတို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ကိုဗစ် -၁၉ ကာကွယ်ရေးလုပ်ငန်းများ အဖြစ် ပြည်သူများ နှာခေါင်းစည်းများ တပ်ဆင်ခြင်းနှင့် သတ်မှတ်စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ကြစေရန်နှင့် မိမိတို့ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပြည်သူတို့၏ လိုအပ်ချက်များကို တာဝန်ရှိသူများ၊ ပေါင်းစပ်ကာ အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးမည် ဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ကိုလည်း အားလုံးပူးပေါင်းပါဝင်ကာကွယ်တိုက်ဖျက်ပေးကြ ရန် တိုက်တွန်းပြောကြားခဲ့သည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ရွှေဘိုမြို့ပေါ်ရှိ အစ္စလာမ် ၂၇ ဦး၊ ခရစ်ယာန် ၂၄ ဦးနှင့် ဟိန္ဒူကိုးဦး စသည့် ဘာသာအကျိုးသယ်ပိုးထမ်း ရွက်နေသူ ၅၆ ဦးတို့အား အခြေခံစားသောက်ကုန်များ ဖူလုံပြည့်စုံစေရေး အတွက် ဆန် ၁၄ အိတ်၊ ဆီ ၁၄ ပိဿာ၊ ဆား ၁၄ ပိဿာ၊ ပဲ ၁၄ ပိဿာနှင့် ကြက်သွန်နီ ၁၄ ပိဿာတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## နေရာကန့်သတ်စခန်းများနေ ပြည်သူများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ဆန်အိတ်များလှူဒါန်း

**မြို့သစ် မေ ၂**

မကွေးခရိုင် မြို့သစ်မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်၊ ကာကွယ်ရေးကော်မတီ မြို့နယ်အဆင့် ကျန်းမာရေးစင်တာသို့ ဆန်အိတ် ၃၆ အိတ်နှင့် မြို့သစ်မြို့နယ် ဆေးရုံသို့ ဆန်အိတ်ပေါင်း ၂၀ ကို Myanmar Kaido Co.,Ltd ကိုယ်စား မကွေးတိုင်းဒေသကြီး ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦးက ယမန်နေ့တွင် ပေးအပ်လှူဒါန်းသည်။

အဆိုပါ ဆန်များကို မြို့သစ်မြို့နယ်အတွင်းရှိ ပြည်ပမှပြန်လည် ဝင်ရောက်လာသူများထားသည့် နေရာကန့်သတ်စခန်းများနှင့် အဆိုပါ နေရာကန့်သတ်စခန်းများကို ကျန်းမာရေးစောင့်ရှောက်ပေးနေသည့် ကျန်းမာရေးဝန်ထမ်းများကို ဆန်ရိက္ခာအခက်အခဲမရှိစေရန် Myanmar Kaido Co.,Ltd မှ လှူဒါန်းခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးက ပြောသည်။

မကွေးတိုင်းဒေသကြီး ၂၅ မြို့နယ်အတွက် Myanmar Kaido Co.,Ltd. က ဆန်အိတ်ပေါင်း ၁၈၀၀ ကို လှူဒါန်းခဲ့ရာ မြို့နယ်အလိုက် ပြည်ပမှ ပြန်လာသူလူဦးရေအပေါ်မူတည်၍ လိုအပ်ချက်နှင့်အညီ လှူဒါန်းသွားခြင်း ဖြစ်ကြောင်း သိရသည်။

**သန်းဝင်းထွန်း (မြန်/ဆက်)**



လှူဒါန်းထားသော ဆန်အိတ်များကို နေရာကန့်သတ်စခန်းများအရောက် ပို့ပေးနေစဉ်။

## ဘားအံ၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းများနှင့် အရက်ပြန်များလှူဒါန်း

**ဘားအံ မေ ၂**

ကချင်ပြည်နယ် ဘားအံမြို့၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်နယ်ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းစိန်လင်းက ဘားအံမြို့ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်း ချုပ်၊ ကုသရေးမြို့အဆင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဝေလင်းအောင်ထံသို့ နှာခေါင်းစည်း အခု ၅၀၀ နှင့် အရက်ပြန် ၁၀ ဘူးတို့ကို ပေးအပ်လှူဒါန်းခဲ့သည်။ **(ယာပုံ)**



အဆိုပါ လှူဒါန်းမှုပြီးနောက် ဘားအံမြို့အတွင်းရှိ တိုင်းရင်းသားကျေးရွာများအတွက် နှာခေါင်းစည်း အခု ၁၀၀၀ နှင့် အရက်ပြန်ဘူး ၂၀ ၊ မိုးညှင်းခရိုင်၊ မိုးကောင်းမြို့နယ်၊ နန့်မွန်းမြို့နှင့် ဘားအံမြို့အတွက် နှာခေါင်းစည်း အခု ၅၀ ပါ ၂၀၂ ဘူးနှင့် အရက်ပြန်ဘူး ၁၀၀ တို့ကို ဆက်လက် လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ကိုဗစ် -၁၉ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး အတွက် အလှူရှင်များက အလှူငွေများ၊ ကာကွယ်ရေးသုံးပစ္စည်းများကိုလည်း ဆက်လက် လှူဒါန်းလျက်ရှိကြောင်း မြို့မိမြို့ဖ တစ်ဦးထံမှ သိရသည်။

**တိုးတိုးမေ(ဘားအံ)**

## ကြို့ပင်ကောက်မြို့၌ ဖျားနာရောဂါ(အခမဲ့)ကုသပေးသည့်ဆေးခန်းတွင် အလှူငွေပေးအပ်ပွဲကျင်းပ

**ကြို့ပင်ကောက် မေ ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်



ကောက်မြို့တွင် ကိုဗစ်-၁၉ ဖြစ်ပွားနေချိန် ဖျားနာလူနာများအား (အခမဲ့)ကုသပေးသည့် ဆေးခန်းသို့ ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူအသုံးပြုနိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရ အဖွဲ့မှ လှူဒါန်းသော အလှူငွေရှစ်သိန်းခွဲကို တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်ဇော်နိုင်က ပေးအပ်လှူဒါန်းခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ ဖျားနာရောဂါကု(အခမဲ့)ဆေးခန်းကို ကြို့ပင်ကောက်မြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးဘက်ဆိုင်ရာအထောက်အကူပြုလုပ်ငန်းကော်မတီက ဧပြီ ၄ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး မြို့နယ်အတွင်းရှိ ဆရာဝန်ရှစ်ဦးမှ အလှည့်ကျကုသပေးရာ ယနေ့အထိ လူနာပေါင်း ၁၃၅ ဦးကို ကုသပေးခဲ့ပြီး ဖြစ်သည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

## ရေမီတာစနစ်ဖြင့် ကျေးလက်ရေပေးဝေရေးလုပ်ငန်းနှင့် ကျေးရွာကုန်ထုတ်လမ်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ဆီဆိုင် မေ ၂**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကုန်းဆွတ်ကျေးရွာအုပ်စု နမ့်ယပ်ကျေးရွာမှ ဒေသခံတိုင်းရင်းသားပြည်သူများ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာ သုံးစွဲနိုင်ရေးအတွက် ရေမီတာစနစ်ဖြင့် ကျေးလက်ရေပေးဝေရေးလုပ်ငန်းနှင့် ကျောင်းချယ်ကျေးရွာ ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးမှုကို ရှမ်းပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ဝင်း၊ ခရိုင်ဦးစီးမှူး ဦးရန်မျိုးနိုင်နှင့် မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းတို့က ယမန်နေ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဦးစီးမှူးနှင့်အဖွဲ့သည် နမ့်ယပ်ကျေးရွာရှိ ပြည်နယ်ရန်ပုံငွေကျပ် ၂၂ ဒသမ ၁၁၆ သန်းဖြင့် အောင်သရဖီကုမ္ပဏီမှ အကောင်အထည်ဖော်ဆောင်ရွက်သည့် ရေထွက်ပင်ရင်းမှ အရှည်နှစ်မိုင်ရှိ အမြင့်တင်စိမ့်စမ်းရေသွယ်ယူပြီး ရေမီတာစနစ်ဖြင့် ကျေးလက်ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ကျေးလက်နေပြည်သူများ ရေရရှိသုံးစွဲနေသည့်အခြေအနေများ၊ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၄ ဒသမ ၅၇ သန်းဖြင့် အရှည် ၁ မိုင် ၅ ဖာလုံရှိပြီး တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ယူအကောင်အထည် ဖော်ဆောင်ရွက်သည့် လယ်ယာမြေဧက ၁၄၀၀ အကျိုးပြုမည့် ဘန့်ဗွီးကျေးရွာအုပ်စု၊ ကျောင်းချယ်ကျေးရွာ ကုန်ထုတ်လမ်းဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ခြင်း ဖြစ်သည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

## မင်းဘူးမြို့နယ် လေးပင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်

**မင်းဘူး မေ ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် မင်းလှကျင်းကျေးရွာအုပ်စု လေးပင်ကျေးရွာတွင် ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစွာ အသုံးပြုနိုင်စေရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စက်ရေတွင်းတူးခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

လေးပင်ကျေးရွာ သောက်သုံးရေရရှိရေးအတွက် အနက်ပေ ၈၀၀ ရှိ လေးလက်မစက်ရေတွင်း၊ အလျား ၁၀ ပေ၊ အနံ ၈ ပေ၊ အမြင့် ၈ ပေရှိ ရေစက်ရုံနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်း လုပ်ငန်းတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ယခုဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၄ ဒသမ ၈ သန်းဖြင့် ဌာနမှအင်ဂျင်နီယာများစုဖွဲ့ကာ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် အလျား ၁၀ ပေ၊ အနံ ၈ ပေ၊ အမြင့် ၈ ပေရှိ ရေစက်ရုံနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သော ကုမ္ပဏီက ဧပြီ ၂၅ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သူရိန်(မင်းဘူး)**

မေ ၅ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သန္ဓေအရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀၀ တို့ မေ ၁ ရက်နှင့် ၂ ရက်တို့တွင် အမျိုးသားသွေးလှူဌာန (ရန်ကုန်) တွင် သွေးများလှူဒါန်းကြစဉ်။

(မေ ၁ ရက်တွင် ရန်ကုန်တောင်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်တို့မှ မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ နှင့် မေ ၂ ရက်တွင် ရန်ကုန်အရှေ့ပိုင်းနှင့် အနောက်ပိုင်းခရိုင်တို့မှ မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ တို့က အချိန်ပိုင်းခြား၍ တစ်ကြိမ်လျှင် ၂၅ ဦးစီဖြင့် ရှစ်ကြိမ်ခွဲ၍ လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။ )

**ကိုကြီးတင်**



# မြန်မာ-ကိုရီးယားချစ်ကြည်ရေး ဒလမြစ်ကူးတံတားတည်ဆောက်မှု တံတားတစ်စင်းလုံး၏ ၁၀ ရာခိုင်နှုန်းကျော်ပြီးစီး

ရန်ကုန် မေ ၂

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းနှင့် ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းမကြီးတို့သို့ ဆက်သွယ်တည်ဆောက်လျက်ရှိသော မြန်မာ–ကိုရီးယားချစ်ကြည်ရေး ဒလမြစ်ကူးတံတားတည်ဆောက်မှု စီမံကိန်းတွင် တံတားတစ်စင်းလုံး၏ ၁၀ ရာခိုင်နှုန်းကျော်၊ ရန်ကုန်ဘက်ခြမ်းနှင့် ဒလဘက်ခြမ်းတို့ရှိ ချဉ်းကပ်တံတားများ ဘိုးပိုင်တူးဖော်ခြင်း လုပ်ငန်းများအနေဖြင့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ပင်မတံတားရေလယ်တိုင် PY1၊ PY2 တို့၏ ဘိုးပိုင်တူးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ လတ်တလော ကိုဗစ်– ၁၉ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း၌ တံတားတည်ဆောက်ရေးလုပ်ငန်းများကို ရပ်နားထားခြင်းမရှိဘဲ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ သိရသည်။



ရန်ကုန်မြစ်အတွင်း ရေလယ်ပင်မတံတား ဘိုးပိုင်လုပ်ငန်းခွင်ကို မြင်တွေ့ရစဉ်။

ဒလဘက်ခြမ်းရှိ ချဉ်းကပ်တံတားတည်ဆောက်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိသော မြတ်နိုးသူကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်ချိုက "ဒလဘက်ခြမ်းအနေနဲ့ ဘိုးပိုင် ၁၄၁ လုံး တည်ဆောက်မှုမှာ ၁၂၅ လုံး ပြီးစီးသွားပါပြီ။ ဘိုးပိုင်လုပ်ငန်း ပြီးစီးသလောက် ဖြစ်နေပါပြီ။ ပိုင်ထိပ်အုပ် P1၊ P2၊ P4 ကွန်ကရစ်လုပ်ငန်းတွေဆောင်ရွက်ပြီးပါပြီ။ P3 က ပိုင်ထိပ်အုပ်လောင်းဖို့အတွက် သံချည်သံကွေးလုပ်ငန်းနဲ့ P5 အတွက် Sheet Pile ရိုက်ခြင်း လုပ်ငန်းကို မေလဆန်းမှာ တစ်ဆက်တည်း ဆောင်ရွက်သွားမှာပါ၊ ကမ်းစပ်မှာရှိတဲ့ P14 တိုင်တူးဖို့ ယာယီကျွန်းတည်ဆောက်ပြီး လုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြောကြားသည်။

ရန်ကုန်မြစ်အတွင်း ရေလယ်ပင်မတံတား ဘိုးပိုင်တူးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တံတားစီမံကိန်းဧရိယာမြစ်အတွင်း ရေလမ်းကြောင်း အတိုင်း ဖြတ်သန်းသွားလာကြမည့် နိုင်ငံခြားသင်္ဘောများနှင့် ပြည်တွင်းသွားရေယာဉ်များအနေဖြင့် သတ်မှတ်ထားသည့် ရေလမ်းကြောင်းအတိုင်း ဖြတ်သန်းမောင်းနှင်ရမည်ဖြစ်ပြီး အချက်ပြဖော်ယာများကို ဒလဘက်ခြမ်းနှင့် ရန်ကုန်ဘက်ခြမ်းတို့တွင် စနစ်တကျအမှတ်အသားများဖြင့် မြင်သာထင်သာမှုရှိစေရန်သတ်မှတ်ထားရှိကာ တံတားတည်ဆောက်ရေးစီမံကိန်းဧရိယာ၌ ရေလမ်းကြောင်း အန္တရာယ်ကင်းရှင်းရေးအတွက် ရေယာဉ်ငယ်များဖြင့် စောင့်ကြပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စီမံကိန်းမှာ စုစုပေါင်း တံတားအရှည် ၁၈၆၇ မီတာ၊ အကျယ် ၂၆ ဒသမ ၅ မီတာ၊ လေးလမ်းသွားတံတား၊ ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ် ကိုယ်ထည်အပေါ်တွင် သံမဏိကြိုးဆိုင်းတံတားဖြစ်ပြီး တံတား၏ ခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်ကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံမှ ချေးငွေ အမေရိကန်ဒေါ်လာ ၁၅၇ ဒသမ ၈၃ သန်း၊ မြန်မာအစိုးရမှ ထည့်ဝင်ငွေအမေရိကန်ဒေါ်လာ ၃၀ ဒသမ ၃၄ သန်း စုစုပေါင်း ၁၈၈ ဒသမ ၁၇ သန်းဖြင့် တည်ဆောက်ခြင်းဖြစ်ကာ ၂၀၁၉ ခုနှစ် မေလတွင် တည်ဆောက်ရေးလုပ်ငန်းများကို စတင်ခဲ့ပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ဆောင်ရွက်ပြီးစီးမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနတံတားဦးစီးဌာနမှ သိရသည်။

နိုင်လင်းကျော်(ပြန်/ဆက်)

# မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်နေသော လင်းတငှက်မျိုးစိတ်များကို ထိန်းသိမ်းရန်ဆောင်ရွက်နေ

မိုးညှင်း မေ ၂

အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့(IUCN)၏ သတ်မှတ်ချက်အရ မျိုးသုဉ်းလုနီးပါး အန္တရာယ်နှင့် ရင်ဆိုင်နေရသော မျိုးစိတ်ဖြစ်သည့် လင်းတမျိုးစိတ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအဖွဲ့–မြန်မာ(FFI)မှ သိရသည်။

မြန်မာနိုင်ငံတွင် လင်းတများကိုယခင်က နေရာအနှံ့အပြားတွင် တွေ့ရှိရသော်လည်း ယခုအခါနေရာဒေသအချို့နှင့် ကချင်ပြည်နယ်မိုးညှင်းမြို့နယ်ရှိ အင်းတော်ကြီးဇီဝအဝန်းနယ်မြေ၌သာ တွေ့ရှိနိုင်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအဖွဲ့–မြန်မာ(FFI)မှ ကချင်ပြည်နယ်စီမံကိန်းမန်နေဂျာဦးငွေလွင်က "လင်းတငှက်တွေက အသေကောင်တွေသာ စားသုံးတဲ့ သတ္တဝါတွေဖြစ်ပါတယ်။ အသေကောင်တွေကို စားသုံးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို သန့်ရှင်းစေပြီး လူသားတွေကို အကျိုးပြုနေကြတာ ဖြစ်ပါတယ်။ လင်းတတွေဟာ အသေကောင်တွေကို စားပေမယ့် သူတို့ကတစ်ဆင့် ရောဂါပိုးဆက်လက်ကူးစက်မှု မရှိပါဘူး။ အခုလက်ရှိကာလ မြန်မာနိုင်ငံမှာ လင်းတတွေကို အင်းတော်ကြီး ဇီဝအဝန်းနယ်မြေအတွင်းမှာ မျိုးစိတ်လေးမျိုး တွေ့ရှိရပြီး အဲဒီထဲက မျိုးစိတ်နှစ်မျိုးကို တစ်နှစ်ပတ်လုံး တွေ့ရှိနိုင်ပါတယ်။ ကျန်နှစ်မျိုးကိုတော့ ဆောင်းတွင်းကာလမှာသာ တွေ့ရှိရပါတယ်" ဟု ပြောသည်။



အင်းတော်ကြီးဇီဝအဝန်းနယ်မြေမြောက်ပိုင်း မြက်ခင်းပြင်ဒေသအတွင်း ကျက်စားနေသည့် လင်းတငှက်များအား တွေ့ရစဉ်။

ကမ္ဘာပေါ်တွင် လင်းတမျိုးစိတ် ၁၅ မျိုးအား အပူပိုင်းနိုင်ငံများဖြစ်သည့် အာဖရိကတိုက်၊ တောင်အာရှနှင့် အရှေ့တောင်အာရှ နိုင်ငံများတွင် တွေ့ရှိရပြီး အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံ၌သာ တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံတွင် လင်းတမျိုးစိတ် ငါးမျိုးတွေ့ရှိရပြီး အင်းတော်ကြီးဒေသ၌ လေးမျိုးတွေ့ရှိရကြောင်း၊ အင်းတော်ကြီး ဒေသတွင် လင်းတကျောဖြူ၊ လင်းတနှုတ်သီးရှည်၊ ဟိမဝန္တာလင်းတ၊ ဆဲနယ်ရပ်လင်းတမျိုးစိတ်တို့ကို တွေ့ရှိရပြီး လင်းတကျောဖြူနှင့် လင်းတနှုတ်သီးရှည်မျိုးစိတ်များမှာ အင်းတော်ကြီးဒေသ၌ အမြဲနေထိုင်ကျက်စားသော မျိုးစိတ်များဖြစ်ကြောင်း၊ ယင်းအမြဲနေထိုင်ကျက်စားသော မျိုးစိတ်များမှာလည်းအပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့၏ သတ်မှတ်ချက်အရ မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိသော မျိုးစိတ်များဖြစ်ကြောင်း၊ အိန္ဒိယ၊ နီပေါ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နှင့် ကမ္ဘောဒီးယားနိုင်ငံများတွင် လင်းတမျိုးစိတ်များ ထိန်းသိမ်းရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံရှိ လင်းတမျိုးစိတ်များ ထိန်းသိမ်းရေးအတွက် နိုင်ငံတကာမှအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း FFI မှ သိရသည်။

ကိုရွှေသိန်း

ဓာတ်ပုံ–FFI

# မန္တလေးစက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံ ၇၄ ရုံ ပြန်လည်လည်ပတ်ရန် ခွင့်ပြု

မန္တလေး မေ ၂

မန္တလေးစက်မှုဇုန်တွင် ဧပြီ ၃၀ ရက်အထိ စက်ရုံ၊အလုပ်ရုံပေါင်း ၁၂၀ ကျော် စစ်ဆေးထားပြီး ဦးစားပေး လုပ်ငန်းများတွင် ပါဝင်သော စက်ရုံ၊ အလုပ်ရုံ ၇၄ ရုံအား ပြန်လည် လည်ပတ်ရန် ခွင့်ပြုထားပြီးဖြစ်ကြောင်း မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီမှ သိရသည်။

" ဆေးဝါးထုတ်လုပ်တဲ့လုပ်ငန်း၊ စားသောက်ကုန်ထုတ်လုပ်တဲ့ လုပ်ငန်း၊ ဓာတ်မြေ ဩဇာလုပ်ငန်းနဲ့ ပါကင်ထုပ်ပိုးမှုလုပ်ငန်းတွေ ဦးစားပေးစစ်ထားပါတယ်။ ဒီဦးစား ပေးလုပ်ငန်းတွေဖြစ်တဲ့ စက်ရုံအလုပ်ရုံတွေကို စစ်ဆေးပြီး ကနဦးအနေနဲ့ ဖွင့်ခွင့်ပေးထားပါတယ်။ ဦးစားပေးမှာမပါပေမယ့် သတ်မှတ်ချက်နဲ့ ကိုက်ညီတဲ့ စက်ရုံအလုပ်ရုံတွေလည်း ရှိပါတယ်။ သတ်မှတ်ချက်နဲ့ ကိုက်ညီပေမယ့် တချို့ကဖွင့်ခွင့်ရတယ်။ တချို့ကဖွင့်ခွင့်မရဘူး ဖြစ်မှာစိုးတဲ့အတွက် နိုင်ငံတော် ညွှန်ကြားချက်အတိုင်း ဦးစားပေးမှာပါတဲ့လုပ်ငန်းတွေကို ကနဦးဖွင့်ခွင့်ပေးတာပါ'' ဟု မန္တလေးစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ ဗဟိုအလုပ်အမှုဆောင်၊ စက်ရုံ အလုပ်ရုံများစစ်ဆေး ကြီးကြပ်ရေးအဖွဲ့ဝင် ဦးလှိုင်မင်းချိုက ပြောသည်။

''စစ်ဆေးခံရန် လာရောက်တင်ပြတဲ့ စက်ရုံအလုပ်ရုံအားလုံးစစ်ဆေးသွားမှာပါ။ ဧပြီ ၃၀ ရက်အထိ ကျွန်တော်တို့ဆီမှာ စစ်ဆေးခံရန် တင်ပြထားတဲ့ စက်ရုံ အလုပ်ရုံပေါင်း ၁၅၀ ရှိပြီး ၁၂၃ ရုံ စစ်ဆေးပြီးပါပြီ။ စစ်ဆေးခံရန် လာရောက်တင်ပြဖို့ကိုလည်း လုပ်ငန်းရှင်တွေကို နှိုးဆော်ထားပါတယ်။ လာရောက်စစ်ဆေးခံနိုင်ရန် ပြင်ဆင်နေတဲ့ စက်ရုံအလုပ်ရုံတွေလည်း ရှိပါတယ်''ဟု ၎င်းက ဆက်လက်ပြောသည်။

မန္တလေးစက်မှုဇုန်အတွင်းရှိ အသေးစား၊ အလတ်စား၊ အကြီးစားလုပ်ငန်းများတွင် စက်ရုံအလုပ်ရုံပေါင်း ၁၁၈၀ ရှိပြီး အလုပ်သမားဦးရေ ၁၇၀၇၃ ဦး ရှိကြောင်း မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ၏ မှတ်ပုံတင်စက်မှုလုပ်ငန်းစာရင်းအရ သိရသည်။

သန်းဇော်မင်း(ပြန်/ဆက်)

# ကိုဗစ်-၁၉ ကာလအတွင်း မြစိမ်းရောင်စီမံကိန်း ကျေးရွာများတွင် အတိုးနှုန်းလျှော့ကောက်မည်

မင်းဘူး မေ ၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်စီမံကိန်းချေးငွေဖြင့် ဆောင်ရွက်နေသည့် ကျေးရွာစီမံကိန်းများအားကိုဗစ်–၁၉ ကာလအတွင်း အတိုးနှုန်းကို ပြားငါးဆယ်သာ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

မြစိမ်းရောင်စီမံကိန်းအား တစ်ယူနစ်လျှင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သန်း ၃၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မတည်ပေးပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ကုန်သွယ်ရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ချေးငွေရယူဆောင်ရွက်နိုင်ကာ အတိုးနှုန်း ပြားငါးဆယ်မှ တစ်ကျပ်ခွဲအထိ သတ်မှတ်ထားကြောင်း၊ ကိုဗစ်–၁၉ ကာလအတွင်း ဧပြီလမှ စတင်၍ ချေးငွေအတိုးနှုန်းများကို ပြားငါးဆယ်သာ ကောက်ခံပြီး စီမံကိန်းအား တစ်ပြေးညီဆက်လက်လည်ပတ်နိုင်ရန် ညွှန်ကြားချက်ထုတ်ပြန်ထားသည့်အတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သူရိန်(မင်းဘူး)

# ရန်ကုန်တောင်ပိုင်းခရိုင် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ အသင့်စုဖွဲ့ထားရှိ

ရန်ကုန် မေ ၂

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း သဘာဝဘေးအန္တရာယ်နှင့် အခြားသောဘေးအန္တရာယ်များ ကျရောက်လာပါက အရေးပေါ် ကယ်ဆယ်ခြင်းနှင့် ပြုစုစောင့်ရှောက်နိုင်ရေးအတွက် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် တပ်စုတစ်စုစာကို ရန်ကုန်တောင်ပိုင်းခရိုင် မီးသတ်ဦးစီးဌာနတွင် အသင့်စုဖွဲ့စည်းထားရှိပြီး အချိန်နှင့်တစ်ပြေးညီ ချက်ချင်းထွက်ခွာနိုင်အောင်လည်း ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်း မေ ၁ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးကျော်လွင်ဦးက ပြောသည်။ (ယာပုံ)




ခရိုင်မီးသတ်ဦးစီးဌာနအနေဖြင့် ခရိုင်အတွင်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ရှာဖွေကူညီကယ်ဆယ်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် အတွက်လည်း ရှာဖွေကူညီကယ်ဆယ်ရေးဆောင်ရွက်ပုံနည်းလမ်းများကို ခရိုင်မီးသတ်တပ်ဖွဲ့ဝင်များအား အပတ်စဉ်ခေတ်မီစက်ကိရိယာများဖြင့် လေ့ကျင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း မီးလောင်မှုများနှင့် အခြားသော သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာပါက အရေးပေါ်ဖုန်းနံပါတ် ၁၉၁၊ ၀၅၆ ၂၁၅၀၂၊ ၀၅၆ ၂၁၀၅၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သက်ခိုင် (သန်လျင်)

# ဟားခါးမြို့ အထက (၂) ၌ သုံးထပ်စာသင်ကျောင်းဆောင်သစ် တည်ဆောက်နေ

**ဟားခါး မေ ၂**

ချင်းပြည်နယ် ဟားခါးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၅၈၈ ဒသမ ၄၂၀ မှ တင်ဒါအောင်မြင်ခဲ့သည့် ငွေကျပ် ၅၇၆ ဒသမ ၆၅၂ သန်းဖြင့် သုံးထပ်စာသင်ကျောင်းဆောင်သစ် တစ်ခုကို ဆောက်လုပ်ခွင့်ရရှိခဲ့ရာ မာစီပါရ် ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း သိရသည်။



ဟားခါးမြို့ သုံးထပ်စာသင်ကျောင်းဆောင်သစ် တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

အဆိုပါကျောင်းဆောင်သစ်ကို အလျားပေ ၁၃၀၊ အနံပေ ၃၀ သွပ်မိုးဖြင့် သုံးထပ်ဆောက်လုပ်ခြင်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁ ရက်က စတင်ဆောက်လုပ်ခဲ့ရာ ယနေ့အထိ လုပ်ငန်း ၄၀ ရာခိုင်နှုန်းပြီးစီးပြီး ဩဂုတ်လအကုန်တွင် အပြီးတည်ဆောက်မည်ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်သားများကို ကျောင်းအတွင်းရှိ အဆောင်များတွင် သီးသန့်ထားရှိပေးထားပြီး လုပ်ငန်းသုံးပစ္စည်းများအချိန်မီရောက်ရှိရေး သယ်ယူပို့ဆောင်နိုင်ရေး တို့အတွက်လည်း သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းအောင်က ပြောသည်။

၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ချင်းပြည်နယ် ပညာရေးကဏ္ဍ တည်ဆောက်ရေး လုပ်ငန်းပေါင်း ၁၁၉ ခု အတွက် ပြည်ထောင်စုခွင့်ပြု ဘဏ္ဍာရန်ပုံငွေ ကျပ်သန်းပေါင်း ၁၇၈၆၈ ဒသမ ၄၀၀ ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဟားခါးမြို့နယ်၌ လုပ်ငန်းပေါင်း ၁၃ မျိုးအတွက် ခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း ၂၅၉၅ ဒသမ ၂၅၀ ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖလမ်းမြို့နယ်တွင် လုပ်ငန်းပေါင်း ၁၆ မျိုး၊ မင်းတပ်မြို့နယ်တွင် လုပ်ငန်းပေါင်းကိုးမျိုး၊ ထန်တလန်မြို့နယ်တွင် လုပ်ငန်းပေါင်း ၁၀ မျိုး၊ တီးတိန်မြို့နယ်တွင် ၁၁ မျိုး၊ တွန်းဇံမြို့နယ်တွင် ၁၁ မျိုး၊ မတူပီမြို့နယ်တွင် ၁၂ မျိုး၊ ကန်ပက်လက်မြို့နယ်တွင် ၂၆ မျိုးနှင့် ပလက်ဝ မြို့နယ်တွင် လုပ်ငန်းပေါင်း ၁၁ မျိုး အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်စိုး ( ပြန် ဆက်)**

# ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၌ လေဘေးသင့် ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ရန်ကုန် မေ ၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် ဧပြီ ၂၇ ရက်ညက မိုးသက်လေပြင်းတိုက်မှုကြောင့် အမှတ် (၁၃၃/၁၅၅/စစ်ပင်တောင်)ရပ်ကွက်များအတွင်းရှိ နေအိမ် ၇၆ လုံးတွင် အမိုးလန်ပျက်စီးခြင်းနှင့် နေအိမ်ပြိုလဲပျက်စီးခြင်းများဖြစ်ပေါ်ခဲ့သဖြင့် ပြန်လည်ထူထောင်နိုင်ရေးအတွက် အိမ်ခြေ ၇၆ လုံး၊ အိမ်ထောင်စု ၇၆ စုအတွက် အိမ်ဆောက်ပစ္စည်းထောက်ပံ့ငွေကျပ် ၃၁ သိန်းနှင့် လူဦးရေ ၃၆၂ ဦးအတွက် ဆန်ရိက္ခာခုနစ်ရက်စာ ထောက်ပံ့ငွေကျပ် ၇၆၀,၂၀၀ ပေးအပ်ခြင်းနှင့် ပြိုကျနေအိမ်များအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၁ မျိုးကို မတ်လနောက်ဆုံးပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပေးအပ်ခဲ့သည်။

ထိုသို့ ပေးအပ်ခြင်းကိုအမှတ် (၂) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော်မောင်၊ မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းရွှေ၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ကျင်ဆန်းတို့က လေဘေးသင့် အိမ်ထောင်စုများ အမြန်ပြန်လည်ထူထောင်နိုင်ရေးအတွက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**လှလှထွေး(ပြန်/ဆက်)**



# ကိုဗစ် - ၁၉ ရောဂါ ဂယက်ကြောင့် ပွင့်ဖြူမြို့နယ်၌ ငှက်ပျောစိုက်တောင်သူများ အရောင်းအဝယ်ကျဆင်းနေ

**ပွင့်ဖြူ မေ ၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ကျဆင်းလာသည့်အတွက် ငှက်ပျောစိုက်ပျိုးတောင်သူများ အရောင်းအဝယ်ကျဆင်းကာ လုပ်ငန်းအခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း ရွာသစ်ကျေးရွာ ငှက်ပျောစိုက်တောင်သူများထံမှ သိရသည်။



“စည်ပင်သာယာဈေးတွေ ယာယီပိတ်ထားတာကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းတွေ ကျဆင်းသွားပါတယ်။ အဲဒီလို ကုန်စည်စီးဆင်းမှု လျော့နည်းသွားတဲ့အတွက် ကျွန်တော်တို့ ဒေသမှာရှိတဲ့ ငှက်ပျောစိုက် တောင်သူတွေ ရောင်းအား ကျဆင်းသွားခဲ့ပါတယ်။ အရင်က ဒီလိုရာသီချိန်မှာ ငှက်ပျောစိုက်တောင်သူတွေ အရောင်းအဝယ်ကောင်းပြီး ဖီးကြမ်းငှက်ပျောတစ်ဖီးကို ငွေကျပ်အနည်းဆုံး ၉၀၀ မှ ၁၂၀၀ အထိ ရောင်းချရပါတယ်။ အခုလက်ရှိမှာတော့ ကိုဗစ်-၁၉ ရောဂါဂယက်ကြောင့် ဖီးကြမ်းငှက်ပျောတစ်ဖီး ကို ငွေကျပ် ၅၀၀၊ ၆၀၀ ခန့်သာ ရောင်းချနေရပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်လွှားမှာဖြစ်ပွားနေတဲ့ ကိုဗစ် - ၁၉ ရောဂါကို အမြန်ဆုံးပျောက်ကင်းစေချင်ပြီး ပြည်သူတွေလည်း လွတ်လွတ်လပ်လပ်နဲ့ စီးပွားရေးလုပ်ငန်းတွေကို ပြန်လည် လုပ်ကိုင်ခွင့်ရရှိစေချင်ပါပြီ” ဟု ရွာသစ်ကျေးရွာမှ ဖီးကြမ်းငှက်ပျောစိုက်ပျိုးတောင်သူ ဦးသန်းထွန်းဦးက ပြောသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

# မိုးကောင်းမြို့နယ်သို့ အခြားဒေသမှ လာရောက်သူများ စောင့်ကြည့်ခံ ၂၁ ရက် ဝင်ရောက်ရမည်

**မိုးကောင်း မေ ၂**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရန်အတွက် ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်းရှိ မီးရထားဘူတာရုံများသို့ ဆင်းသက်သည့်ခရီးသည်များအား မေ ၁ ရက်မှစတင်ကာ ကြပ်မတ်စစ်ဆေးလျက်ရှိပြီး မိုးကောင်းမြို့နယ်ပြင်ပမှ လာရောက်သူများမှာ သတ်မှတ်ထားသည့်နေရာများ၌ စောင့်ကြည့်ခံ ၂၁ ရက် ဝင်ရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု ခံယူရမည်ဖြစ်ကြောင်း သိရသည်။

မိုးကောင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရန်အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ မြစ်ကြီးနား-မန္တလေး မီးရထားလမ်းပိုင်းရှိ မိုးကောင်းမြို့နယ်နိမိတ်အတွင်း ဘူတာစဉ်တစ်လျှောက် ဆင်းသက်သည့်ခရီးသည်များမှာ ဒေသခံများဖြစ်ပါက မိမိနေအိမ်တွင် အသွားအလာကန့်သတ်ခြင်း ၂၁ ရက် စောင့်ကြည့်နေထိုင်၍ မိုးကောင်းမြို့နယ်၏ ပြင်ပမှ လာရောက်သူများမှာ သတ်မှတ်ထားသည့်နေရာများတွင် စောင့်ကြည့်ခံ ၂၁ ရက် ဝင်ရောက်ရမည် ဖြစ်သည်။

မြစ်ကြီးနား - မန္တလေး မီးရထားလမ်းပိုင်းရှိ အမှတ် (၄၂/၄၁) အစုန်/အဆန်ရထားမှာ နေ့စဉ်ပြေးဆွဲပေးလျက်ရှိပြီး မီးရထားဖြင့်လိုက်ပါစီးနင်းသည့် ခရီးသည်များအနေဖြင့် နေရပ်လိပ်စာလိမ်လည်ဖော်ပြခြင်း၊ သွားရောက်ခဲ့သည့်နေရာအား မမှန်မကန်ဖော်ပြခြင်း၊ တာဝန်ရှိသူများမှ စစ်ဆေးမေးမြန်းစဉ် ကြည်ဖြူစွာပူးပေါင်းပါဝင်ခြင်းမရှိသူများကို ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ အမိန့်ထုတ်ပြန်ထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ရန်ကုန်မြို့၌ လူမှုကွန်ရက်စာမျက်နှာ အသုံးပြု၍ ဝယ်ယူစားသောက်သူများ ပိုမိုများပြား

**ရန်ကုန် မေ ၂**

ရန်ကုန်မြို့၌ ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားနေစဉ်အတွင်း အစားအသောက် ရောင်းဝယ်မှုအပိုင်းတွင် လူမှုကွန်ရက်စာမျက်နှာအသုံးပြု၍ ဝယ်ယူစားသောက်သူများ ပိုမိုများပြားလာလျက်ရှိကြောင်း သိရသည်။

ကိုဗစ် - ၁၉ ကူးစက်ရောဂါ ဖြစ်ပွားနေစဉ် ရန်ကုန်မြို့ မြို့နယ်အသီးသီးရှိ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ ထမင်းဟင်းရောင်းချသော ဆိုင်များတွင် ဆိုင်ထိုင်စားသောက်ခွင့်မပြုတော့ဘဲ ထုပ်ပိုး၍သာ ဝယ်ယူခွင့်ပြုခဲ့သည်။ ထိုသို့ ဝယ်ယူရာတွင် မြို့နယ်များရှိ စားသောက်ဆိုင်များမှ အစား အသောက်များကို ကုန်စည်ပို့ဆောင်သူများအား ဝန်ဆောင်ခပေး၍ မှာယူ စားသောက်လျက်ရှိသည်။ အစားအသောက်ရောင်းချသော ဆိုင်များမှလည်း မိမိဆိုင်မှရနိုင်သော အစားအသောက်များကို လူမှုကွန်ရက်စာမျက်နှာအသုံးပြု၍ ကြော်ငြာမှုပြုလာကြသည်။




လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် အမှာများအတွက် ဝန်ဆောင်မှုပေးနေသူများကို တွေ့ရစဉ်။

ယခင်က လူသုံးကုန်ပစ္စည်းအမျိုးမျိုးနှင့် စားသောက်ကုန်အချို့ကို အွန်လိုင်း အသုံးပြုကာ ဝယ်ယူရောင်းချမှုများရှိခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့နေချိန်တွင် အစားအသောက်ရောင်းချမှုများမှာ ပိုမိုတွင်ကျယ်လာခဲ့သည်။ ယခုနောက်ပိုင်းတွင် အသင့်စားအစားအသောက်များသာမက ချက်ပြုတ်စားသောက် ရန် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်များကိုပင် လူမှုကွန်ရက်စာမျက်နှာ အသုံးပြု၍ အရောင်းအဝယ်ပြုလုပ်လာကြသည်။

ထိုသို့ မှာယူစားသောက်ကြရာတွင် အချို့မှာ တစ်ရက်ကြိုတင်၍ အမှာစာ လက်ခံမှုများရှိသလို ချက်ချင်းမှာ၊ ချက်ချင်းပို့စနစ်ကို ကျင့်သုံး ရောင်းချသော ဆိုင်များကိုလည်း တွေ့ရသည်။ ယခင်က စီးတီးမတ်နှင့် ဈေးဝယ်စင်တာကြီးများတွင်သာ ရောင်းချသော အသား၊ ငါး၊ ဟင်းသီးဟင်းရွက် ကုန်စိမ်းများကို ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့နေစဉ် လူမှုကွန်ရက်စာမျက်နှာနှင့် မိုဘိုင်းဖုန်းအသုံးပြု၍ ဈေးသည်များကိုယ်တိုင်ဝန်ဆောင်မှုပေးသော စနစ်ကို ကျင့်သုံးလျက်ရှိသည်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ချောင်းဦးမြို့နယ် တလိုင်းကျကျေးရွာတွင် မြေသားကန် ပြန်လည်တူးဖော်

**ချောင်းဦး မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် တလိုင်းကျကျေးရွာတွင် ရေရှားပါးပြတ်လပ်မှုမရှိစေရေးအတွက် ပြည်ထောင်စုမွမ်းမံရန်ပုံငွေဖြင့် မြေသားကန်ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စိုးဝင်းထံမှ သိရသည်။

တလိုင်းကျကျေးရွာတွင် ပြန်လည်တူးဖော်နေသည့် မြေသားကန်မှာ အလျားပေ ၃၃၀၊ အနံပေ ၉၀၊ အနက်ခုနစ်ပေဖြစ်ပြီး ပြည်ထောင်စုမွမ်းမံရန်ပုံငွေကျပ် ၇ ဒသမ ၃၈ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာပြီးစီးရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အရည်အသွေးစစ်ဆေးရေးအဖွဲ့တို့က ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါကျေးရွာသည် ရေရှားပါးသည့်အတွက် မိုးရေကို မြေသားကန်တွင် စုဆောင်းပြီး သောက်သုံးရေအဖြစ် အသုံးပြုကြရသည့်အတွက် မိုးနည်းသည့်နှစ်များတွင် ရေရှားပါးပြတ်လပ်မှုမဖြစ်စေရန် မြေသားကန်ကို ပြန်လည်တူးဖော်ခြင်းဖြစ်ကြောင်း သိရသည်။ **ယမင်း (ရွှေဦးမြေ)**

# ပြဟ္မစိုရ်လူမှုကူညီရေးအသင်း(မန္တလေး)က ပြန်လည်လျှော်ဖွပ်သုံးနိုင်သော နှာခေါင်းစည်း ၅၀၀၀ ကို မန္တလေးမြို့၌ အခမဲ့ ဖြန့်ဝေပေး

**မန္တလေး မေ ၂**

ပြဟ္မစိုရ် လူမှုကူညီရေးအသင်း(မန္တလေး)အနေဖြင့် ပြန်လည်လျှော်ဖွပ် အသုံးပြုနိုင်သော နှာခေါင်းစည်း အခုရေ ၅၀၀၀ ကို အခမဲ့ဖြန့်ဝေလျက်ရှိရာ မေ ၁ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ ပိုက်ကျိုးရပ် သင်္ဂဇာချောင်းဘေးရှိ ထန်းတောဈေးမှ ဈေးရောင်းနေသော ဈေးသူဈေးသားများနှင့် ဈေးဝယ်လာသူများထံသို့ အခုရေ ၅၀၀ ကို အခမဲ့ ဖြန့်ဝေပေးခဲ့သည်။

"ကျွန်တော်တို့အသင်းရဲ့အစီအစဉ်နဲ့ ပြန်လည်လျှော်ဖွပ် အသုံးပြုနိုင်တဲ့ နှာခေါင်းစည်း အခုရေ ၅၀၀၀ ကို အခမဲ့ ဖြန့်ဝေသွားမှာပါ။ ဒီထန်းတောဈေးမှာတော့ အခုရေ ၅၀၀ ဖြန့်ဝေခဲ့ပါတယ်၊ ပြီးခဲ့တဲ့ ဧပြီလအတွင်းက ချမ်းအေးသာစံမြို့နယ်မှာရှိတဲ့ ကန်ကောက်ဈေး၊ ချမ်းအေးစည်ပင်ဈေးနဲ့ အခြားနေရာတွေမှာလည်း ဖြန့်ဝေပေးခဲ့ပါတယ်၊ ခုချိန်ထိ အခမဲ့ ဖြန့်ဝေပြီးတာ စုစုပေါင်း အခုရေ ၃၀၀၀ ကျော်ရှိပါပြီ၊ ကျန်နေသေးတဲ့ အခုရေ ၂၀၀၀ နီးပါးကိုလည်း ချုပ်လုပ်ပြီးတာနဲ့ ဆက်လက်ဖြန့်ဝေပေးသွားမှာပါ" ဟု ပြဟ္မစိုရ်လူမှုကူညီရေးအသင်း(မန္တလေး)မှ အတွင်းရေးမှူး ဦးမောင်မောင်တာက ပြောကြားသည်။

ပြဟ္မစိုရ် လူမှုကူညီရေးအသင်း(မန္တလေး)သည် အဆိုပါ ပြန်လည်လျှော်ဖွပ်၍ အသုံးပြုနိုင်သော နှာခေါင်းစည်း ၅၀၀၀ ကို ပြည်သူများထံ ဖြန့်ဝေပေးနိုင်ရန်အတွက် ပြင်ပမှ စေတနာ့ဝန်ထမ်းများအား ဖိတ်ခေါ်၍ အသင်းရုံး၌ ချုပ်လုပ်ခဲ့ခြင်းဖြစ်သည်။ ချုပ်လုပ်ပြီးပါက မန္တလေးမြို့ပေါ်ရှိ လူစည်ကားရာနေရာများ၊ ဈေးများသို့သွားရောက်ပြီး ပြည်သူများထံ အရောက် အခမဲ့ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# တနိုင်းမြို့နယ်၌ PPE ဝတ်စုံ ဝတ်ဆင်နည်း လက်တွေ့သရုပ်ပြ သင်ကြားပေး

**တနိုင်း မေ ၂**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း ၇၃ ဦးအား တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံ(PPE) ဝတ်စုံပြည့် စနစ်တကျဝတ်ဆင်နည်းကို မေ ၁ ရက်က လက်တွေ့သရုပ်ပြ လေ့ကျင့်သင်ကြားပေးသည်။




တနိုင်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည့် အဆိုပါသင်တန်းတွင် မြို့နယ် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံ (PPE) ဝတ်ဆင်မှုကို လက်တွေသရုပ်ပြ သင်ကြားပေးခဲ့ကြပြီး စေတနာ့ဝန်ထမ်း သုံးဦးအား လက်တွေ့ ဝတ်ဆင်စေခဲ့ကာ ဝတ်ဆင်ရာတွင် သတိထားလိုက်နာရမည့် အချက်များကို မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးမှူးက ရှင်းလင်းပြောကြားခဲ့သည်။ စေတနာ့ဝန်ထမ်းများ၊ ကြက်ခြေနီနှင့် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများနှင့် ထိတွေ့ရန် အကြောင်းပေါ်ပေါက်ပါက PPE ဝတ်စုံများကို စနစ်တကျ ဝတ်ဆင်ခြင်းဖြင့် ရောဂါကူးစက်မှုများ မရှိစေရန်အတွက် ယခုလို သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း သိရသည်။

**စိုင်းထင်ကျော်(ပြန်/ဆက်)**

# တရုတ်နိုင်ငံမှပြန်လာသည့် မြန်မာအလုပ်သမား ၅၆၆ ဦးအား နေရပ်ဒေသအသီးသီးသို့ ပို့ဆောင်

**ကျိုင်းတုံ မေ ၂**

တရုတ်နိုင်ငံမှ ငှက်ပျောခြံလုပ်ငန်း၊ ကြံလုပ်ငန်း၊ ပဲစိုက်ခင်းလုပ်ငန်းများတွင် လုပ်ကိုင်ပြီး မြန်မာနိုင်ငံဘက်သို့ ပြန်လည်ဝင်ရောက်လာသည့် မြန်မာအလုပ်သမား ၅၆၆ ဦးသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ လေ့ကျင့်ရေး အားကစားရုံသို့ မေ ၁ ရက် ညနေ ၃ နာရီခွဲက ရောက်ရှိလာခဲ့ရာ ၎င်းတို့အား မူလနေရပ် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ပို့ဆောင်ပေးနိုင်ရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးပြီးနောက် တောင်ကြီးမြို့သို့ ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။



အလုပ်သမားများအား ကျိုင်းတုံမြို့ အားကစားရုံအတွင်း ထမင်းထုပ်နှင့် အသုံးအဆောင်များ ဝေငှပေးစဉ်။

အဆိုပါ နေရပ်ပြန် မြန်မာအလုပ်သမားများသည် မိုင်းလား(အထူးဒေသ-၄)တွင် အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုမှုကို ၂၁ ရက်ကြာ ခံယူခဲ့ပြီးနောက် ကျိုင်းတုံမြို့သို့ ပြန်လည်ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းတို့အား လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲနိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်းနှင့် တာဝန်ရှိသူများက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးကြပြီးနောက် လမ်းခရီးတွင် စားသောက်ရေး အဆင်ပြေစေရန်အတွက် ထမင်းထုပ်များ၊ မျက်နှာသုတ်ပဝါ၊ သွားတိုက်တံ၊ သွားတိုက်ဆေး၊ လက်အိတ်နှင့် ရေသန့်ဘူးများ ဝေငှပေး၍ တောင်ကြီးမြို့သို့ ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# မိုင်းစံမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်

**မိုင်းစံ မေ ၂**

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းစံမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ကူးစက်မှုမရှိစေရေးအတွက် မြို့အဝင်/အထွက် သွားလာလျက်ရှိသော ပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို နေ့စဉ် အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

မိုင်းစံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ ပါဝင်သည့် ပူးပေါင်းအဖွဲ့က မြို့တွင်းသို့ဝင်ရောက်မည့် မော်တော်ယာဉ်များနှင့် ဆိုင်ကယ်များကို ရပ်တန့်စေပြီး မြို့အဝင်တွင် ကိုယ်အပူချိန်တိုင်းတာခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ကာ ရောဂါကူးစက်ပြန့်ပွားမှုမဖြစ်စေရေးအတွက် အရေးကြီးကိစ္စမှလွဲ၍ အိမ်ပြင်မထွက်ရန်နှင့် မဖြစ်မနေ ထွက်ရလျှင်လည်း နှာခေါင်းစည်းတပ်ရန်၊ အိမ်ပြန်ရောက်သည်နှင့် လက်ဆေးရန် စသည်တို့ကိုလည်း သတိပေးမှာကြားခဲ့ကြောင်း သိရသည်။

**ခင်ချို(ပြန်/ဆက်)**

# သုံးခွမြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ သောက်သုံးရေ ဂါလန် ၄၈၀၀ သွားရောက်လှူဒါန်း

**သုံးခွ မေ ၂**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်အတွင်းမှ သောက်သုံးရေအခက်အခဲဖြစ်နေသည့် မြို့ပေါ်ရပ်ကွက်များသို့ သောက်သုံးရေများကို ရန်ကုန်တောင်ပိုင်းခရိုင် မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ သုံးခွမြို့နယ် မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များ၊ သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝင်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ မေ ၁ ရက်က သွားရောက်ဖြန့်ဝေပေးသည်။

သောက်သုံးရေဖြန့်ဝေပေးရာတွင် သောက်ရေသန့် ဂါလန် ၄၈၀၀ ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ် နှစ်စီး၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေသယ်ယာဉ်တစ်စီးနှင့် မီးသတ်တပ်ဖွဲ့မှ ရေသယ်ယာဉ်သုံးစီးတို့ဖြင့် သုံးခွမြို့ အမှတ်(၉)ရပ်ကွက်၊ အောင်မင်္ဂလာပိုင်း၊ သီတာလမ်းနှင့် အခြားမြို့ပေါ်ရပ်ကွက်များသို့ ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

သုံးခွမြို့နယ်အတွင်း နွေရာသီ အပူရှိန်မြင့်တက်လာမှုနှင့်အတူ ရပ်ကွက်အချို့မှ ပြည်သူများအနေဖြင့် သောက်သုံးရေရှားပါးမှု အခက်အခဲများ ရင်ဆိုင်ကြုံတွေ့ရလျက်ရှိပြီး မြို့နယ်ဌာနဆိုင်ရာများအနေဖြင့် ပြည်သူများ သောက်သုံးရေ လုံလောက်စွာ ရရှိသုံးစွဲနိုင်ရေးအတွက် ဆက်လက်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**

# ဒလမြို့နယ်၌ အခြေခံလူတန်းစား အိမ်ထောင်စု ၇၀၀ အတွက် စားသောက်ကုန်များ လှူဒါန်း

**ရန်ကုန် မေ ၂**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်မှ အခြေခံလူတန်းစားများ၏ စားသောက်ရေး အခက်အခဲမရှိစေရေးအတွက် ဒလမြို့ ဆာပါချောင်ကျောင်းစုရပ်ကွက်အတွင်းရှိ အခြေခံလူတန်းစား အိမ်ထောင်စု ၇၀၀ ထံသို့ စားသောက်ကုန်များကို ရန်ကုန်မြို့ရှိ "ကောင်းသောသိုးထိန်း မြန်မာဖောင်ဒေးရှင်း"က မေ ၁ ရက်က လှူဒါန်းခဲ့သည်။

ဆာပါချောင်ကျောင်းစုရပ်ကွက် ဆာပါချောင်အုပ်စုအတွင်းရှိ အိမ်ထောင်စု ၇၀၀ အတွက် တစ်အိမ်ထောင်လျှင် ဆန် ၁၂ ပြည်၊ ပဲ တစ်ပိဿာ၊ ဆီ ၅၀ ကျပ်သား၊ ငရုတ်၊ အာလူး၊ မဆလာ စသည့် အခြေခံစားသောက်ကုန်များကို "ကောင်းသောသိုးထိန်း မြန်မာဖောင်ဒေးရှင်း"မှ တာဝန်ရှိသူများ၊ ဆာပါချောင်ကျောင်းစုရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမင်းမင်းလတ်နှင့် ရုံးအဖွဲ့ဝင်များ ပူးပေါင်း၍ ပြည်သူများထံ နေအိမ်ရှေ့အရောက် လိုက်လံ ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

**နိုင်လင်းကျော်(ဒလ)**

# ဗိုလ်တထောင်မြို့နယ်အတွင်း ပိုးသတ်ဆေးများဖျန်း

**ရန်ကုန် မေ ၂**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဆေးဖျန်းခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ အဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မီးသတ်စခန်းများမှ တာဝန်ရှိသူများပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ မေ ၁ ရက်က အဓိက လမ်းမကြီးများဖြစ်သော အနော်ရထာလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်ဈေးလမ်း၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းတို့တွင် ဆေးဖျန်းခဲ့ကြသည်။ ဆေးဖျန်းသည့်လုပ်ငန်းများကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ အဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မီးသတ်စခန်းများမှ ရေသယ်ယာဉ် ခြောက်စီး အပါအဝင် မီးသတ်ယာဉ်နှင့် ဆေးဖျန်းယာဉ်များ၊ လူနာတင်ယာဉ် နှစ်စီး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရှေ့ပြေးဆိုင်ကယ် နှစ်စီးနှင့်အတူ မိုးစေတနာပရဟိတအသင်း၊ နာရေးကူညီမှုအသင်း(ရန်ကုန်)နှင့် မေတ္တာညွှန့် ပရဟိတအသင်းတို့မှ ရေသယ်ယာဉ်တစ်စီးစီ ပါဝင်ပြီး သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုဘုန်း(ပြန်/ဆက်)**

# ပြည်ပမှ ပြန်လာမည့်သူများအား အသွားအလာကန့်သတ်ထားရှိနိုင်ရန် သရက်မြို့၌ ကြိုတင်ပြင်ဆင်

**သရက် မေ ၂**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ပြည်ပမှ ပြန်လည်ဝင်ရောက်လာမည့်သူများအား အသွားအလာကန့်သတ်ထားရှိနိုင်ရေးအတွက်ကြိုတင်ပြင်ဆင်မှုများကို မေ ၁ ရက်မှစ၍ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်လျက်ရှိသည်။

ထိုင်းနိုင်ငံသို့ သွားရောက် လုပ်ကိုင်နေသော မြန်မာနိုင်ငံသားများအနေဖြင့် မေလ ပထမပတ်မှစ၍ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာတော့မည်ဖြစ်ရာ သရက်မြို့နယ်အတွင်း ပြန်ဝင်လာမည့်သူများအား အထက(၁)ကျောင်း၌ ၂၁ ရက် ကန့်သတ် စောင့်ကြည့်နိုင်ရန်အတွက် ကျန်းမာရေး၊ စားသောက်ရေး၊ တည်းခိုနေထိုင်ရေး၊ အခန်းသန့်ရှင်းရေး စသည့် လိုအပ်ချက်များအတွက် ကြိုတင်ပြင်ဆင်နေခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် လူဦးရေ ၁၀၀ ခန့်အတွက် လိုအပ်သည်များကို ပြင်ဆင်ထားပြီးဖြစ်ကြောင်း သိရသည်။

ပြည်ပပြန်များ နေထိုင်ရေးအတွက် ပြင်ဆင်ထားရှိမှု အခြေအနေများကို ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ဆရာဝန်ကြီးတို့က လိုက်လံကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



ပြည်ပမှပြန်လာသူများအား ထားရှိမည့်နေရာ၌ ခုတင်များပြင်ဆင်နေစဉ်။

# မြန်မာအမျိုးသားလေကြောင်းလိုင်း၏ ယာယီရပ်နားထားသော ကော့သောင်းမြို့ခရီးစဉ်ကို ပြန်လည် ပျံသန်းပြေးဆွဲ

**ကော့သောင်း မေ ၂**

တနင်္သာရီတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မော်တော်ယာဉ်လိုင်းများနှင့် လေကြောင်းလိုင်းများ ပြေးဆွဲမှုကို ယာယီရပ်ဆိုင်းထားရာမှ ယခုအခါ ခရီးသွားပြည်သူများ သွားလာမှု အဆင်ပြေစေရန်အတွက် မြန်မာအမျိုးသားလေကြောင်းလိုင်း၏ ရန်ကုန်-ထားဝယ်-မြိတ်-ကော့သောင်း လေယာဉ်ခရီးစဉ်ကို မေ ၂ ရက်မှစ၍ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ် ပျံသန်းပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

ပထမဆုံး ပြန်လည်စတင် ပြေးဆွဲသည့် ခရီးစဉ်အတွက် လေယာဉ်သည် ကော့သောင်းမြို့သို့ မေ ၂ ရက် မွန်းလွဲပိုင်းတွင် ဆိုက်ရောက်လာခဲ့ပြီး အဆိုပါ လေကြောင်းလိုင်းဖြင့် ကော့သောင်းမြို့သို့ ရောက်ရှိလာသော ခရီးသည်များအနက် ရန်ကုန်မြို့မှ လိုက်ပါစီးနင်းလာသည့် ခရီးသွားပြည်သူများ အားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် သတ်မှတ်ထားသည့် သီးသန့်ထား စောင့်ကြည့်နေရာများ၌ ၂၁ ရက်ကြာ နေထိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် လေယာဉ်ပေါ်ပါ ခရီးသည်များအားလုံးကို ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ တာဝန်ရှိသူများက စနစ်တကျ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ခရီးသွားရာဇဝင် မေးမြန်း မှတ်တမ်းယူခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ကိုယ်အပူချိန်မြင့်မားနေသူများနှင့် ရောဂါသံသယဖြစ်ဖွယ် အခြေအနေများ စစ်ဆေးတွေ့ရှိရပါက ရန်ကုန်မှလာသူ မဟုတ်သော်လည်း ကျန်းမာရေးဌာန၏ ဆုံးဖြတ်ချက်အပေါ်မူတည်၍ သက်ဆိုင်ရာ သီးသန့်ထား စောင့်ကြည့်စခန်းများတွင် စောင့်ကြည့်မှုခံယူရမည်ဖြစ်ကြောင်း သိရသည်။



ယခင်က မြန်မာနိုင်ငံအရပ်ရပ်မှ ကော့သောင်းမြို့အထိ ပြည်ထောင်စုလမ်းမကြီးအတိုင်း ကားဖြင့် ချောမွေ့စွာ သွားလာနိုင်သော်လည်း စီးနင်းလာရောက်ရမည့်အချိန်ကြာမြင့်လွန်းသဖြင့် အချိန်တိုအတွင်း သွားရောက်လိုသည့် ပြည်သူအများစုအနေဖြင့် ကုန်ကျစရိတ် ကွာခြားမှု ရှိသော်လည်း လေကြောင်းလိုင်းကိုသာ အများဆုံး ရွေးချယ်အသုံးပြုကြကြောင်း၊ လက်ရှိအချိန်တွင်မူ တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ အခြား တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ခရီးသည်တင် မော်တော်ယာဉ်လိုင်းများအားလုံး ဖြတ်သန်းဝင်ရောက် ပြေးဆွဲခြင်းကို မေ ၁၅ ရက်အထိ တားမြစ်ထားကြောင်း သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်း၏ လေကြောင်းခရီးစဉ် ပျံသန်းပြေးဆွဲမှုများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ဧပြီ ၃၀ ရက်အထိ ယာယီ ရပ်ဆိုင်းထားခဲ့ရာမှ ယခုအခါ သတ်မှတ်ရက်ပြည့်သွားပြီဖြစ်သဖြင့် ရန်ကုန်-ထားဝယ်-မြိတ်-ကော့သောင်း ခရီးစဉ်ကို ယခင်အတိုင်း နေ့စဉ် ပုံမှန် ပြန်လည်ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## မိုင်းဆတ်မြို့ ပြည်သူ့ဆေးရုံသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့က PPE ဝတ်စုံများ လှူဒါန်း

**မိုင်းဆတ် မေ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်ရာတွင် အသုံးပြုရန် PPE ဝတ်စုံ ၁၀၀ ကို မြို့နယ်ပြည်သူ့ဆေးရုံသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့က မေ ၂ ရက်က လှူဒါန်းခဲ့သည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူနှင့် ဇနီး ဒေါ်နန်းမွေခမ်း မိသားစုမှ လှူဒါန်းသော ကျပ် ၁၃ သိန်းကျော် တန်ဖိုးရှိ PPE ဝတ်စုံ ၁၀၀ ကို အလှူရှင်မိသားစုကိုယ်စား မိုင်းဆတ်ခရိုင် မီးသတ်ဦးစီးမှူး ဦးဇော်နိုင်ဝင်းနှင့် ဦးစိုင်းရွက်တို့က ပေးအပ်လှူဒါန်းခြင်းဖြစ်ပြီး မြို့နယ်ပြည်သူ့ဆေးရုံမှ သွားနှင့်ခံတွင်း အထူးကုဆရာဝန် ဒေါက်တာသန်းဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



## ဘားအံမြို့နယ်အတွင်းမှ ရေရှားပါးနေသည့် ရွာနှစ်ရွာသို့ သောက်သုံးရေများလှူဒါန်း

**ဘားအံ မေ ၂**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း မိုးရွာသွန်းမှုနည်းပါးပြီး ရာသီဥတု ပူပြင်းသောကြောင့် ကျေးရွာအချို့တွင် လတ်တလော ရေရှားပါးမှုများ ကြုံတွေ့နေသဖြင့် မေ ၁ ရက်တွင် ရေရှားပါးနေသော ရွာနှစ်ရွာဖြစ်သည့် ကော့သိုက်ရွာနှင့် ကော့နန်းသာရွာတို့မှ ပြည်သူများအတွက် သောက်သုံးရေများကို ကရင်ပြည်နယ် မီးသတ်ဦးစီးဌာနနှင့် အမှတ်(၆၂၁) ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ခွဲတို့ ပူးပေါင်း၍ သွားရောက်လှူဒါန်းခဲ့သည်။

ကျေးရွာနှစ်ရွာမှ ပြည်သူများအတွက် သောက်ရေသုံးရေများကို ပြည်နယ် မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် နယ်မြေခံတပ်မှ ဗိုလ်မှူးသိန်းခိုင်မြင့်တို့ ဦးဆောင်၍ သွားရောက်လှူဒါန်းခြင်းဖြစ်ပြီး သုံးရေများကို ပြည်နယ်မီးသတ်ဦးစီးဌာနမှ ရေသယ်ယာဉ်ဖြင့် လည်းကောင်း၊ ၂၀ လီတာ သောက်ရေဘူးကြီး ၂၁၀ ကို နယ်မြေခံတပ်မှလည်းကောင်း သယ်ဆောင်၍ ပြည်သူများထံ စနစ်တကျ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဘားအံမြို့နယ်၌ ယခင်နှစ်က မိုးရွာသွန်းမှု စောစီးစွာ ရပ်ဆိုင်းသွားပြီး ရာသီဥတုပူပြင်းခြင်းနှင့် ယခုနှစ် မိုးအကြိုကာလ မိုးရွာသွန်းမှု နောက်ကျခြင်းတို့ကြောင့် ကျေးရွာအချို့၌ ရေရှားပါးမှုများ ကြုံတွေ့လာရခြင်းဖြစ်ကာ အလားတူ ဘားအံမြို့နယ်တွင်းမှ ရေလိုအပ်ချက်ရှိနေသည့် ရွာများအတွက်လည်း သက်ဆိုင်ရာဌာနအလိုက် ရေရရှိရေးနှင့် လတ်တလော သုံးစွဲနိုင်ရေးအတွက် ရေလှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



ယာယီပြုလုပ်ထားသော ရေကန်အတွင်း ရေဖြည့်ပေးနေသော မီးသတ်တပ်ဖွဲ့ဝင်များ

## မော်လူးမြို့၌ လျှပ်စစ်အန္တရာယ်ကင်းရေးအတွက် ဓာတ်အားလိုင်းကြိုးများ ပြောင်းလဲတပ်ဆင်

**မော်လူး မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့တွင် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်အတွက် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်၌ ဓာတ်တိုင်များကို နေရာပြောင်း၍ စိုက်ထူခြင်းနှင့် ၁၁ ကေဗွီ ဓာတ်အားလိုင်းကြိုးများ ပြောင်းလဲတပ်ဆင်ခြင်းကို မေ ၁ ရက်မှ ၇ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဓာတ်တိုင်တွေကို မေ ၁ ရက်ကနေ ၇ ရက်အထိ ရွှေ့ပြောင်းမှာပါ။ လမ်းရဲ့အနောက်ဘက်ကို အချို့နေရာမှာ ခုနစ်ပေ၊ အချို့နေရာမှာ ၁၀ ပေလောက် ဆုတ်ပေးနေပါတယ်။ ၁၁ ကေဗွီလိုင်း ဓာတ်ကြိုးတွေကို AWOC ကြိုးအဖြစ်လည်းကောင်း၊ ၀.၄ ကေဗွီ ဓာတ်ကြိုးတွေကို ယခင် ကြေးကြိုးအစား အလူမီနီယမ် ကာဗာကြိုးအဖြစ်လည်းကောင်း အဆင့်မြင့်ကြိုးတွေအဖြစ် ပြောင်းလဲတပ်ဆင်နေပါတယ်။ အခုလို လုပ်ဆောင်ခြင်းအားဖြင့် လျှပ်စစ်အန္တရာယ်လည်း ကင်းရှင်းနိုင်သလို ပြည်ထောင်စုလမ်းမကြီးလည်း ပိုမိုကျယ်ဝန်းလာပြီး ယာဉ်အန္တရာယ် လမ်းအန္တရာယ်တွေကိုလည်း ကင်းဝေးစေမှာပါ"ဟု မော်လူးမြို့နယ်လျှပ်စစ်မှူး ဦးဇော်ပြည့်ဖြိုးက ပြောကြားသည်။

မော်လူးမြို့ခံပြည်သူတစ်ဦးကလည်း "မော်လူးမြို့ဟာ ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်မှာ တည်ရှိပြီး မော်လူးမြို့ပေါ်က ကတ္တရာလမ်းမကြီးတွေဟာ အရင်က အကျယ် ၁၂ ပေပဲ ရှိခဲ့တယ်။ အခု ၁၈ ပေအထိ တိုးချဲ့လာတာကြောင့် ဓာတ်တိုင်တွေကို နေရာရွှေ့တာဟာ လမ်းကို ပိုကျယ်လာစေပြီး ယာဉ်အန္တရာယ် ကင်းဝေးလာနိုင်မှာဖြစ်ပါတယ်"ဟု ပြောသည်။

**နီတိုး**

## ပုသိမ်မြို့၌ သင်္ဘောစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းပြီး ဈေးကွက်လည်း ကောင်းမွန်လျက်ရှိ

**ပုသိမ် မေ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၁၀)နယ်မြေ စက်ကုန်းရပ်ကွက်၌ ဒေသခံတောင်သူများ နှစ်စဉ်စိုက်ပျိုးသော သင်္ဘောပင်များ ယခုနှစ်တွင် အောင်မြင်ဖြစ်ထွန်းနေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

အဆိုပါ သင်္ဘောမျိုးစေ့များကို မျိုးစေ့အရောင်းဆိုင်များမှ ဝယ်ယူရပြီး ဈေးနှုန်းမှာ အစေ့ ၁၀ စေ့ခန့် ပါရှိသော အထုပ်တစ်ထုပ်ကို ကျပ် ၁၅၀၀ ရှိကြောင်း၊ မျိုးစေ့များကို မြေဆွေး၊ ကြက်ချေးနှင့် စက်ဖွဲပြာတို့ ရောထည့်ထားသော ပျိုးအိတ်ငယ်များဖြင့်ထည့်၍ ရေလောင်းပေးပြီး အပင်အမြင့် တစ်ပေခန့်ရအောင် နှစ်လခန့် ပျိုးထောင်ရကြောင်း၊ ထို့နောက် ပျိုးအိတ်ကိုခွဲ၍ စိုက်ပျိုးမည့်မြေကွက်တွင် တစ်ပင်နှင့်တစ်ပင် ခုနစ်ပေခြား စိုက်ပျိုးရကြောင်း၊ အပင်၏ ကြီးထွားမှုကိုကြည့်၍ ရေလောင်းခြင်းနှင့် မြေသြဇာကျွေးခြင်းများကို ဆောင်ရွက်ပေးရကြောင်း၊ အပင်သက်တမ်း ခြောက်လခန့်ကြာသောအခါ ပန်းများပွင့်၍ အသီးလေးများ ပေါ်ထွက်လာချိန်တွင် အသီးအားဆေး ကျွေးရကြောင်း၊ ရေကို တစ်ရက်ခြား နှစ်ရက်ခြား လောင်းပေးရပြီး အပင်ကို ရေမဝပ်အောင် ပြုလုပ်ပေးရကြောင်း သင်္ဘောသီး စိုက်ပျိုးသူ ဦးသိန်းငွေက ပြောသည်။



သင်္ဘောသီးများသီး၍ ရောင်းချရသည့်အချိန်တွင် အသီးအရွယ်အစားအလိုက် အသေးတစ်လုံး ကျပ် ၅၀၀ မှ အကြီး ကျပ် ၂၀၀၀ အထိ ဈေးရကြောင်း၊ သင်္ဘောပင်တစ်ပင်လျှင် အသီး အလုံးရေ ၂၀ မှ ၃၀ ခန့်အထိ သီးကြောင်း၊ ယခင်က ပုသိမ်မြို့နယ်မှ စိုက်ပျိုးထွက်ရှိသော သင်္ဘောသီးများကို ပုသိမ်မြို့နှင့် နီးစပ်ရာ မြောင်းမြ၊ ငပုတော စသော ဒေသများမှ လာရောက်ဝယ်ယူသူများရှိခဲ့ပြီး ယခုအချိန်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ကားလမ်း၊ ရထားလမ်းများ ပိတ်ထားရသော်လည်း ပုသိမ်မြို့ပေါ် ရပ်ကွက်များမှ စားသုံးသူများက ဝယ်ယူလျက်ရှိသဖြင့် ရောင်းအားကျခြင်းမရှိဘဲ ပုံမှန်ရောင်းရကြောင်း၊ သင်္ဘောပင်စိုက်ခင်းထဲတွင် သင်္ဘောပင်များနှင့်အတူ ဟင်းသီးဟင်းရွက်နှင့် ဂန္ဓမာပန်းများကိုလည်း တွဲဖက်စိုက်ပျိုးနိုင်သဖြင့် ဒေသခံတောင်သူများအတွက် အကျိုးရှိကြောင်း သိရသည်။

**မြင့်ဟန်**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၁၅) ကြိမ်မြောက် ကျပ်၁၀၀၀တန်ထီပေါက်စဉ် ၂၀၂၀ ပြည့်နှစ် ၊ မေ လ (၁) ရက်နေ့ အခမဲ့ထုတ်ဝေသည်

## အထူးဆုကြီး ကျပ်သိန်း (၁၅၀၀၀) ဆု

စ - ၄၄၁၇၉၈

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ည - ၅၅၈၀၀၄

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀၀)ဆု

ဌ - ၆၃၂၀၄၄

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၂၀၀၀)ဆုများ

ကဃ - ၅၅၃၂၂၄
ဆ - ၆၂၉၀၉၅

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၂၀၀၀)ဆု ( ၅ ) ဆု

ယ - ၁၀၄၅၂၃
င - ၂၅၆၀၆၅
ရှ - ၆၂၀၃၂၈
သ - ၆၆၀၁၅၉
ရှ - ၈၅၀၅၁၇

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

ည - ၂၃၁၁၄၅
ဝ - ၉၈၄၀၂၀

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၁၀၀၀)ဆု ( ၅ ) ဆု

ဠ - ၂၀၇၃၃၉
ဆ - ၃၇၀၆၉၇
ꩻ - ၄၉၁၃၂၆
ရှ - ၅၀၀၁၆၆
ဇ - ၅၄၀၉၉၁

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

ဟ - ၁၁၈၅၅၆
ကင - ၂၆၇၅၄၅
ဆ - ၄၇၇၆၈၆
မ - ၅၀၄၁၄၆
ည - ၅၃၂၆၂၀
ဠ - ၅၅၄၂၇၅
ရှ - ၆၂၃၀၉၀
ကဂ - ၆၅၅၄၁၉
ည - ၆၆၃၇၆၇
က - ၇၄၁၁၆၃

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၅၀၀)ဆု ( ၅ ) ဆု

ကင - ၄၁၄၂၀၇
ဖ - ၄၄၈၉၇၆
ဠ - ၄၅၁၉၆၂
ဟ - ၅၇၉၃၀၈
ဌ - ၈၂၂၅၁၄

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၂၀၀)ဆုများ

န - ၁၃၉၁၁၈
လ - ၂၄၀၉၀၅
ဗ - ၂၅၄၀၇၅
ဆ - ၄၁၅၄၅၁
ကဂ - ၄၂၉၉၀၂
ခ - ၅၂၃၇၂၃
ဃ - ၆၁၈၈၀၉
ကဂ - ၆၆၀၉၅၇
င - ၇၅၁၇၄၁
ဏ - ၈၇၆၇၅၅
ရှ - ၉၀၈၉၀၅

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး လှစ်ပေးသည့် ကျပ် သိန်း(၂၀၀)ဆု ( ၁ ) ဆု

ဖ - ၇၇၂၀၆၉

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၁၀၀)ဆုများ

န - ၁၁၃၈၇၀
ဒ - ၁၅၄၂၀၃
ကခ - ၃၁၁၇၀၁
ဌ - ၆၉၂၇၈၂
ဃ - ၆၅၆၁၃၄
ဘ - ၇၄၅၃၄၆
စ - ၇၆၆၅၃၁
ဌ - ၇၈၂၂၆၈
ဇ - ၉၁၉၇၇၁
အ - ၉၂၈၇၄၉
ကဂ - ၉၆၁၁၇၈
ဌ - ၉၉၇၄၀၃

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀)ဆုများ

ဇ - ၃၂၆၅၂၇
ထ - ၃၇၂၃၅၁
ကခ - ၅၆၂၀၂၃
ဓ - ၆၇၁၆၇၂
ထ - ၆၈၁၁၆၈
ဇ - ၇၀၀၅၂၂
ဏ - ၇၇၂၃၁၅
ဎ - ၈၀၃၅၇၆
ဈ - ၈၃၄၈၄၀
ပ - ၈၈၀၇၆၅
စ - ၉၃၈၈၀၈
ဈ - ၉၆၀၅၇၅

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၅၀) ဆု ( ၁ ) ဆု

ဏ - ၉၁၀၃၂၃

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၂၀)ဆုများ

ကဂ - ၁၉၃၁၃၃
ဃ - ၂၆၅၅၃၂
သ - ၃၃၅၅၀၆
န - ၃၄၂၀၇၉
ထ - ၄၆၆၃၀၅
ဒ - ၄၈၆၅၇၁
ရ - ၅၂၉၀၁၃
ဟ - ၅၃၃၉၇၀
အ - ၅၃၆၆၀၂
ကခ - ၅၃၈၀၃၉
ကင - ၆၈၄၉၁၇
ဖ - ၇၆၁၃၁၃
မ - ၇၆၇၈၃၄
ည - ၈၀၉၅၅၄
ကက - ၈၂၇၉၈၃

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၂၀) ဆု ( ၁ ) ဆု

ကခ - ၁၅၈၉၁၁

## ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| န - ၁၇၄၅၆၃ | သ - ၃၀၁၅၀၅ | ဒ - ၄၅၂၈၂၃ | ဋ - ၆၆၉၀၇၀ | ဓ - ၈၂၅၁၂၃ | ပ - ၉၈၄၁၉၈ |
| ကဃ - ၁၈၇၃၇၂ | ရ - ၃၈၆၄၇၉ | ဘ - ၄၇၈၄၇၃ | ဓ - ၇၀၁၃၃၄ | ဂ - ၉၃၄၉၄၀ | |
| ကခ - ၂၈၇၈၁၆ | ဗ - ၄၄၅၀၇၀ | ဈ - ၄၈၂၉၆၃ | ဇ - ၇၄၄၄၅၀ | ဌ - ၉၆၆၀၃၄ | |

# ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

## ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | |
|---|---|
| င - ၂၆၇၈၇ | ရ - ၆၆၂၂၂ |
| ခ - ၃၃၃၅၇ | ဏ - ၇၆၁၆၄ |
| ခ - ၄၃၇၅၈ | ဆ - ၈၃၅၅၅ |

အက္ခရာနှင့် ရွှေဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

| | |
|---|---|
| ပ - ၁၅၅၁ | ကက - ၄၃၂၆ |
| က - ၂၉၄၈ | င - ၄၉၄၃ |
| ည - ၄၁၀၄ | က - ၉၇၄၃ |

အက္ခရာနှင့် ရွှေဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

| | |
|---|---|
| မ - ၃၀၁ | ကက - ၄၉၆ |
| ခ - ၃၆၇ | ဏ - ၆၃၆ |
| ဆ - ၄၈၀ | န - ၈၂၀ |

အက္ခရာနှင့် ရွှေဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

| | |
|---|---|
| အ - ၃၁ | ဓ - ၇၃ |
| ယ - ၃၃ | ဓ - ၉၉ |
| ဗ - ၆၈ | |

အက္ခရာနှင့် ရွှေဂဏန်း(၂)လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း

# ဘဏ္ဍာသိမ်း ရငွေကျပ်သိန်း(၂၅၀၀)မှ ချီးမြှင့်သော ဆုမဲများ

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး လှစ်ပေးသည့် ကျပ် သိန်း(၂၀)ဆု ( ၃ ) ဆု

ကဂ - ၁၆၂၁၄၇
စ - ၅၅၃၅၂၉
က - ၈၆၅၈၉၈

### ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆုများ

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး လှစ်ပေးသည့် ကျပ် သိန်း(၁၀၀)ဆု ( ၄ ) ဆု

င - ၄၅၈၈၆၉
ကဃ - ၆၁၄၂၂၆
က - ၈၈၉၁၃၁
င - ၉၂၀၉၁၅

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀) ဆုများ

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး လှစ်ပေးသည့် ကျပ် သိန်း(၅၀)ဆု ( ၄ ) ဆု

ဏ - ၂၇၄၀၇၄
ဟ - ၆၆၄၇၃၆
ကဃ - ၆၆၅၉၄၃
ထ - ၈၁၅၄၅၇

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး လှစ်ပေးသည့် ကျပ် (၁၀)သိန်းဆု ( ၁ ) ဆု

မ - ၃၀၈၃၄၈

## ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| မှ - ၂၈၇၈၅၉ | န - ၅၆၇၉၄၆ | ဓ - ၉၀၃၃၇၅ | ကဂ - ၉၉၁၉၄၀ |

# ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

## ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

ဒ - ၄၉၁၇၉    ဍ - ၇၀၀၄၉

အက္ခရာနှင့် ရွှေဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

ထ - ၆၃၇၃
ရ - ၄၀၀၇

အက္ခရာနှင့် ရွှေဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

ဈ - ၄၂၇
ဍ - ၄၈၁

အက္ခရာနှင့် ရွှေဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

၁။ ၂၀၂၀ ပြည့်နှစ်၊ မေလ(၁) ရက်နေ့တွင် ကျင်းပသည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် (၁၅)ကြိမ်မြောက် ကျပ်(၁၀၀၀)တန်အတွက် ဆုမဲ (၂၅၉၇၁) ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ (၁)ရက်နေ့တွင် ကျင်းပမည့် (၁၆) ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေထီ လက်မှတ်များကို (က)အက္ခရာမှ (ကဆ) အက္ခရာထိ ၊အက္ခရာ(၄၀)လုံး ခွဲဝေရောင်းချပေးသွားမည်ဖြစ်ပါသည်။

၃။ (၁၅)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို ( ၄ . ၅ . ၂၀၂၀) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို (၁၁. ၅ . ၂၀၂၀) ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းနှင့်ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ ၊(၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဌေးကြွယ်

### အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

### အသက် (၆၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်၊ နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာဌေးကြွယ် အသက် (၆၉)နှစ်သည် ၂-၅-၂၀၂၀ရက် နံနက် ၀၇:၂၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊
အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့်
အမျိုးသားလွှတ်တော်ရုံးဝန်ထမ်းများ

---

## ဒေါ်နန်းလှိုး

### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၂၁၂၊ တိုက် (B)၊ အခန်း ၃၀၁ နေ ဦးထွန်းကျော်၏ ချစ်လှစွာသောဇနီး၊ မနှင်းနှင်းအေး၊ မောင်သီဟစိုး-မဆွေဆွေမြင့်၊ မောင်ကျော်စိုးလှိုင်တို့၏ ချစ်လှစွာသော မိခင်သည် ၂-၅-၂၀၂၀ ရက် (စနေနေ့) မွန်းလွဲ ၂:၂၀ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်း
ထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

---

**သစ်တောမှန်လျှင်**

**အသုံးဝင်၊**

**အစဉ်ထာဝရ**

**ထိန်းသိမ်းကြ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

## သူရဦးထွန်းတင်

နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း)
ဒုတိယဝန်ကြီးချုပ်နှင့်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး(ငြိမ်း)
လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)၊
နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)

### အသက်(၁၀၀)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ပါရမီရိပ်သာ၊ မြစံပယ်လမ်း၊ အမှတ်(၂၆)နေ ဒေါ်မြင့်မြင့်သိန်း၏ ချစ်လှစွာသောခင်ပွန်း သူရဦးထွန်းတင်သည် ၁-၅-၂၀၂၀ရက်(သောကြာနေ့)နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါ်မြင့်မြင့်သိန်း၏ ချစ်ညီမများ

---

### အထူးဝမ်းနည်းကြေကွဲခြင်း

## သူရဦးထွန်းတင် အသက်(၁၀၀)နှစ်

နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း)
ဒုတိယဝန်ကြီးချုပ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး(ငြိမ်း)
လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)၊ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ပါရမီရိပ်သာ၊ မြစံပယ်လမ်း၊ အမှတ် ၂၆နေ ဒေါ်မြင့်မြင့်သိန်း၏ချစ်လှစွာသော ခင်ပွန်း၊ Capt – ကျော်မြင့်ထွန်း-(ဒေါ်မမလွင်)၊ Capt – ရဲမြင့်ထွန်း-ဒေါ်မေမေသက်၊ ဦးဇော်မြင့်ထွန်း-ဒေါ်ခင်မေသက်တို့ ၏ ဖခင် သူရဦးထွန်းတင်(ဦးလေးထွန်း)သည် ၁-၅-၂၀၂၀ရက်(သောကြာနေ့) နံနက် ၇:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအောင်မြင့်ထွန်း(နေပြည်တော်ကောင်စီဝင်)နှင့် ဇနီး ဒေါ်မီမီသက်
မိသားစု၊ နေပြည်တော်
ဒေါ်ခင်မာဆွေ

---

### မြစ်ကြီးနားအသင်း(ရန်ကုန်)၊ သာရေး/နာရေးကော်မတီ

## သူရ ဦးထွန်းတင် အသက်(၁၀၀)နှစ်

နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း)
ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး(ငြိမ်း)
လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)
နိုင်ငံ့ဂုဏ်ရည်(ပထဆင့်)
ဦးဆောင်နာယကကြီး၊ မြစ်ကြီးနားအသင်း(ရန်ကုန်)
ကန်တော့ခံသက်ကြီး

မြစ်ကြီးနားမြို့၊ ရှမ်းစု(မြောက်ရပ်)နေ (ဦးကျောက်လုံး-ဒေါ်ထူး)တို့၏သား၊ သထုံမြို့နေ (ဦးရဲဒင်-ဒေါ်သိန်းရင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ပါရမီရိပ်သာ၊ အမှတ်(၂၆)၊ မြစံပယ်လမ်းနေ ဒေါ်မြင့်မြင့်သိန်း၏ခင်ပွန်း၊ Capt:ကျော်မြင့်ထွန်း-(ဒေါ်ခင်မမလွင်)၊ Capt:ရဲမြင့်ထွန်း-ဒေါ်မေမေသက်၊ ဦးဇော်မြင့်ထွန်း-ဒေါ်ခင်မေသက်တို့၏ဖခင်၊ မကေသီကျော်ထွန်း၊ မောင်ကျော်မင်းထွန်း၊ မောင်အောင်နိုင်ထွန်း-မသူသူသွင်၊ မဝင်းမြတ်သိင်္ဂီ တို့၏အဘိုး၊ မပွင့်ဇမ္ဗူ၏ဘိုးဘိုးကြီး သူရဦးထွန်းတင်သည် ၁-၅-၂၀၂၀ရက် (သောကြာနေ့) နံနက် ၇:၃၀နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၅၀၀)၌ လူကြီးရောဂါဖြင့် ကွယ် လွန်သွားပါသဖြင့် ၃-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်း၌ မီးသဂြိုဟ်ပြီး ဂူသွင်းမည်ဖြစ်ပါကြောင်း။ (COVID-19 ကြောင့် မိသားစုဝင်များသာ လိုက်ပါပို့ဆောင်မည်ဖြစ်ပါသည်။)

အမှုဆောင်အဖွဲ့

---

### ဝမ်းနည်းကြေကွဲခြင်း

## သူရဦးထွန်းတင်

နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း)
ဒုတိယဝန်ကြီးချုပ်နှင့်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး(ငြိမ်း)
လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)
နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)

### အသက်(၁၀၀)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ပါရမီရိပ်သာ၊ မြစံပယ်လမ်း၊ အမှတ်(၂၆)နေ လေးလေးထွန်းသည် ၁-၅-၂၀၂၀ ရက်(သောကြာနေ့)နံနက်၇:၃၀နာရီတွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မမမြင့်၊ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါ်မြကြည်
ဆရာစံလမ်း၊ ဥဿာမြို့သစ်၊ ပဲခူးမြို့

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

### ဝမ်းနည်းကြေကွဲခြင်း

## ဦးကိုကြီး

ဒု-လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု ထွေ/ထိန်း)
သံမဏိစက်ရုံ၊ ရွာမ၊ အင်းစိန်

### အသက်(၈၇)နှစ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်-ဒေါ်ခိုင်နွယ်ဦးတို့၏ဖခင် ဦးကိုကြီးသည် ၁-၅-၂၀၂၀ရက် ညနေ ၆နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

---

### ဝမ်းနည်းကြေကွဲခြင်း

## ဦးကိုကြီး

ဒု-လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု ထွေ/ထိန်း)
သံမဏိစက်ရုံ၊ ရွာမ၊ အင်းစိန်

### အသက်(၈၇)နှစ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်-ဒေါ်ခိုင်နွယ်ဦးတို့၏ဖခင် ဦးကိုကြီးသည် ၁-၅-၂၀၂၀ရက် ညနေ ၆နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

---

### ဝမ်းနည်းကြေကွဲခြင်း

## ဦးကိုကြီး

ဒု-လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု ထွေ/ထိန်း)
သံမဏိစက်ရုံ၊ ရွာမ၊ အင်းစိန်

### အသက်(၈၇)နှစ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်-ဒေါ်ခိုင်နွယ်ဦးတို့၏ဖခင် ဦးကိုကြီး သည် ၁-၅-၂၀၂၀ရက် ညနေ ၆နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ပြည်သူ့အရေး အယ်ဒီတာအဖွဲ့

---

## ဗိုလ်မှူးကြီးအောင်ကြည်(ငြိမ်း)

### OTS အပတ်စဉ်(၂၉)

### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဘုရင့်နောင်၊ (ဂ)ရပ်ကွက်၊ ရွှေဥဒေါင်းလမ်း၊ အမှတ်(၂၁)နေ ဒေါ်သန်းသန်းအောင်(အထက်တန်းပြဆရာမ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးဝင်းအောင်(Amata Hotel Group)-ဒေါ်နေမြတ်သူအောင်၊ ဦးမောင်မောင်ချို-ဒေါ်နေလတ်သဇင် အောင်တို့၏ဖခင်၊ မသွန်းနဒီဝင်းအောင်(ခေတ္တ U.S.A)၊ မောင်မင်းစစ်သူအောင်(Internationl School Yangon)တို့၏ဘိုးဘိုးကြီးသည် ၂-၅-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၁၂:၀၇နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂:၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးညိုထွန်း(အမ်းမြို့)

ရမ်းဗြဲမြို့နယ်ပညာရေးမှူး(ငြိမ်း)
ပထမအကြိမ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)

### အသက်(၇၁)နှစ်

ရခိုင်ပြည်နယ်၊ အမ်းမြို့နေ(ဦးဝေလှဦး-ဒေါ်ဝေမြ)တို့၏သား၊ (ဦးဖြူညွှန့်ဦး)-ဒေါ်ဟံရင်နုတို့၏သားသမက်၊ အမ်းမြို့ လေယာဉ်ကွင်းရပ်ကွက်နေ ဒေါ်သိန်းယဉ်ဦး၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာထွန်းထွန်းသိန်း (လ/ထညွှန်ကြားရေးမှူး၊ အခြေခံပညာဦးစီးဌာန)-ဒေါ်လှလှမော် (ကျောင်းအုပ်၊ အလက၊ အင်ပု၊ လယ်ဝေးမြို့နယ်)၊ ဗိုလ်ကြီးကိုကိုမောင်(မေ့ဆေးပါရဂူ၊ လ/ထ ကထိက မေ့ဆေးပညာဌာန၊ တပ်မတော်ဆေးတက္ကသိုလ်)-ဒေါ်ကလျာနွယ်နွယ်ဝင်း(အထက်တန်းရှေ့နေ)တို့၏ချစ်လှစွာသောဖခင်၊ မောင်အုပ်စိုးမင်းခန့်၊ မောင်ပြည့်မှူးမင်းသန့်၊ မောင်ပြည့်ဖြိုးခန့်တို့၏အဘိုးသည် ၁-၅-၂၀၂၀ရက် ညနေ ၄:၂၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင် -၅၀၀)အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ တိုက်အမှတ်(၁၁/က)၊ (၃-လွှာ/ဘီ)၊ သမာဓိ(၁)လမ်းရှိ တိုက်ခန်း(၁)ခန်းအား ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသောပစ္စည်းများနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဝယ်ယူပိုင်ဆိုင်ထားသော ဒေါ်ခင်ညွန့်သိန်း (၁၁/မတန(နိုင်)၀၁၂၂၀၁)မှမိမိတစ်ဦးတည်းဝယ်ယူပိုင်ဆိုင်ပြီးအပြီးအပိုင်လွှဲပြောင်း ရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ ကေားကမ်းလှမ်းရာ ကျွန်ုပ် ၏မိတ်ဆွေက အပြီးအပိုင်ဝယ် ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဘိုးငွေ၏ တစ်စိတ်တစ်ဒေသ ကို စရံငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာ ရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်လှမြတ်ကျော် (LL.B)
တရားလွှတ်တော်ရှေ့နေ
တိုက်(၂၇၄)၊ အခန်း(၁)၊ ရန်ကင်းလမ်း (၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၂၆၂၃၅၆၆၉၂

---

### ဝမ်းနည်းကြေကွဲခြင်း

## ဦးကိုကြီး

ဒု-လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု ထွေ/ထိန်း)
သံမဏိစက်ရုံ၊ ရွာမ၊ အင်းစိန်

### အသက်(၈၇)နှစ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်-ဒေါ်ခိုင်နွယ်ဦးတို့၏ဖခင် ဦးကိုကြီးသည် ၁-၅-၂၀၂၀ရက် ညနေ ၆နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန

---

### ဝမ်းနည်းကြေကွဲခြင်း

## ဦးကိုကြီး

ဒု-လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု ထွေ/ထိန်း)
သံမဏိစက်ရုံ၊ ရွာမ၊ အင်းစိန်

### အသက်(၈၇)နှစ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်-ဒေါ်ခိုင်နွယ်ဦးတို့၏ဖခင် ဦးကိုကြီးသည် ၁-၅-၂၀၂၀ရက် ညနေ ၆နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ခေတ္တဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

---

### သုဝဏ္ဏဘူမိ-သထုံအသင်း(ရန်ကုန်)

## သူရ ဦးထွန်းတင် အသက်(၁၀၀)နှစ်

နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း)
ဒုတိယဝန်ကြီးချုပ်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး(ငြိမ်း)
လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)
နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ပါရမီရိပ်သာ၊ မြစံပယ်လမ်း၊ အမှတ်(၂၆)နေ ဒေါ်မြင့်မြင့်သိန်း(နာယက- သုဝဏ္ဏဘူမိ၊ သထုံအသင်း၊ ရန်ကုန်)၏ ချစ်လှစွာသောခင်ပွန်း သူရဦးထွန်းတင်သည် ၁-၅-၂၀၂၀ရက် (သောကြာနေ့) နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသည်။ ကျန်ရှိသည့် ရုပ်ကလာပ်ကို ၃-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် မင်္ဂလာဒုံ စစ်သင်္ချိုင်း၌မီးသဂြိုဟ်ပြီး ဂူသွင်းမည်ဖြစ်ပါကြောင်း သထုံအသင်းသူအသင်းများအား အသိပေးအပ်ပါ သည်။

အမှုဆောင်အဖွဲ့
သုဝဏ္ဏဘူမိ(သထုံအသင်း)ရန်ကုန်

---

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာမြင့်မြင့်မေ

လ/ထညွှန်ကြားရေးမှူး(ငြိမ်း)၊ လူမှုဖူလုံရေး

### အသက်(၈၅)နှစ်

ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ ပါမောက္ခချုပ်၊ ပါမောက္ခ ဒေါက်တာ ဦးအေးထွန်းနှင့် ဒုတိယဗိုလ်မှူးကြီး ဒေါ်ယုယုခင် (တပ်မတော်ဆေးတက္ကသိုလ်)တို့၏မိခင် ဒေါက်တာမြင့်မြင့်မေသည် ၂၆-၄-၂၀၂၀ရက် နံနက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခ၊ ဌာနမှူး နှင့်တကွ
ဆရာ၊ ဆရာမများ
ခွဲစိတ်ကုပညာဌာန
ဆေးတက္ကသိုလ်(၂)ရန်ကုန်

---

## ဒေါ်ရီရီမြ(ကျောင်းအုပ်ဆရာမကြီး)

### အထက(၄)လှိုင်၊ အလက မေတ္တာညွှန့်(တာမွေ)

### အလက(၁)အင်းစိန်၊ အထက ရဲမွန်(လှည်းကူး)

### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တော်ဝင်အိမ်ရာ၊ တိုက်(၆)၊ အခန်း (၂၂)နေ (ဦးမောင်ကြည်-ဒေါ်အုန်းမြ) တို့၏သမီး၊ (ဦးထိန်ဝင်း)(အထက လှည်းကူး၊ ကျောင်းအုပ်ကြီး)၏ဇနီး၊ (ဦးထွေးလွင်-ဒေါ်ကြည်ကြည်မြ)တို့၏ညီမ၊ (ဦးခင်မောင်ထွန်း-ဒေါ်ငြိမ်းငြိမ်း)၊ ဦးတင်ဝင်း-ဒေါ်ချိုချိုမြ၊ ဦးခင်မောင်ဗိုလ်-(ဒေါ်ကြူကြူသန်းလင်း)၊ ဒေါ်သီတာမြ၊ ဒေါ်သူဇာမြတို့၏အစ်မသည် ၁-၅-၂၀၂၀ရက် (သောကြာနေ့) ည ၁၀:၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၂၀ရက် (စနေနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

မြင်းခြံဒီဂရီကောလိပ် မြန်မာစာဌာနမှ ပါမောက္ခ (ဌာနမှူး) ဆရာမကြီး ဒေါက်တာမြင့်ရီ၏မိခင်ကြီး ဒေါ်ထွေး အသက် (၉၂) နှစ်သည် ၁-၅-၂၀၂၀ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

မြန်မာစာမိသားစု
မြင်းခြံဒီဂရီကောလိပ်

---


### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဒေါ်ဝါဝါ၏သမီးမအိဖြူဖြူကျော် ၁၂/သလန(နိုင်) ၁၁၃၇၅၇သည် မိခင်၏ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်ခဲ့သဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို မိခင်အနေဖြင့် (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိခင်-ဒေါ်ဝါဝါ ၁၀/မလမ(နိုင်) ၀၂၀၉၈၅
၏လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်တင်တင်လှ(LL.B)
(တရားလွှတ်တော်ရှေ့နေ)
စဉ်-၁၁၇၅၀

# ဂျပန်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၉၅ ဦးအား ရန်ကုန်မြို့သို့ ပြန်လည်ခေါ်ဆောင်



ရန်ကုန် မေ ၂

ကိုဗစ် – ၁၉ ကူးစက်ရောဂါအခြေအနေအရ နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားသဖြင့် ဂျပန်နိုင်ငံတွင် အခက်အခဲ ကြုံတွေ့နေကြရသည့် မြန်မာနိုင်ငံသား ၁၉၅ ဦးအား ပထမအသုတ်အဖြစ် ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာသံရုံး တိုကျိုမြို့နှင့် ဂျပန်နိုင်ငံအစိုးရတို့အကြား ညှိနှိုင်းမှုများ ပြုလုပ်ပေးခဲ့ရာ ၎င်းတို့သည် All Nippon Airways (ANA) လေကြောင်းဖြင့်

စာမျက်နှာ ၅ ကော်လံ ၁ ◆

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဂျပန်နိုင်ငံမှ ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို တွေ့ရစဉ်။ သတင်းစဉ်

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ အချပ်ပိုလေးမျက်နှာ ပါရှိ

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ စတုတ္ထ (၁) နှစ်တာကာလ အတွင်း ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

## ပျဉ်းမနားမြို့နယ် လူထုအခြေပြုဗဟိုဌာနနှင့် ပြည်သူ့စာကြည့်တိုက်တို့ကို ကိုဗစ် - ၁၉ ရောဂါ ကာကွယ်နိုင်ရေး ဆေးဖျန်းခြင်းလုပ်ငန်းများဆောင်ရွက်

ပျဉ်းမနား မေ ၂

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန အသုံးပြုမည့်သူများနှင့် ပြည်သူ့စာကြည့်တိုက်သို့ စာအုပ်စာစောင်များ လာရောက်ငှားရမ်းဖတ်ရှုသူများ ကိုဗစ်–၁၉ ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းတစ်ခုဖြစ်သည့် ဆေးဖျန်းခြင်းလုပ်ငန်းကို ယနေ့ နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

"လူထုအခြေပြုဗဟိုဌာနမှာ ပြပွဲ၊ ပြိုင်ပွဲများ၊ အစည်းအဝေးဆွေးနွေးပွဲတွေနဲ့

စာမျက်နှာ ၅ ကော်လံ ၅ ○



## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းကာ မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

နေပြည်တော် မေ ၂

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ နောက် ၇၂ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိပြီး မြောက် – အနောက်မြောက်ဘက်သို့ တဖြည်းဖြည်းရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

## မာတစ်၏ နေရာကို အစားထိုးရန် ကူလီဘာလီကို လီဗာပူး ဆက်သွယ်

အီတလီသတင်းအရင်းအမြစ်များ၏ ထွက်ပေါ်လာချက်များအရ လီဗာပူးအသင်းသည် မန်ယူအသင်းက ခေါ်ယူရန် ကာလရှည်ချိတ်ဆက်လျက်ရှိသော နာပိုလီအသင်းမှ ဆီနီဂေါ ခံစစ်ကစားသမား ကူလီဘာလီကို ခေါ်ယူရန် ဆက်သွယ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ လီဗာပူးအသင်းသည် အသင်းမှ ဂျိုးလ်မာတစ်၏ နေရာကို အစားထိုးရန် အဆိုပါ ကစားသမားကို ဆက်သွယ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

မန်ယူအသင်းအနေဖြင့် ကူလီဘာလီကို အသင်းခေါင်းဆောင်မက်ဂွိုင်းယားနှင့် ကာလရှည် တွဲဖက်ကစားစေလိုသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ●




ချန်ပီယံလိဂ်ပွဲစဉ် လီဗာပူးနှင့် နာပိုလီပွဲစဉ်မှ ကူလီဘာလီ (ဝဲ)၊ နည်းပြ ဂျာဂျင်ကလော့၊ ဗန်ဒိုက်(ယာ)တို့ကို တွေ့ရစဉ်။

လာအိုနိုင်ငံတွင် ကိုဗစ်–၁၉ မှ ပြန်လည်ကောင်းမွန်လာပြီးနောက် ရောဂါပိုးထပ်မံတွေ့ရှိ

စာ » ၁၂

အမေရိကန်က Remdesivir ဆေးကို အရေးပေါ်ဆေးအဖြစ် တရားဝင်အသုံးပြုခွင့်ပေး

စာ » ၁၃

COVID – 19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

စာ » ၁၅

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

မြန်မာ့အလင်း
တနင်္ဂနွေ၊ မေ ၃၊ ၂၀၂၀

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များ



ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ

❐ တွေ့ဆုံမေးမြန်း - နန္ဒာဝင်း၊ ဓာတ်ပုံ - တာရာ

**ပြည်သူကိုဗဟိုပြုသည့် ကောင်းမွန်သော အုပ်ချုပ်ရေးယန္တရား တည်ဆောက်ရေးဟူသည့် မျှော်မှန်းချက်နှင့်အညီ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ နိုင်ငံတော်အစိုးရ၏ မူဝါဒများ အကောင်အထည်ဖော်ရေး၊ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ဖော်ဆောင်ရေးနှင့် ပြည်သူဗဟိုပြုဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးဟူသော ရည်မှန်းချက် တာဝန် (၄) ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဖြစ်သည်။**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)ကို စီမံရေးရာဌာန၊ အထွေထွေဌာန၊ မြေယာဌာန၊ ယစ်မျိုးနှင့်အခွန်ဌာန၊ လေ့ကျင့်ရေးနှင့် သုတေသနဌာန၊ ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ နိုင်ငံတကာရေးရာဌာနစသည့် ဌာန ခုနစ်ခုနှင့် အုပ်ချုပ်ရေး ပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း တစ်ကျောင်းတို့ဖြင့် ဖွဲ့စည်းထားရှိသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် နိုင်ငံတော်၏ အဓိကကျသည့် အုပ်ချုပ်ရေး ယန္တရားတည်ဆောက်ရေးတွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို စံနမူနာပြ ဆောင်ရွက်ပေးရန်၊ ကိုယ်ကျိုးစီးပွားနှင့် အဂတိကင်းစင်အောင် စာရိတ္တမဏ္ဍိုင်ကို ခိုင်ခိုင်မာမာတည်ဆောက်ကြရန်တို့ကို ပြည်သူနှင့် တစ်သားတည်းရပ်တည်ပြီး ဥပဒေ စည်းမျဉ်း စည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးတင်မြင့်နှင့် တာဝန်ရှိသူများကို တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည် -

**ဦးတင်မြင့် (ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**

နိုင်ငံတော်အစိုးရရဲ့ စတုတ္ထ (၁) နှစ်တာကာလအတွင်း နိုင်ငံတော်အတွင်း လယ်ယာမြေနဲ့ အခြားမြေတွေ သိမ်းဆည်းခံရမှုတွေကြောင့် ပြည်သူတွေ နစ်နာမှုမရှိစေဖို့အတွက် မြေသိမ်းဆည်းမှုပြဿနာတွေကို လျင်လျင်မြန်မြန် ဖြေရှင်းဆောင်ရွက်နိုင်ဖို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဥက္ကဋ္ဌအဖြစ် ဦးဆောင်တဲ့ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီကို နိုင်ငံတော်သမ္မတရုံးက ၂၀၁၆ ခုနှစ် မေလ ၅ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၆)ဖြင့် ဖွဲ့စည်းခဲ့ပြီး ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၂၁/ ၂၀၁၉)နဲ့ ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။

ပြင်ဆင်ဖွဲ့စည်းခဲ့မှုအရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးက အတွင်းရေးမှူးအဖြစ် ပါဝင်ဖွဲ့စည်းထားရှိပြီး ကော်မတီရဲ့ ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်တွေကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက Focal Ministry အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

မြေစစ်ဗဟိုကော်မတီအနေနဲ့ မြေသိမ်းဆည်းမှုကိစ္စရပ်တွေ ဖြေရှင်းဆောင်ရွက်ရာမှာ အမြန်ဆုံးဖြေရှင်းဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံတော်က သိမ်းဆည်းတဲ့လယ်ယာမြေနဲ့ အခြား မြေတွေကို မူလမြေပိုင်ရှင်တွေက ပြန်လည်လျှောက်ထားတဲ့ကိစ္စရပ်နဲ့ စပ်လျဉ်းတဲ့ မူဝါဒ ၁၀ ရပ်၊ တပ်မြေသိမ်းဆည်းမှုနဲ့စပ်လျဉ်းတဲ့ မူဝါဒ ၃ ရပ်၊ သိမ်းဆည်းမြေတွေကို ပြန်လည်ပေးအပ်ဖို့လျှောက်ထားလာခြင်းတွေနဲ့ စပ်လျဉ်းတဲ့ စိစစ်ဖို့အချက် ၄ ချက်နဲ့ စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့ပြင် စွန့်လွှတ်နိုင်ခြင်းမရှိတဲ့ သိမ်းဆည်းမြေတွေနဲ့စပ်လျဉ်းတဲ့ စိစစ်ရန်အချက် ၅ ချက်၊ သိမ်းဆည်းထားတဲ့ဌာနမှ စွန့်လွှတ်တဲ့ သိမ်းဆည်းမြေတွေနဲ့စပ်လျဉ်းတဲ့ စိစစ်ရန်အချက် (၆) ချက်၊ စွန့်လွှတ်တဲ့မြေတွေ သက်ဆိုင်သူလက်ဝယ် အမြန်ရောက်ရှိရေး လုပ်ငန်းစဉ် (၉) ရပ်၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ကော်မတီတွေက အလေးထားဆောင်ရွက်ဖို့ အချက် (၁၅) ချက်စတဲ့

*အချပ်ပို(ခ)သို့*



အထွေထွေအုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးဆိုင်ရာ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။

**ယခုအစိုးရလက်ထက်မှာ ပြည်ထောင်စုလွှတ်တော်၊ လယ်ယာမြေနဲ့ အခြားမြေတွေ သိမ်းဆည်းခံရမှုတွေကြောင့် ပြည်သူတွေ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်ရဲ့ အစီရင်ခံစာ အပိုင်း(၁)မှ (၁၈)အထိ စွန့်လွှတ်မြေတွေနဲ့စပ်လျဉ်းတဲ့ ယခင်မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ လက်ထက် လွှဲပြောင်းရန် ကျန်စိစစ်ဆဲမြေ ၁၈၆၈၈ ဧကအနက် စိုက်ပျိုးမြေ ၈၆၅၈ ဧကနဲ့ အခြားမြေ ၈၂၀၉ ဧက ရှိခဲ့ပါတယ်**

*အချပ်ပို(က) မှ*

မူဝါဒ၊ လုပ်ငန်းစဉ် (၅၂) ချက်နဲ့အညီ စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။

မြေစစ်ဗဟိုကော်မတီအနေနဲ့ ပြည်ထောင်စုလွှတ်တော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုတွေကြောင့် ပြည်သူတွေ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်ရဲ့ အစီရင်ခံစာအပိုင်း(၁)မှ (၁၈) အထိ တိုင်ကြားစာတွေနဲ့စပ်လျဉ်းပြီး အရင်က မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီ လက်ထက် ကျန်ရှိနေတဲ့ တိုင်ကြားစာ အမှုတွဲပေါင်း ၄၀၇၂ တွဲအနက် အမှုတွဲပေါင်း ၃၈၄၂ တွဲကို စိစစ်ဖြေရှင်းနိုင်ခဲ့ပါတယ်။ ကျန်အမှုတွဲ ၂၃၀ ကို ဆက်လက် စိစစ်ဆဲဖြစ်တဲ့အတွက် ရာခိုင်နှုန်းအားဖြင့် ၉၄ ဒသမ ၃၅ ရာခိုင်နှုန်း စိစစ်ဖြေရှင်းပြီး ဖြစ်ပါတယ်။

မြေစစ်ဗဟိုကော်မတီကို လိပ်မူ တိုင်ကြားလာတဲ့ တိုင်ကြားစာအမှုတွဲပေါင်း ၈၂၉၃ တွဲကို နေပြည်တော်နဲ့ တိုင်းဒေသကြီး/ပြည်နယ်ကော်မတီတွေကို ပေးပို့စိစစ်စေခဲ့ပါတယ်။ မတ်လ ၁၃ ရက်အထိ အမှုတွဲ ၄၄၂၃ တွဲကို စိစစ်ဖြေရှင်းနိုင်ခဲ့ပြီး ကျန်အမှုတွဲ ၃၈၇၀ ကို ဆက်လက်စိစစ်ဆဲဖြစ်တဲ့အတွက် ရာခိုင်နှုန်းအားဖြင့် ၅၃ ရာခိုင်နှုန်း စိစစ်ဖြေရှင်းပြီး ဖြစ်ပါတယ်။

စိစစ်ဆောင်ရွက်ဆဲအမှုတွဲတွေကို အမြန်ဆုံး ပြီးပြတ်အောင် စိစစ်ဆောင်ရွက်သွားဖို့ နေပြည်တော်နဲ့ တိုင်းဒေသကြီး/ ပြည်နယ်ကော်မတီတွေကို အကြောင်းကြားထားရှိပြီး ဖြစ်ပါတယ်။

ယခုအစိုးရလက်ထက်မှာ ပြည်ထောင်စုလွှတ်တော်၊ လယ်ယာမြေနဲ့ အခြားမြေတွေ သိမ်းဆည်းခံရမှုတွေကြောင့် ပြည်သူတွေ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်ရဲ့ အစီရင်ခံစာအပိုင်း(၁)မှ (၁၈)အထိ စွန့်လွှတ်မြေတွေနဲ့စပ်လျဉ်းတဲ့ ယခင်မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီ လက်ထက် လွှဲပြောင်းရန် ကျန်စိစစ်ဆဲမြေ ၁၈၆၈၈ ဧကအနက် စိုက်ပျိုးမြေ ၈၆၅၈ ဧကနဲ့ အခြားမြေ ၈၂၀၉ ဧကရှိခဲ့ပါတယ်။

## လွှဲပြောင်းပေးနိုင်ခဲ့

ယခုမြေစစ်ဗဟိုကော်မတီလက်ထက်တွင် စိုက်ပျိုးမြေ ၂၃၂၃၂ ဧက၊ အခြားမြေဧက ၆၉၄၇၀ စုစုပေါင်း ၉၂၇၀၂ ဧကကို လွှဲပြောင်းပေးနိုင်ခဲ့တဲ့အတွက် ယခုအစိုးရလက်ထက်မှာ စိုက်ပျိုးမြေဧက ၃၁၈၉၀ နဲ့ အခြားမြေ ၇၇၆၇၉ ဧက စုစုပေါင်း ၁၀၉၅၆၉ ဧကကို လွှဲပြောင်းပေးနိုင်ခဲ့ပါတယ်။

ဒါကြောင့် ကော်မတီ (၂)ရပ်ပေါင်း စိုက်ပျိုးမြေ ၂၆၃၃၀၉ ဧကနဲ့ အခြားမြေ ၂၅၂၉၇၉ ဧက စုစုပေါင်း ၅၁၆၂၈၈ ဧက လွှဲပြောင်းပေးနိုင်ခဲ့ပြီး လွှဲပြောင်းဖို့ကျန်ရှိတဲ့မြေ ၁၁၄၇၅ ဧက လွှဲပြောင်းနိုင်ရေးကို စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။

သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ အဖွဲ့အစည်းတွေက ပြန်လည်စွန့်လွှတ်အပ်နှံထားပြီး မူလတောင်သူတွေထံ ပြန်လည်လွှဲပြောင်းပေးနိုင်ဖို့အတွက် လက်ရှိစိစစ်ဆဲမြေ ၁၁၄၇၅ ဧကနဲ့ ထပ်မံစွန့်လွှတ်အပ်နှံလာတဲ့ မြေတွေထဲက မူလတောင်သူထံ လွှဲအပ်နိုင်တဲ့မြေတွေကို ဥပဒေ၊လုပ်ထုံးလုပ်နည်းတွေနဲ့အညီ အမြန်ဆုံး ဆက်လက် လွှဲပြောင်းပေးနိုင်ရေး စိစစ်ကြပ်မတ်ဆောင်ရွက်သွားဖို့ နေပြည်တော်နဲ့ တိုင်းဒေသကြီး/ပြည်နယ် ကော်မတီတွေသို့ အကြောင်းကြားထားရှိပြီးဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတနဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့ရဲ့ လမ်းညွှန်ချက်တွေနဲ့အညီ လယ်ယာမြေနဲ့ အခြားမြေတွေ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကိစ္စရပ်တွေနဲ့ပတ်သက်ပြီး ရှေ့ဆက်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေကို ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာတွေကတစ်ဆင့် ပြည်သူလူထုထံကို အသိပေးဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။

နိုင်ငံတော်အတွင်းမှာရှိတဲ့ လယ်ယာမြေနဲ့ အခြားမြေတွေ သိမ်းဆည်းခံရမှုကြောင့် ပြည်သူတွေ နစ်နာမှုမရှိစေဖို့ မြေသိမ်းဆည်းမှုပြဿနာတွေကို ပြီးပြတ်အောင် ဖြေရှင်းဆောင်ရွက်နိုင်ဖို့အတွက် မြေစစ်ဗဟိုကော်မတီရဲ့ Focal Ministry အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနမှ တာဝန်ယူပြီး ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

## မဟာဗျူဟာ (၃)ရပ်ချမှတ်

မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီကူးပြောင်းရေးနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကဏ္ဍတွေမှာ ပြုပြင်ပြောင်းလဲရေးနဲ့ပတ်သက်လို့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ ပြည်သူဗဟိုပြု ပြုပြင်ပြောင်းလဲမှု၊ အစိုးရဌာနတွေရဲ့ စီမံအုပ်ချုပ်မှု တိုးတက်ရေးနဲ့ ကောင်းမွန်တဲ့ ပြည်သူ့ဝန်ဆောင်မှု စွမ်းရည်မြှင့်တင်ရေးဆိုတဲ့ မဟာဗျူဟာ (၃)ရပ်ချမှတ်ပြီး ကောင်းမွန်တဲ့ အုပ်ချုပ်မှု (Good Governance)နဲ့ သန့်ရှင်းတဲ့အစိုးရ (Clean Government) အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။

ဒေသန္တရအုပ်ချုပ်မှု ပိုမိုအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် "Good Local Governance and People Centered Services" အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၃ ခုနှစ် ဩဂုတ်လ ၁၇ ရက်နဲ့ ၁၈ ရက်မှာ နေပြည်တော်ရှိ MICC II မှာ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ UNDP တို့ ပူးပေါင်းပြီး ကျင်းပခဲ့ပါတယ်။



ဒုတိယဝန်ကြီး ဦးတင်မြင့်

ဒီအလုပ်ရုံဆွေးနွေးပွဲက ထွက်ပေါ်လာတဲ့ရလဒ်တွေ၊ အကြံပြုချက်တွေနဲ့ ရှေ့ဆက်သွားမယ့် လုပ်ငန်းစဉ်တွေအရ ဒေသန္တရအုပ်ချုပ်မှု လေ့လာဆောင်ရွက်ခြင်းလုပ်ငန်းစဉ် (Local Governance Mapping) တွေကို အပိုင်း (၃) ပိုင်းခွဲပြီး ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအထိ တိုင်းဒေသကြီး/ ပြည်နယ် ၁၄ ခုမှာ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် မေလ ၂၄ ရက်နဲ့ ၂၅ ရက်တွေမှာ နေပြည်တော် MICC II မှာ မြန်မာနိုင်ငံ ကောင်းမွန်တဲ့ အုပ်ချုပ်မှုလုပ်ငန်းစဉ်ဆိုင်ရာဖိုရမ်" Myanmar Good Governance Forum" ကို ပြည်ထဲရေးဝန်ကြီးဌာနနဲ့ UNDP တို့ ပူးတွဲကျင်းပခဲ့ပါတယ်။

ဒီ Forumရဲ့ နောက်ဆက်တွဲလုပ်ငန်းစဉ်အဖြစ် မြန်မာနိုင်ငံရဲ့ကောင်းမွန်တဲ့ အုပ်ချုပ်မှု လုပ်ငန်းစဉ်တစ်ရပ်ရဲ့ အစိတ်အပိုင်းဖြစ်တဲ့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေ (One Stop Shops)ကို ပြည်သူတို့ရဲ့ အခြေခံလိုအပ်ချက်တွေ ဖြည့်ဆည်းဆောင်ရွက်ရာမှာ အဆင်ပြေချောမွေ့စေတဲ့ ဝန်ဆောင်မှုတွေ ဆောင်ရွက်ပေးနိုင်ဖို့၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုတွေကို တားမြစ်ပြီး ထိရောက်တဲ့ဝန်ဆောင်မှု အလေ့အကျင့်တွေကို ပြုစုပျိုးထောင်ပေးနိုင်ဖို့၊ ပြည်သူတွေက အစိုးရနဲ့ဌာနဆိုင်ရာတွေအပေါ် အားကိုးယုံကြည်မှုတိုးပွားစေဖို့နဲ့ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေနဲ့ ဦးစီးဌာနတွေ အလိုက် အပြန်အလှန်ထိန်းကျောင်းမှုတွေကို အထောက်အကူပြုနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်(၄)ရပ်နဲ့ ပြည်သူ့ဝန်ဆောင်မှုရုံးကို ၂၀၁၅ ခုနှစ် ဇူလိုင်လ ၇ ရက်မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။

ပြည်သူ့ဝန်ဆောင်မှုရုံးတွေ ထူထောင်ဖွင့်လှစ် အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကို ၂၀၁၅ ခုနှစ် မေလ ၂၀ ရက်မှာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးနဲ့ အဖွဲ့ဝင် ၁၄ ဦး ပါဝင်တဲ့အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shops) တွေ ထူထောင်ဖွင့်လှစ် အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၃၁ ရက် မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က တွဲဖက်အတွင်းရေးမှူး၊ အမြဲတမ်းအတွင်းဝန်၊ စည်ပင်သာယာရေး ကော်မတီတွေက ဌာနမှူးတွေပါဝင်ပြီး စုစုပေါင်း ၁၅ ဦးနဲ့ ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါတယ်။

တိုင်းဒေသကြီး/ ပြည်နယ်တွေနဲ့ နေပြည်တော်မှာ (OSS) ရုံးတွေ ထူထောင်ဖွင့်လှစ် အကောင်အထည်ဖော်ရေး ဆပ်ကော်မတီ ကို ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၁ ရက်မှာ ဖွဲ့စည်းခွင့်ပြုခဲ့ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး/ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှာ ခရိုင်/မြို့နယ် ဆပ်ကော်မတီတွေဖွဲ့စည်းပြီး လုပ်ငန်းတွေ အောင်မြင်အောင် ကြိုးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူ့ဝန်ဆောင်မှုရုံး(OSS)နဲ့ ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်တွေက စိတ်ဝင်စားတဲ့အတွက် ပြည်သူ့ဝန်ဆောင်မှုရုံးတွေ အောင်မြင်စေဖို့၊ ပြည်သူတွေ ပိုမိုဝန်ဆောင်မှုပေးနိုင်ဖို့စတာတွေကို သိလိုတဲ့အတွက် မေးမြန်းတာ၊ စိတ်ဝင်တစား သွားရောက်ကြည့်ရှုတာတွေကို တွေ့ရှိရပါတယ်။

## ပြည်သူ့ဝန်ဆောင်မှုရုံးတွေ ဖွင့်လှစ်

ပြည်သူတွေရဲ့ အခြေခံလိုအပ်ချက်တွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့အတွက် ပြည်သူ့ဝန်ဆောင်မှုရုံးတွေကို ပထမအဆင့်အနေနဲ့ ခရိုင်ရုံးစိုက်ရာ မြို့နယ် ၇၂ ခုမှာ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၇ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ဒုတိယအဆင့်အနေနဲ့ အခြားမြို့နယ်တွေမှာ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၂ ရက်မှာ ဆက်လက်ဖွင့်လှစ်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ရှိတဲ့ မြို့နယ်ပေါင်း ၃၃၀ မှာ နယ်မြေအခြေအနေနဲ့ ဒေသအနေအထားအရ မဖွင့်လှစ်နိုင်တဲ့ရုံး ၁၄ ရုံးကလွဲရင် ရုံးပေါင်း ၃၁၆ ရုံးကို ဖွင့်လှစ်နိုင်ခဲ့ပြီး ဝန်ဆောင်မှုပေးနေတဲ့ဌာန ၂၇ ခုနဲ့ ဝန်ဆောင်မှုအမျိုးအစား ၁၅၆ မျိုးကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဝန်ဆောင်မှုအနေနဲ့ ၂၀၁၅ ခုနှစ် ဇူလိုင်လမှ ၂၀၁၆ ခုနှစ်အထိ ၁၅၅၇၇၆၁ ခု၊ ၂၀၁၇ ခုနှစ်မှာ ၁၂၃၉၅၉၁ ခု၊ ၂၀၁၈ ခုနှစ်မှာ ၁၄၁၁၄၅၆ ခု၊ ၂၀၁၉ ခုနှစ် ၁၃၉၉၀၇၄ ခု ဝန်ဆောင်မှုပေးနိုင်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်က ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ၁၉၇၁၃၁ ခုနဲ့ အများဆုံးဝန်ဆောင်မှုပေးနိုင်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ၁၉၄၀၅၄ ခုနဲ့ ဒုတိယအများဆုံး ဝန်ဆောင်မှုပေးနိုင်ခဲ့ပါတယ်။

ပြည်သူ့ဝန်ဆောင်မှုရုံးမှာရှိတဲ့ ဌာနတွေက ဦးဆောင်ပြီး Mobile Service Delivery နဲ့ ရပ်ကွက်/ ကျေးရွာတွေအထိ ကွင်းဆင်းဆောင်ရွက်ခဲ့ပါတယ်။ ဒီလို ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူတွေ အချိန်ကုန်၊ ငွေကုန်သက်သာစေခြင်း၊ ပြည်သူတွေထံသွားရောက် ဆောင်ရွက်ပေးခြင်းဖြစ်တဲ့အတွက် ပြည်သူတွေ စိတ်ကျေနပ်မှုရရှိစေခြင်း၊ ပြည်သူတွေရဲ့ လိုလားချက်တွေကို ကြားသိရခြင်း၊ အစိုးရနဲ့ဌာနဆိုင်ရာတွေအပေါ် ပြည်သူတွေက အားကိုးယုံကြည်မှု ပိုမိုရရှိလာစေခြင်း၊ ဌာနပေါင်းစုံ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ပြည်သူတွေ ဗဟုသုတ ပိုမိုရရှိစေခြင်းစတဲ့ အကျိုးကျေးဇူးတွေ ရရှိစေနိုင်ပါတယ်။

ဒီလို ကွင်းဆင်းဆောင်ရွက်မှုတွေကို ၂၀၁၉ ခုနှစ်မှာ Mobile Service Delivery နဲ့ ၁၈၆၅ ကြိမ် ကွင်းဆင်းဆောင်ရွက်နိုင်ခဲ့ပြီး ဝန်ဆောင်မှုအရေအတွက် ၁၉၆၁၁၅ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ပြည်သူ့ဝန်ဆောင်မှုရုံးတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် UNDP နဲ့ ပူးပေါင်းပြီး ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နဲ့ ၂၄ ရက်မှာ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးမှာ ကျင်းပခဲ့ပါတယ်။ ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို မွန်ပြည်နယ် သထုံမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးမှာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နဲ့ ၁၃ ရက်၊ တတိယအကြိမ်ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်မှာ နေပြည်တော် Park Royal ဟိုတယ်နဲ့ စတုတ္ထအကြိမ်ကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ City Park ဟိုတယ်မှာ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၃၁ ရက်မှ နိုဝင်ဘာလ ၁ ရက်အထိ ကျင်းပခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shops)တွေ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာအတွေ့အကြုံတွေရရှိဖို့အတွက် UNDP အကူအညီနဲ့ OSS ရုံးတွေ ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီတွဲဖက် အတွင်းရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဆောင်တဲ့ ကိုယ်စားလှယ် ၃၉ ဦး ပါတဲ့အဖွဲ့ဟာ One Stop Shops လုပ်ငန်းတွေ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ မွန်ဂိုလီးယားနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတွေကို ၂၀၁၅ ခုနှစ် ဇွန်လ ၂၂ ရက်မှ ဇူလိုင်လ ၃ ရက်အထိ လေ့လာရေးခရီး သွားရောက်ခဲ့ပါတယ်။

ဒ့ါပြင် ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဆောင်တဲ့ အဖွဲ့ဝင် ၃၆ ဦး ပါဝင်တဲ့အဖွဲ့က ကမ္ဘောဒီးယားနိုင်ငံရဲ့ One Window Service Office တွေကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်မှ ဒီဇင်ဘာလ ၂ ရက်အထိ သွားရောက်လေ့လာခဲ့ပါတယ်။

ပြည်သူ့ဝန်ဆောင်မှုရုံး(OSS)တွေမှာရှိတဲ့ ကြီးကြပ်သူအရာရှိတွေ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးအတွက် သင်တန်း ၆ ကြိမ် ကျင်းပခဲ့ပါတယ်။

*အချပ်ပို(ဂ) သို့*



မြို့လူထုတွေ့ဆုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ



*အချပ်ပို (ခ) မှ*

ပထမနဲ့ ဒုတိယအကြိမ်မှာ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီး အရာရှိ ၃၆ ဦးစီ၊ တတိယနဲ့ စတုတ္ထအကြိမ် မှာ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ၁၂၂ ဦးစီ၊ ပဉ္စမအကြိမ်မှာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ၁၀၀ နဲ့ ဆဋ္ဌမ အကြိမ်မှာ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ၁၀၄ ဦးကို သင်တန်းပေးနိုင်ခဲ့ပြီး ပြည်သူ့ ဝန်ဆောင်မှုရုံးတွေ ပိုမိုတိုးတက်အောင်မြင် အောင် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။

### ပြည်သူ့ဝန်ဆောင်မှုရုံးများတွင် ဆောင်ရွက်ပေးနေမှု အခြေအနေ

ပြည်သူ့ဝန်ဆောင်မှုရုံးတွေ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် လက်တွေ့နယ်ပယ်မှာ ထိထိရောက်ရောက် အသုံးချဆောင်ရွက်နိုင်ဖို့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း လမ်းညွှန်စာအုပ်ကို ရေးဆွဲဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာဌာနတွေက ဝန်ဆောင်မှုလုပ်ငန်းတွေပေးဖို့ သဘောထားမှတ်ချက် ပေးပို့ထားရှိပြီး ဖြစ်ပါတယ်။

ပြည်သူ့ဝန်ဆောင်မှုရုံးတွေမှာ ပြည်သူတွေဝန်ဆောင်မှုရယူရာမှာ လိုအပ်တဲ့ အချက်အလက်တွေပြည့်စုံရင် သက်ဆိုင်ရာဌာနဝန်ထမ်းက တာဝန်ခံပြီး ဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်ပေးတာဖြစ်တဲ့အတွက် ပြည်သူ့ဝန်ဆောင်မှုရုံးတွေ ပိုမိုအောင်မြင်လာနိုင်ပါတယ်။ ဒီလိုဖြစ်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေက အားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့နဲ့ လုပ်ထုံးလုပ်နည်းတွေ ဖြေလျှော့ပေးဖို့ လိုအပ်နေတာကို တွေ့ရပါတယ်။ ဒါ့ပြင် သက်ဆိုင်ရာ ဝန်ကြီးဌာနတွေက လိုအပ်ချက်တွေ ဖြည့်စွက်ပေးထားပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း လမ်းညွှန်စာအုပ်ကို ထုတ်ဝေနိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူ့ဝန်ဆောင်မှုရုံးတွေကို ပြည်သူတွေ သိရှိနိုင်ဖို့အတွက် လက်ကမ်းစာစောင်တွေ ဖြန့်ဝေပေးခြင်း၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးရုံးတွေမှာ ကြော်ငြာဆိုင်းဘုတ်တွေ ထားရှိခြင်း၊ ပြည်သူ့ဝန်ဆောင်မှုရုံးတွေမှာလည်း သက်ဆိုင်ရာဌာနအလိုက် ဝန်ဆောင်မှုပေးနေတဲ့ လုပ်ငန်းစဉ်တွေကို ဗီနိုင်း ချိတ်ဆွဲအသိပေးထားခြင်း၊ ရပ်ကွက်/ ကျေးရွာတွေအထိ ပြည်သူတွေ လက်လှမ်းမီစေဖို့ Mobile Service Delivery နဲ့ ကွင်းဆင်းဆောင်ရွက်ပေးခြင်းတို့အပြင် ပြည်သူ့ဝန်ဆောင်မှုရုံး လုပ်ငန်းလမ်းညွှန်စာအုပ် ထုတ်ဝေပြီးစီးပါက သတင်းအချက်အလက်တွေကို အများပြည်သူအကြား အလွယ်တကူရောက်ရှိစေဖို့ Mobile Phone Application နဲ့ ဖြန့်ဝေတာတွေ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြည်သူတွေ အချိန်နဲ့ငွေကြေးသက်သာစွာ တစ်နေရာတည်းမှာ ဝန်ဆောင်မှုရယူနိုင်စေခြင်း၊ ဝန်ဆောင်မှုရယူရာမှာ ပိုမိုလွယ်ကူကောင်းမွန်လာခြင်း၊ အဂတိလိုက်စားမှုနဲ့ ကြိုးနီစနစ်ကို လျော့ကျသွားစေခြင်း၊ သတင်းအချက်အလက်တွေ ပိုမိုပွင့်လင်းမြင်သာမှု ရှိလာစေခြင်း၊ ဗဟိုချုပ်ကိုင်မှုစနစ်ကို လျော့ကျသွားစေခြင်း၊ ဝန်ဆောင်မှုဆိုင်ရာ သတင်းအချက်အလက်တွေ ပေးခြင်း၊ ပြည်သူလူထုရဲ့ တောင်းဆိုမှုတွေကို အတတ်နိုင်ဆုံး ဆောင်ရွက်ပေးခြင်း၊ ပြည်သူလူထုရဲ့ သဘောထားအမြင် ကောင်းမွန်လာခြင်း၊ ဝန်ထမ်းတွေရဲ့ အရည်အသွေးနဲ့ တာဝန်ယူနိုင်မှု တိုးတက်လာခြင်း၊ အစိုးရအဖွဲ့အစည်းတွေအတွင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်ခြင်းနဲ့အတူ ဌာနတွေရဲ့ ဂုဏ်သိက္ခာ တိုးတက်ကောင်းမွန်လာမှာ ဖြစ်ပါတယ်။

ပြည်သူ့ဝန်ဆောင်မှုရုံးတွေ ထူထောင်ဖွင့်လှစ် အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအနေနဲ့ ပြည်သူ့ဝန်ဆောင်မှုရုံး(OSS) လုပ်ငန်းတွေ အရှိန်အဟုန်နဲ့ ပိုမိုဆောင်ရွက်လာနိုင်အောင် ဆောင်ရွက်လျက်ရှိသလို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရတို့အကြား ပိုမိုဆက်သွယ်ဆောင်ရွက်ဖို့ကို စည်းရုံးဆောင်ရွက်လျက်ရှိပါတယ်။

### ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့

နိုင်ငံတကာအဖွဲ့အစည်းတွေထံ နည်းပညာနဲ့ အခြားသောအကူအညီတွေ ပိုမိုရရှိစေဖို့နဲ့ OSS လုပ်ငန်းဆောင်ရွက်ရာမှာ ဌာနအလိုက် ကြုံတွေ့ရတဲ့ အားနည်းချက်တွေကို လေ့လာဆန်းစစ် အားသာချက်တွေ အဖြစ်ပြောင်းလဲပြီး (OSS)ဝန်ဆောင်မှုလုပ်ငန်းတွေ ယခုထက် ပိုမိုထိရောက်အောင်မြင်ဖို့ စတုတ္ထ (၁) နှစ်တာကာလအတွင်း ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ဦးဆောင်ဝန်ကြီးဌာနအဖြစ် ဆောင်ရွက်နေတဲ့ ပြည်သူ့ဝန်ဆောင်မှုရုံးတွေ ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေမှာ ပူးပေါင်းဆောင်ရွက်ကြဖို့ ပြောကြားလိုပါတယ်။

**ဦးမြင့်သန်း (ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ကို စတင်ရောက်ရှိခဲ့ပါတယ်။ ရောက်ရှိချိန်မှစပြီး **“ပြုပြင်ပြောင်းလဲမှုအစ ထွေအုပ်က”** ဆောင်ပုဒ်ကို ချမှတ်ပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအောက်ကို ရွှေ့ပြောင်းတာဝန်ထမ်းဆောင်ပြီးနောက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာလုပ်ငန်းစဉ်တွေ စနစ်တကျဆောင်ရွက်နိုင်ဖို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အငြိမ်းစား



ဦးမြင့်သန်း (ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)

အရာရှိကြီးတွေ၊ နယ်ပယ်ဆိုင်ရာကျွမ်းကျင်ပညာရှင်တွေ၊ တိုင်းဒေသကြီး/ ပြည်နယ် အုပ်ချုပ်ရေးမှူးတွေ၊ ခရိုင်အုပ်ချုပ်ရေးမှူးတွေ ပါဝင်တဲ့ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်မှ ၂၈ ရက်အထိ နေပြည်တော်မှာ ကျင်းပခဲ့ပါတယ်။

ဒီအလုပ်ရုံဆွေးနွေးပွဲမှာ ပြုပြင်ပြောင်းလဲရေးနဲ့ပတ်သက်တဲ့ ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါတယ်။ ရလဒ်တွေအနေနဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ မျှော်မှန်းချက်(Vision)၊ ရည်မှန်းချက်(Mission) ၄ ရပ်နဲ့ စံတန်ဖိုး (Value) ၆ ချက်တို့ကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။

အလားတူ ဖွံ့ဖြိုးမှုအစီအစဉ်တစ်ခုဖြစ်တဲ့ One State One Township Project ချမှတ်ဆောင်ရွက်ရေး၊ ပြဋ္ဌာန်းသတ်မှတ်ချက်တွေ ပြန်လည်သုံးသပ်ရေးအဖွဲ့ (Regulatory Review Unit – RRU) ဖွဲ့စည်းဆောင်ရွက်ရေး၊ အုပ်ချုပ်စီမံပုံ ပြုပြင်ပြောင်းလဲရေးအတွက် လုပ်ငန်းလမ်းညွှန်တွေ ပြုပြင်ပြောင်းလဲဖို့ Managerial Reform Unit – MRU ဖွဲ့စည်းရေးနဲ့ e–Government စနစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်စတဲ့ နယ်ပယ်အလိုက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ရည်မှန်းချက်တွေကို ဖော်ထုတ်ခဲ့ပါတယ်။

### ရုံးလုပ်ငန်းစနစ်တွေ ပုံမှန်လည်ပတ်နိုင်ရေး

ဒါ့ပြင် အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း (IDA) ပြုပြင်ပြောင်းလဲရေး၊ အသွင်သဏ္ဍာန်ပြုပြင်ပြောင်းလဲရေးနဲ့ အနှစ်သာရ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းစဉ်တွေကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။ ကြားကာလတွေမှာ ရုံးအဆောက်အဦပိုင်းဆိုင်ရာတွေ ပြောင်းရွှေ့ရေးကအစ ရုံးလုပ်ငန်းစနစ်တွေ ပုံမှန်လည်ပတ်နိုင်ရေးနဲ့ ပိုမိုထိရောက်တဲ့ ဝန်ဆောင်မှုတွေ ပေးနိုင်ရေးကို ဦးတည်ဆောင်ရွက်ခဲ့ကြပါတယ်။

ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၉ ရက်မှ ၃၀ ရက်အထိ နေပြည်တော်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲမှာ မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေး၊ လုပ်ထုံးလုပ်နည်းနဲ့ စီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေး၊ ဒေသဖွံ့ဖြိုးရေးနဲ့ လုပ်နည်းစနစ်ကောင်းတွေ တည်ဆောက်ရေးဆိုတဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ် ၃ ရပ်ကို အခြေခံပြီး လုပ်ငန်းစဉ်တွေအလိုက် ပါဝင်မယ့် နယ်ပယ် ၆ ခုကို ပိုင်းခြားဆွေးနွေးခဲ့ကြပါတယ်။

ဆွေးနွေးခဲ့ကြတဲ့ နယ်ပယ်တွေက နယ်ပယ် (၁) ပြဋ္ဌာန်းချက်တွေ ပြုပြင်ပြောင်းလဲရေး၊ နယ်ပယ် (၂) စီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေး၊ နယ်ပယ် (၃) ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေး၊ နယ်ပယ် (၄) အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း အဆင့်မြှင့်တင်ရေး၊ နယ်ပယ် (၅) ပြည်သူလူထုပါဝင်မှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု၊ တာဝန်ယူမှု၊ နယ်ပယ် (၆) တိုင်းဒေသကြီးနဲ့ ပြည်နယ် အစိုးရအဖွဲ့တွေ ထောက်ကူခြင်းစတဲ့ နယ်ပယ်တွေပါဝင်ပါတယ်။ ဒီနယ်ပယ်တွေကို တက်ရောက်လာတဲ့ နေပြည်တော်နဲ့ တိုင်းဒေသကြီး/ပြည်နယ် အုပ်ချုပ်ရေးမှူးတွေနဲ့ ခရိုင်အုပ်ချုပ်ရေးမှူးတွေက ဝိုင်းဝန်းဆွေးနွေး အတည်ပြုနိုင်ခဲ့ပါတယ်။

ဒီလုပ်ငန်းစဉ်အလိုက် နယ်ပယ်တွေဟာ MSDP ရဲ့မဏ္ဍိုင် ၁ ဖြစ်တဲ့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှုအပိုင်းမှာ ပါဝင်တဲ့ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လုံခြုံရေးနဲ့ ကောင်းမွန်တဲ့အုပ်ချုပ်မှုဆိုတဲ့ ပန်းတိုင် (၁) နဲ့လည်း ဆက်စပ်ပြီး ရေးဆွဲထားခြင်း ဖြစ်ပါတယ်။

### အထွေထွေအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေး မူဘောင်

အထွေထွေအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေး မူဘောင် (၂၀၁၉) ကို ရေးဆွဲအတည်ပြုထုတ်ပြန်နိုင်ခဲ့ပြီး ဆက်လက်အကောင်အထည်ဖော်လျက်ရှိပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟာ **ပြည်သူနှင့်အတူ** ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွေကို စံနမူနာပြဆောင်ရွက်နိုင်ရန်ဆိုတဲ့ မဟာဗျူဟာရည်မှန်းချက်နဲ့ အထွေထွေအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေး မူဘောင်(၂၀၁၉ )ကို ရေးဆွဲခဲ့ခြင်း ဖြစ်ပါတယ်။

မူဘောင်မှာ ရှေ့ကပြောကြားခဲ့တဲ့ နယ်ပယ် ၆ ရပ် ပါဝင်ပြီး မူဘောင်ပါ လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်တဲ့ အထွေထွေအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေးမူဘောင် အကောင်အထည်ဖော်ရေး ကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ မူဘောင်ပါ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွေအပေါ် ပူးပေါင်းဆောင်ရွက်လိုတဲ့ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ပါဝင်တဲ့ **“ပူးတွဲလုပ်ငန်းအဖွဲ့”** ကို ဖွဲ့စည်းထားပြီး မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ပထမ (၃) လပတ်ကာလအတွင်း အသွင်သဏ္ဍာန်အားဖြင့် ပြောင်းလဲမှုတွေကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မူဝါဒနဲ့ လုပ်ငန်းစဉ်တွေ ချမှတ်နိုင်ရေးနဲ့ ကျင့်သုံးလျက်ရှိတဲ့ ဥပဒေတွေ၊ နည်းဥပဒေတွေ၊ အမိန့်တွေ၊ ညွှန်ကြားချက်တွေ၊ လုပ်ထုံးလုပ်နည်းတွေကို ခေတ်စနစ်နဲ့ အညီ ဆီလျော်မှုဖြစ်စေဖို့ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ရေးဆွဲခြင်းတွေ ဆောင်ရွက်ရာမှာ အကြံပြုနိုင်ဖို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ အကြံပေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနရဲ့ ၂၀၁၉ ခုနှစ် မတ်လ ၁၂ ရက် ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၂၄/ ၂၀၁၉) နဲ့ ဖွဲ့စည်းထားပါတယ်။

ဒုတိယ (၃) လပတ်ကာလအတွင်း ဝန်ကြီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) ကို ဖွဲ့စည်းထားရှိပြီးဖြစ်ပါတယ်။ ပြည်သူတွေရဲ့ နစ်နာမှု၊ တိုင်ကြားမှုတွေကို တိုက်ရိုက်လက်ခံ ဖြေရှင်းပေးနိုင်ဖို့အတွက် ဝန်ကြီးရုံးဖွဲ့စည်းပုံမှာ တိုင်ကြားစာဌာနကို ထည့်သွင်းဖွဲ့စည်းထားရှိပါတယ်။ ဝန်ကြီးဌာန Website မှာ တိုင်ကြားစာကဏ္ဍ သီးခြားထည့်သွင်းပြီး အကြံပြုချက်နဲ့ တိုင်စာတွေကို လက်ခံစိစစ် ဆောင်ရွက်လျက် ရှိပါတယ်။

အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်းအနေနဲ့ အဆင့်မြှင့်တင်နိုင်ဖို့ ဖွဲ့စည်းပုံပြင်ဆင်ခြင်း၊ သင်ရိုးသင်ခန်းစာတွေကို ပြောင်းလဲဆောင်ရွက်လျက် ရှိပါတယ်။ ရပ်ကွက်/ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးတွေရဲ့ စွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းတွေ ဖွင့်လှစ်နိုင်ရေး၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတွေ ဆောင်ရွက်ရမယ့် တည်ဆဲဥပဒေတွေ၊ သတ်မှတ်ပေးထားတဲ့ လုပ်ငန်းတာဝန်တွေ ပြည့်ပြည့်စုံစုံပါဝင်တဲ့ ရပ်ကွက်/ကျေးရွာအုပ်စု လက်စွဲစာစောင် ရေးဆွဲပြုစုပြီး ရပ်/ကျေး အဆင့်အထိ အခမဲ့ ဖြန့်ဝေပေးနိုင်ရေးကို စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

### ဒေသဖွံ့ဖြိုးရေးစီမံကိန်း

နိုင်ငံတော်အစိုးရအနေနဲ့ ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေချိန်မှာ ကောင်းမွန်တဲ့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုရဲ့ အင်္ဂါရပ်တစ်ခု ဖြစ်တဲ့ ဒေသဖွံ့ဖြိုးရေးစီမံကိန်းတွေ ရေးဆွဲရာမှာ ပြည်သူတွေပါဝင်နိုင်မှု၊ အစိုးရနဲ့ ပြည်သူအကြား ကောင်းမွန်တဲ့ ဆက်ဆံရေး တစ်ရပ် ဖြစ်ပေါ်လာစေရေးမှာ အရေးကြီးတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။

အထွေထွေအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေး မူဘောင် (၂၀၁၉)၊ နယ်ပယ် (၅) ရဲ့ မျှော်မှန်းရလဒ်(၂) မြို့လူထုအစည်းအဝေး နည်းလမ်းတွေမှတစ်ဆင့် ပြည်သူ့ရေးရာ တာဝန်ခံယူမှုကို မြှင့်တင်ဆောင်ရွက်နိုင်တဲ့ အုပ်ချုပ်မှုစနစ်ကောင်းတစ်ရပ်ကို ဖော်ဆောင်နိုင်ဖို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးတွေရဲ့ လက်တွေ့ မြေပြင်အတွေ့အကြုံတွေ၊ အစိုးရမဟုတ်တဲ့ လူမှုအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ဖူးတဲ့ မြေပြင်အတွေ့အကြုံတွေ အပေါ် အခြေခံပြီး လက်တွေ့မြေပြင်မှာ မြို့လူထုတွေ့ဆုံပွဲ တွေ (Town Hall Meeting) ကျင်းပရာမှာ လိုက်နာဆောင်ရွက်သင့်တဲ့ ဆောင်ရန်ရှောင်ရန်အချက်တွေကို ဆွေးနွေးဖော်ထုတ်နိုင်ဖို့ ရည်ရွယ်တဲ့ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၆ ရက်မှ ၇ ရက်အထိ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်းမှာ မြို့နယ် အုပ်ချုပ်ရေးမှူး ၁၁၀ နဲ့ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။

ပြုပြင်ပြောင်းလဲရေး လုပ်ငန်းတွေ ဆောင်ရွက်ရာမှာ ပြုပြင်ပြောင်းလဲမှုစံနမူနာ မြို့နယ်တွေ ပေါ်ထွန်းလာစေဖို့နဲ့ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ပြီး တိုင်းဒေသကြီး / ပြည်နယ် တစ်ခု၊ မြို့နယ်တစ်ခု စီမံချက် (One State One Township Project) ကို တိုင်းဒေသကြီး/ ပြည်နယ်တွေမှာ ၂၀၁၉ ခုနှစ် ဧပြီလမှ စိတ်ကြိုက်ရွေးချယ်စေ၍ စတင်ဆောင်ရွက်ခဲ့ပါတယ်။

*အချပ်ပို (ဃ) သို့*



အထွေထွေအုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။

*အချပ်ပို (ဂ) မှ*

ဒီလိုဆောင်ရွက်ရာမှာလည်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရဲ့ စံတန်ဖိုး ၆ ရပ်နဲ့ ကိုက်ညီမှုရှိစေဖို့အပြင် ပြည်သူဗဟိုပြု ဝန်ဆောင်မှုလုပ်ငန်းတွေကို ပြည်သူနဲ့အတူ ဆောင်ရွက်နိုင်ရေးဆိုတဲ့ အဓိကအချက်တွေနဲ့ အညီ ဆောင်ရွက်ပါတယ်။

အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ်တွေဟာ ပြည်သူတွေအတွက် ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေ ပေးအပ်နိုင်တဲ့အစိုးရဖြစ်ဖို့နဲ့ ကောင်းမွန်တဲ့ အုပ်ချုပ်မှုလက္ခဏာတွေရှိတဲ့ အဖွဲ့အစည်းတစ်ရပ် ဖြစ်လာစေဖို့ ရည်ရွယ်ပြီး ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

ဒီနေရာမှာ ပြည်သူတွေကို ပိုမိုထိရောက်ကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေ ပေးအပ်နိုင်ဖို့အတွက် ခေတ်နဲ့မလျော်ညီတဲ့ ဥပဒေတွေ၊ နည်းဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေကို ပြင်ဆင်ရေးဆွဲလျက်ရှိသလို ပွင့်လင်းမြင်သာမှုရှိတဲ့ လုပ်ငန်းစဉ်တွေ ဖြစ်လာဖို့အတွက် လက်စွဲတွေ ပြုစုလျက်ရှိပါတယ်။ ဒါကဌာနရဲ့ အတွင်းမှာ ဆောင်ရွက်နေတဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွေ ဖြစ်ပါတယ်။

အလားတူ တစ်ဖက်ကလည်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေမှာ ပြည်သူတွေကိုယ်တိုင်ပါဝင်နိုင်တဲ့ နည်းလမ်းတွေကို ဖော်ထုတ်ထားပြီး ဖြစ်ပါတယ်။ မြို့လူထုတွေ့ဆုံပွဲတွေမှာ ပြည်သူတွေဟာ ဒေသဖွံ့ဖြိုးရေးကို ရည်ရွယ်တဲ့ အကြံဉာဏ်ကောင်းတွေ ပေးခြင်းဖြင့် တိုက်ရိုက်ပါဝင်ဆောင်ရွက်နိုင်မှာဖြစ်သလို တိုင်းဒေသကြီး/ ပြည်နယ် တစ်ခု၊ မြို့နယ်တစ်ခု စီမံချက်တွေမှာ ဌာနဆိုင်ရာတွေ၊ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ လက်တွဲပြီး ပါဝင်ဆောင်ရွက်နိုင်ပါတယ်။ လက်ရှိမှာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြပါတယ်။

## အုပ်ချုပ်ရေးယန္တရား

အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ်တွေဟာ ကျွန်တော်တို့ဌာနတစ်ခုတည်းသာမက နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးယန္တရားကြီး တစ်ခုလုံးမှာပါနေတဲ့ ဌာနအသီးသီးနဲ့ သက်ဆိုင်နေပါတယ်။ ထိရောက်တဲ့ အုပ်ချုပ်ရေး လုပ်ငန်းစဉ်တွေအတွက် တရားဥပဒေစိုးမိုးမှုရှိရေးနဲ့အတူ ရပ်ရွာအေးချမ်းသာယာရေးတို့ ခွဲမရတဲ့ယန္တရားရဲ့အစိတ်အပိုင်းတွေ ဖြစ်ပါတယ်။

သိသာမြင်သာတဲ့ ရလဒ်တွေထွက်ပေါ်ဖို့ အားလုံးမှာ တာဝန်ရှိသလို အုပ်ချုပ်ရေးဝန်ထမ်းတွေအနေနဲ့ မိမိကျရာကဏ္ဍက တာဝန်ကျေဖို့ကို တင်ပြချင်ပါတယ်။ အခြေခံအကျဆုံးအဆင့်မှာ ဆောင်ရွက်ကြရတဲ့ သူတွေဖြစ်လို့ ပြည်သူရဲ့လိုအပ်ချက်ကို မှန်ကန်တဲ့ နည်းလမ်းနဲ့ ဖြည့်ဆည်းဝန်ဆောင်မှုပေးနိုင်မယ်ဆိုရင် ပြည်သူကလက်ခံတဲ့ အုပ်ချုပ်ရေး အဖွဲ့အစည်းတစ်ခု ဖြစ်လာအောင် ကြိုးစားဆောင်ရွက်နေပါတယ်။

## ဦးညီညီမင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟာ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ နိုင်ငံတော်အစိုးရရဲ့ မူဝါဒတွေ အကောင်အထည်ဖော်ရေး၊ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ် ဖော်ဆောင်ရေးနဲ့ ပြည်သူဗဟိုပြုဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ရေးဆိုတဲ့ ရည်မှန်းချက်တာဝန် ၄ ရပ်ကို ပြည်သူကို ဗဟိုပြုတဲ့ ကောင်းမွန်သော အုပ်ချုပ်ရေးယန္တရား တည်ဆောက်ရေးဆိုတဲ့ မျှော်မှန်းချက်နဲ့အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဟာ ပင်မလုပ်ငန်းတာဝန်တွေဖြစ်တဲ့ မြေယာစီမံခန့်ခွဲခြင်းလုပ်ငန်း၊ ယစ်မျိုးစီမံခန့်ခွဲခြင်းလုပ်ငန်း၊ အခွန် (၄) မျိုး ကောက်ခံခြင်းလုပ်ငန်း၊ မြို့နဲ့ ကျေးရွာတွေ စနစ်တကျဖွံ့စည်းရေးလုပ်ငန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ အသင်းအဖွဲ့တွေ ဥပဒေနဲ့အညီ မှတ်ပုံတင်ခွင့်ပြုရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့ပြင် ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်တွေ ချီးမြှင့်အပ်နှင်းတာ၊ မရွှေ့မပြောင်းနိုင်တဲ့ ပစ္စည်းတွေ လွှဲပြောင်းတာကို ကန့်သတ်တဲ့ ဥပဒေဆိုင်ရာလုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဌာနက ကိုင်တွယ်ကျင့်သုံးလျက်ရှိတဲ့ ဥပဒေ၊ နည်းဥပဒေတွေနဲ့အညီ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါတယ်။

နေပြည်တော်၊ ရန်ကုန်မြို့တော်နဲ့ မန္တလေးမြို့တော် စည်ပင်သာယာရေး နယ်နိမိတ်တွေမှအပ အစိုးရကစီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ မြေတွေကို မြေယာစီမံခန့်ခွဲမှုဥပဒေနဲ့အညီ ဖြစ်စေရေးဆိုတဲ့ ရည်မှန်းချက်နဲ့ စီမံခန့်ခွဲဆောင်ရွက်လျက် ရှိပါတယ်။



ပြည်သူ့ဝန်ဆောင်မှုရုံး ထူထောင်ဖွင့်လှစ်၍ တိုင်းရင်းသားများအား ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေစဉ်။

အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနဟာ မြေယာစီမံခန့်ခွဲရေးနဲ့ပတ်သက်ပြီး ဌာနက စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ မြို့မြေ၊ ကျေးရွာမြေ၊ မြစ်ကမ်းသဲသောင်မြေ၊ ရေကန်မြေ၊ သုသာန်မြေ၊ ကျေးရွာဘုံမြေ၊ စားကျက်မြေနဲ့ သာသနာမြေ (အခွန်လွတ်သာသနာ့မြေ၊ ဗုဒ္ဓသိမ်မြေ) တွေကို ဌာနဆိုင်ရာတွေအတွက် မြေသိမ်းပေးခြင်း၊ မြေလွှဲပေးခြင်း၊ သာသနာရေးနဲ့ ဝင်ငွေမရှိသော လူမှုရေးလုပ်ငန်းတွေအတွက် သာသနာ့ဂရန်၊ အခွန်လွတ်မြေငှားဂရန် ထုတ်ပေးခြင်း၊ ဗုဒ္ဓသိမ် ဂရန်ထုတ်ပေးခြင်း၊ မြေငှားလိုင်စင် ထုတ်ပေးခြင်း၊ နှစ်တိုနှစ်ရှည် မြေငှားဂရန် ထုတ်ပေးခြင်း၊ သုသာန်မြေ သတ်မှတ်ခြင်းနဲ့ ပယ်ဖျက်ခြင်း၊ စားကျက်မြေသတ်မှတ်ခြင်းနဲ့ ပယ်ဖျက်ခြင်း၊ ကျေးရွာဘုံမြေ သတ်မှတ်ခြင်းနဲ့ ပယ်ဖျက်ခြင်း၊ မြေယာအငြင်းပွားမှုတွေ ဖြေရှင်းဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေက အသုံးမပြုတဲ့မြေတွေကို ပြန်လည်စွန့်လွှတ် အပ်နှံခြင်းနဲ့ နိုင်ငံခြားသားပိုင် မရွှေ့မပြောင်းနိုင်တဲ့ မြေယာကိစ္စတွေကို ဆောင်ရွက်လျက် ရှိပါတယ်။

စတုတ္ထ (၁) နှစ်တာ ကာလအတွင်း နိုင်ငံတော်အစိုးရအတွက် မြေသိမ်းကိစ္စရပ် ၄ ခုနဲ့ မြေလွှဲ ၁၇၃ ခုတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး သာသနာ့ဂရန် ၁၀၂ ခု၊ ဗုဒ္ဓသိမ် ၅၂ ခု၊ စားကျက်မြေ ၁၇ ခု၊ မြေ ၅ ဧကနဲ့အထက် မြေငှားဂရန် ၃၁ ခု၊ မြေ ၅ ဧကအောက် မြေငှားဂရန် ၁၄၅၂ ခုနဲ့ ကျေးရွာမြေငှားဂရန် ၄၇၂၉ ခု တို့ကို ထုတ်ပေးနိုင်ခဲ့ပါတယ်။

### ယစ်မျိုးမူဝါဒကို ချမှတ်ဆောင်ရွက်

ယစ်မျိုးစီမံခန့်ခွဲခြင်းအနေနဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ယစ်မျိုးစီမံခန့်ခွဲမှု စနစ်တကျဖြစ်စေရေးဆိုတဲ့ ရည်မှန်းချက်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ အရက်သေစာသောက်စားခြင်း အလေ့အထ ပြန့်ပွားခြင်းကို အားပေးခြင်းမရှိစေရန် ယစ်မျိုးမူဝါဒကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

တစ်နိုင်ငံလုံးမှာ ယစ်မျိုးလိုင်စင် အရေအတွက် ၄၁၁၃၁ ခုကို ခွင့်ပြုချထားပေးခဲ့ပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့ အခွန်ငွေတွေ အပြည့်အဝရရှိစေရန်၊ လိုင်စင်မဲ့ဆောင်ရွက်မှုကို ဥပဒေနဲ့အညီ စနစ်တကျ အရေးယူနိုင်ဖို့အတွက် ယစ်မျိုးလိုင်စင်ခွန်တွေ တိုးမြှင့်ကောက်ခံရေးနဲ့ စိစစ်ကြပ်မတ်ရေးအဖွဲ့ (Task Force) တွေကို မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ဗဟိုအဆင့်တွေ ဖွဲ့စည်းပြီး ပညာပေးဆွေးနွေးခြင်း နည်းလမ်း၊ စီမံခန့်ခွဲရေးနည်းလမ်း၊ အုပ်ချုပ်ရေး နည်းလမ်းတွေနဲ့ အဆင့်ဆင့်ကြပ်မတ် ဆောင်ရွက်လျက်ရှိပါတယ်။

အခွန် (၄) မျိုး ကောက်ခံခြင်းအနေနဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက လျာထားချက်ပြည့်မီကျော်လွန်အောင် ကောက်ခံရေးဆိုတဲ့ ရည်မှန်းချက်ကို ချမှတ်ပြီး ယစ်မျိုးခွန်၊ မြေခွန်၊ တာတမံခွန်နဲ့ ဓာတ်သတ္တုခွန်တွေကို နှစ်စဉ်ကောက်ခံဆောင်ရွက်ပေးလျက် ရှိပါတယ်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟာ ကျေးလက်ဒေသတွေမှာ နေထိုင်ကြတဲ့ လုပ်သားပြည်သူတွေရဲ့ စီးပွားရေးနဲ့ လူမှုရေး အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်၊ လူအများရဲ့ အကျိုးကိုမျှော်ကိုးပြီး လူအများက စိတ်ပါဝင်စားစွာဖြင့် ကိုယ်ပိုင်ငွေအား၊ ကိုယ်ပိုင်ပစ္စည်းအား၊ ကိုယ်ပိုင်ဉာဏစွမ်းအားတို့နဲ့ ပူးပေါင်းဆောင်ရွက်လာစေရန်နဲ့ နိုင်ငံသားတိုင်းဟာ ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်ထူးကိုယ်ချွန်၊ ကိုယ့်ဝန်ကိုယ်ထမ်း စိတ်ဓာတ်နဲ့ မိမိတို့ရဲ့ သာယာဝပြောတဲ့ ဘဝသစ်ကို မိမိတို့ကိုယ်တိုင် ဖန်တီးလိုစိတ် ဖြစ်ပေါ်လာစေရန် ရည်ရွယ်ပြီး စိုက်ပျိုးရေးနဲ့ လယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်း၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ကျေးရွာရေရရှိရေးလုပ်ငန်း၊ အခြားစီးပွားရေးဆိုင်ရာလုပ်ငန်းနဲ့ လူမှုရေးဆိုင်ရာလုပ်ငန်းတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်သန်းပေါင်း ၁၂၉ သန်း၊ ပြည်သူလူထုထည့်ဝင်ငွေကျပ်သန်းပေါင်း ၆၂ ဒသမ ၅၀ နဲ့ လုပ်ငန်းသစ် ၃၉ ခုနဲ့ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ၄ ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် ကျေးလက်နေ ပြည်သူတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေးနဲ့ လယ်ယာမြေဖော်ထုတ်ရေး၊ အခြားစီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုဘဝ တိုးတက်မြင့်မားရေးကို များစွာအထောက်အကူဖြစ်လာမှာ ဖြစ်ပါတယ်။

### ပင်မလုပ်ငန်းတာဝန်

အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရဲ့ ပင်မလုပ်ငန်းတာဝန်မှာ ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်တွေ ချီးမြှင့်ထိုက်သူကို ချီးမြှင့်ရေး လုပ်ငန်းလည်း ပါဝင်ပါတယ်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တည်ဆောက်ရာမှာ ထူးကဲစွာ ဆောင်ရွက်ခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေ၊ ဒို့တာဝန် အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့တဲ့ ပုဂ္ဂိုလ်တွေ၊ နယ်ဘက်နဲ့ စစ်ဘက်ဆိုင်ရာတို့တွင် တိုင်းကျိုးပြည်ကျိုးကို အများနဲ့မတူအောင် ထူးခြားစွာစွမ်းဆောင်နိုင်ခဲ့ကြသော ပုဂ္ဂိုလ်တွေ၊ နိုင်ငံနဲ့ လူမျိုးအတွက် သိပ္ပံပညာ၊ ဝိဇ္ဇာပညာနဲ့ အခြားသော ပညာရပ်တစ်ခုခုမှာ ကမ္ဘာ့အဆင့်မီ အောင်အောင်မြင်မြင် တီထွင်ဖန်တီးစွမ်းဆောင်နိုင်တဲ့ ပုဂ္ဂိုလ်တွေ၊ စာပေနဲ့ အနုသုခုမ ပညာရပ်တွေမှာ ထူးခြားကောင်းမွန်စွာ တတ်မြောက်တဲ့ ပုဂ္ဂိုလ်တွေ၊ နိုင်ငံတော်နဲ့ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ကြတဲ့ နိုင်ငံခြား ခေါင်းဆောင်တွေ၊ နိုင်ငံခြားသံတမန်တွေနဲ့ ပုဂ္ဂိုလ်တွေကို ဂုဏ်ထူးဆောင်ဘွဲ့နဲ့ တံဆိပ်တွေ ချီးမြှင့်ပေးအပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာမှာ စတုတ္ထ (၁) နှစ်တာ ကာလအတွင်း သရေစည်သူဘွဲ့ ၁ ဦး၊ သီဟသူရဘွဲ့ ၁ ဦး၊ သူရဘွဲ့ ၃ ဦး၊ ဇေယျကျော်ထင်ဘွဲ့ ၁၁ ဦး၊ အလင်္ကာကျော်စွာဘွဲ့ ၁ ဦး၊ သိပ္ပကျော်စွာဘွဲ့ ၃ ဦး၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ၉ ဦး၊ မြန်မာနိုင်ငံ စစ်မှုထမ်းသင်္ဂဟတံဆိပ် ၁၅၄၈ ဦး၊ စစ်မှုထမ်းကောင်းတံဆိပ် ၂၃၃၃ ဦး၊ ပြည်သူ့သားကောင်းတံဆိပ် ၁၆၃ ဦး၊ ရဲဗလတံဆိပ် ၅ ဦး၊ ရဲသူရိန်တံဆိပ် ၈ ဦး၊ ရဲကျော်စွာတံဆိပ် ၇ ဦး၊ ရဲမှုထမ်းကောင်းတံဆိပ် ၂၂၃ ဦး၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ် ၈၄၀၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ် ၁၃၀၀၄ ဦး၊ ပြည်သူ့ဝန်ထမ်းတံဆိပ် ၃၀၀၉၈ ဦးနဲ့ ငြိမ်ဝပ်ပိပြားရေးနဲ့ တရားဥပဒေစိုးမိုးရေး တံဆိပ် ၇၉၅၄၇ ဦးကို ချီးမြှင့်အပ်နှင်း ပေးနိုင်ခဲ့ပါတယ်။

### ကြိုးပမ်းဆောင်ရွက်လျက်ရှိ

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေ လုပ်ငန်းတာဝန်တွေ ဆောင်ရွက်ရာတွင် နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးယန္တရား သွက်လက်ထက်မြက်စေဖို့ အတွက် စံ ၅ ရပ်နဲ့ ပြည့်စုံတဲ့ ဝန်ထမ်းကောင်းတွေဖြစ်အောင် အမြဲမပြတ် လေ့ကျင့်ပေးရေး၊ နိုင်ငံတော်မှ ချမှတ်ထားတဲ့ မူဝါဒ၊ အခြေခံသဘောတရား၊ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဆောင်ရွက်တတ်တဲ့ အလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်ပေးရေး၊ သတင်းအချက်အလက်နဲ့ နည်းပညာဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ လုပ်ငန်းစွမ်းဆောင်ရည်တိုးမြှင့်ရေး၊ ခေါင်းဆောင်မှုပညာ၊ အုပ်ချုပ်ရေးပညာ၊ စီမံခန့်ခွဲရေးပညာရပ်တွေနဲ့ ကျွမ်းကျင်ပြည့်စုံတဲ့ အုပ်ချုပ်ရေးမှူးကောင်းတွေကို လေ့ကျင့်သင်ကြားမွေးထုတ်ပေးနိုင်ဖို့ ရည်ရွယ်ပြီး ဗဟိုဝန်ထမ်းတက္ကသိုလ်၊ အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်းနဲ့ အခြားဝန်ကြီးဌာနတွေက ဖွင့်လှစ်တဲ့ သင်တန်းတွေကို တက်ရောက်စေပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟာ ပြည်သူနဲ့ အတူ “Together with the People” ဆိုတဲ့ အစိုးရရဲ့ ဆောင်ပုဒ်နဲ့အညီ ဗဟိုချုပ်ကိုင်မှု လျှော့ချနိုင်စေဖို့ အောက်ခြေအဆင့်ဝန်ထမ်းတွေကို စွမ်းဆောင်ရည်မြင့်မားအောင် ဆောင်ရွက်ပေးပြီး ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ်ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့၊ ပြည်သူလူထုကို ထိရောက်တဲ့ ဝန်ဆောင်မှုတွေပေးနိုင်ဖို့ အစဉ်တစိုက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်လို့ လေးစားစွာတင်ပြအပ်ပါတယ်။